စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

## အမှတ်စဉ် ၄/၂၀၂၆

**၂၀၂၆ ခုနှစ်၊ ဧပြီလ သတင်းခေါင်းစဉ်များ**

**ပြည်တွင်းဈေးကွက်**

- သဲကုန်းမြို့နယ်တွင် မတ်ပဲ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ
- မြို့သစ်မြို့နယ်မှ ဒေသထွက်မန်ကျည်းသီးများဈေးကောင်းရရှိ
- ထားဝယ်မြို့တွင် နာနတ်သီး ထွက်ရှိမှုနှင့် ဈေးကွက်အခြေအနေတည်ငြိမ်
- ညောင်တုန်းမြို့နယ် ဧရာတ်စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်ဖြစ်ထွန်းနေ
- ထားဝယ်မြို့ရှိ ပုစွန်ခြောက်ဈေးနှုန်း၊ ထွက်ရှိမှုနှင့် တင်ပို့မှုအခြေအနေ

**နိုင်ငံတကာဈေးကွက်**

- ၂၀၂၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် ၅ နှစ်တာကာလတွင် အနိမ့်ဆုံးဖြစ်နိုင်ကြောင်း ထိုင်းဆန်ပို့ကုန် လုပ်ငန်းရှင်များအသင်းက ခန့်မှန်းထား
- ဆော်ဒီအာရေးဗီးယားသို့ ဆန်တန်ချိန် ၂,၂၈၀ ပထမဆုံး တင်ပို့ခဲ့သည့် အင်ဒိုနီးရှား
- ဆန်ဝယ်လိုအား မြင့်တက်နေမှုနှင့် ပြောင်းလဲလာသောပို့ကုန်မူဝါဒများကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်း ၁၁ ရာခိုင်နှုန်း မြင့်တက်
- ထိုင်းနိုင်ငံ၊ဝန်ကြီးချုပ် Anutin Charnvirakul နှင့်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Suphajee Suthumpun တို့သည်ဆန်တန်ချိန် ၅၀၀,၀၀၀ တင်ပို့ရန်ထိုင်းနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီးနှင့်တွေ့ဆုံဆွေးနွေးခဲ့
- အီရန်အကျပ်အတည်းကြောင့် အိန္ဒိယ၏ဆန်တင်ပို့မှုထိခိုက်နေပြီး ပို့ကုန်လုပ်ငန်းရှင်များက အစိုးရထံမှ အရေးပေါ် ကူညီထောက်ပံ့မှုများ တောင်းဆို
- အိန္ဒိယနိုင်ငံသည် အီရန်ပဋိပက္ခနှင့် အယ်လ်နီညို (ElNino) ခန့်မှန်းချက်များကြောင့် ၎င်း၏ ပဲမျိုးစုံ အကောက်ခွန် လွတ်တင်သွင်းခွင့်ကို မတ်လ ၃၁ ရက်နေ့နောက်ပိုင်းတွင် ထပ်မံသက်တမ်းတိုးဖွယ်ရှိနေ
- ပထဝီနိုင်ငံရေးမသေချာမရေရာမှုများကြား စားအုန်းဆီကြမ်း (CPO) ဈေးနှုန်းများ မကြာမီကာလတွင် တစ်တန်လျှင် မလေးရှားရင်းဂစ် ၄,၄၅၀ အထိ ဖြစ်ပေါ်လာနိုင်
- မလေးရှားနိုင်ငံရဲ့ စားအုန်းဆီလက်ကျန်သည် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ၌ ၃ ဒသမ ၉၄ သန်း မှ ၂ ဒသမ ၇ သန်းသို့ကျဆင်း သဘာဝရော်ဘာဈေးနှုန်းများ ၂၀၂၆ ခုနှစ်၌ မြင့်တက်မည်ဟု ANRPC ခန့်မှန်း
- ကင်ညာစိုက်ပျိုးရေးထွက်ကုန်များ တရုတ်ဈေးကွက်သို့ အခွန်လွတ်တင်ပို့ခွင့်ရရှိ
- ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနသည် ထိုင်းနိုင်ငံ၏ လယ်ယာသွင်းကုန်နှင့် ပို့ကုန်များအပေါ် အရှေ့အလယ်ပိုင်းတင်းမာမှုများ၏ သက်ရောက်

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁-၃၈၈၂၉၇
၀၁-၃၇၆၄၉၀
http://www.myantrade..org

မှုကို အနီးကပ်စောင့်ကြည့်လျက်ရှိ

- တရုတ်နိုင်ငံသို့ ပြည်ပမှအစားအစာထုတ်လုပ်တင်ပို့သူများအတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ စည်းမျဉ်းများကို ပြင်ဆင်မည်
- ဥရောပသမဂ္ဂ၏ ဂျုံတင်ပို့မှု ၈ ရာခိုင်နှုန်း မြင့်တက်ကာ မက်ထရစ်တန် ၁၆ ဒသမ ၇၇ သန်းတန်အထိ ရှိလာ
- ဗီယက်နမ်နိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် သီဟိုဠ်စေ့လုပ်ငန်းမှ ပို့ကုန်ဝင်ငွေ ဒေါ်လာ ၅ ဘီလီယံရရှိရန် ရည်မှန်းထား
- တူနာငါးတင်ပို့မှုအရှိန်အဟုန်ကောင်းကို ထိန်းသိမ်းနိုင်ခဲ့သည့် ဗီယက်နမ်
- ထိုင်းနိုင်ငံ၌ ကုန်စည် ၅၉ မျိုးအပေါ် စောင့်ကြည့်လျက်ရှိပြီး လောင်စာဆီလုံလောက်စွာရှိသည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E Mrs. Suphajee Suthumpun က ပြောကြားခဲ့
- အထည်ချုပ်ပို့ကုန်ဈေးကွက်တွင် ဗီယက်နမ်၏ လက်ဦးမှုကြောင့် ဖိအားများနှင့် ရင်ဆိုင်နေရသော ဘင်္ဂလားဒေ့ရှ်
- အမေရိကန်နှင့် အန်ဂိုလာတို့မှ ရေနံစိမ်းများကြောင့် ထိုင်းနိုင်ငံ၏ လောင်စာလုံလောက်မှုရှိနေသေးကြောင်း စွမ်းအင်ဝန်ကြီး H.E Mr. Auttapol Rerkpiboon က ပြောကြားခဲ့
- အနောက်အာရှအကျပ်အတည်း လောင်စာဆီထောက်ပံ့မှုတည်ငြိမ်ကြောင်း အိန္ဒိယအစိုးရပြောကြားပြီး အိမ်သုံး လောင်စာဓာတ်ငွေ့(**LPG**) မှာယူမှု ၇၇ သိန်းအထိလျော့ကျသွား
- တန်ဇန်းနီးယားပျားရည် နိုင်ငံတကာ အရည်အသွေးစစ်ဆေးမှုအောင်မြင်
- တရုတ်နိုင်ငံတွင် ဝါးသည် ပလတ်စတစ်ညစ်ညမ်းမှုကို ထိန်းချုပ်ရန် ကူညီပေးလျက်ရှိ
- ၂၀၂၆ ခုနှစ်အစတွင် အမေရိကန်နှင့် တရုတ်ဈေးကွက်များမှ အပြုသဘောဆောင်သည့် လက္ခဏာများ ရရှိခဲ့သည့် ဗီယက်နမ်ပုစွန်တင်ပို့မှု
- ကမ္ဘောဒီးယားနိုင်ငံ၏ ဒေသဆိုင်ရာအညွှန်း (**GI**) ရရှိပြီးသော ငရုတ်ကောင်း အားကောင်းခိုင်မာစေရေး မဟာဗျူဟာ ချမှတ်
- ရာသီချိန်မဟုတ်သော ဒူးရင်းသီးဈေးနှုန်းများ ဗီယက်နမ်နှစ်သစ်ကူးနောက်ပိုင်း သုံးနှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိ
- အင်ဒိုနီးရှားနိုင်ငံက ၂၀၂၆ ခုနှစ်အတွင်း သကြားတန်ချိန် သုံးသန်းထုတ်လုပ်ရန် ရည်မှန်းထား
- ၂၀၃၀ ပြည့်နှစ်တွင် သစ်ထုတ်ကုန်တင်ပို့မှုမှ ရင်းဂစ် ၃၂ ဒသမ ၈ ဘီလီယံရရှိရန် မလေးရှား ရည်မှန်း

## ပြည်တွင်းကုန်သွယ်မှုသတင်း

- အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ ရှိ လက်မှုအနုပညာပစ္စည်းကဏ္ဍ အကောင်အထည်ဖော်ရေး ညှိနှိုင်း အစည်းအဝေးကျင်းပခြင်း
- အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ ရော်ဘာလုပ်ငန်းကဏ္ဍ အကောင်အထည်ဖော်ရေး ညှိနှိုင်း အစည်းအဝေးကျင်းပခြင်း

## ပြည်ပကုန်သွယ်မှုသတင်း

- ဆန်ကို ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းနေ
- ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ရော်ဘာပို့ကုန်မှဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ နီးပါး ခန့် ရရှိလာ
- ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၌ ရင်းနှီးမြှုပ်နှံရန် နိုင်ငံအချို့ စိတ်ဝင်စား

**အထူးဆောင်းပါးများ**

- အရှေ့ပေါ် အရေးယူဆောင်ရွက်မှုများ မရှိပါက ဥရောပ၏ ဆန်စပါးထုတ်လုပ်မှုမှာ စိုးရိမ်ရသည့် အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း ထုတ်လုပ်သူများ ပြောကြား
- အရှေ့အလယ်ပိုင်းအကျပ်အတည်းသည် ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ကုန်သွယ်မှုအလားအလာကို ခြိမ်းခြောက်နေကြောင်း ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ သတိပေးထား

**ကုန်သွယ်မှုအခြေအနေ**

**ကုန်စည်စျေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### သဲကုန်းမြို့နယ်တွင် မတ်ပဲ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

ပဲခူးတိုင်းဒေသကြီး(အနောက်)၊ နတ်တလင်းခရိုင်၊ သဲကုန်းမြို့နယ် ညောင်ဝန်းအုပ်စု၊ ညောင်ဝန်းရွာတွင် ဆောင်းသီးနှံ ပဲမျိုးစုံနှင့် ဟင်းသီးဟင်းရွက်သီးနှံများကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိရာ မတ်ပဲသီးနှံကို စိုက်ဧက ၄၀၀ ခန့် စိုက်ပျိုးကြောင်း သိရသည်။

မတ်ပဲသီးနှံ(ဆောင်း)ကို နိုဝင်ဘာလတွင် စတင်စိုက်ပျိုး၍ စိုက်ပျိုးပြီး ၃ လကျော်အကြာတွင် ရိတ်သိမ်းရကြောင်း မျိုးအနေဖြင့် ဒေသအခေါ် စာပါးစပ်ပဲနှင့် ပဲကစွန်းမျိုးများကို ထွန်ယက်၊ ကျဲပက် စိုက်ပျိုးကြပြီး တစ်ဧက မျိုး ၂ တင်းခန့် စိုက်ပျိုးရကြောင်း စိုက်ပျိုးကုန်ကျစရိတ်အနေဖြင့် မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ ရိတ်သိမ်းခ၊ လုပ်သားခအပါအဝင် တစ်ဧက စုစုပေါင်း ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧက ၁၇-၁၉ တင်းခန့်ထွက်ရှိရာ မြေအနေထား နှင့် သီးနှံအထွက်နှုန်းအပေါ်မူတည်၍ အထွက်နှုန်းများကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ၂၀၂၆ ခုနှစ် မတ်လ တတိယ ပတ်၌ တစ်တင်းလျှင် ငွေကျပ် ၉၇,၀၀၀-၉၉,၀၀၀ ဖြင့် ရောင်းချရပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၈ သိန်း ကျော် ခန့်ရရှိကြောင်း ဈေးကွက်အနေဖြင့် သဲကုန်းမြို့နယ်ပွဲရုံများသို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ကားများဖြင့် ရန်ကုန်မြို့သို့ တင်ပို့ကြောင်း သိရသည်။ Source: https://www.doca.gov.mm/my/node/64607

### မြို့သစ်မြို့နယ်မှ ဒေသထွက်မန်ကျည်းသီးများဈေးကောင်းရရှိ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်တွင် မန်ကျည်းသီးအဝယ်ဒိုင်သို့ မန်ကျည်းသီးများ ပုံမှန်ဝင်ရောက်လျက်ရှိပြီး မန်ကျည်းသီးဈေးမြင့်တက်နေကြောင်း မန်ကျည်းသီးဝယ်ယူသူတစ်ဦးထံမှ သိရသည်။ အညာဒေသတွင် မန်ကျည်းပင်များကိုစိုက်ပျိုးခြင်းမရှိဘဲ အလေ့ကျမန်ကျည်းပင်များကို ယာပိုင်ရှင်၊ အိမ်ပိုင်ရှင်များကပြုပြင်ကာ အပွင့်ပွင့်၊ အသီးသီး ရင့်မှည့်ချိန်တွင် မန်ကျည်းပင်အောက်၌ ပေါင်းမြက်ရှင်းလင်းကာ မန်ကျည်းသီးများ ဆွတ်ခူးပုတ်ယူရောင်းချလျက်ရှိသည်။

မြို့သစ်မြို့နယ်အတွင်း ကျေးလက်တောင်သူများသည် တောင်သူလုပ်ငန်းနားချိန်တွင် အလေ့ကျမန်ကျည်းပင်များက မိသားစုတစ်ဖက်တစ်လမ်းမှ ဝင်ငွေဖြည့်ဆည်းပေးနေသဖြင့် အလေ့ကျပဒေသာပင်ဖြစ်ကြောင်း၊ အသီးသီးပြီးလျှင်လည်း မန်ကျည်းကိုင်းများကိုခုတ်ကာ ထင်းအဖြစ်အသုံးပြုကြကြောင်းနှင့် မန်ကျည်းသီးပင်များအား တစ်သီးသီးပြီးတိုင်း အကိုင်း၊ အခက်များကိုခုတ်ပေးမှသာ မန်ကျည်းသီးပင်များ အညွန့်၊ အကိုင်းအထွက်သန်ကာ နောက်တစ်ကြိမ်ပြန်လည် အပွင့်ပွင့်၊ အသီးသီးချိန်တွင် မန်ကျည်းသီးများမှာ အလုံးထွားမည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

မန်ကျည်းသီးကောက်ယူရောင်းချသော တောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိပြီး ပွဲစားများအနေဖြင့်လည်း မန်ကျည်းသီးများအားဝယ်ယူ၍ သိုလှောင်ထားပါက အဆင်ပြေမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် မန်ကျည်းသီး ၁ ပိဿာလျှင် ကျပ် ၂,၀၀၀-၂,၇၀၀ ဖြင့် ဝယ်ယူရသည်ဟု မန်ကျည်းသီး ဝယ်ယူသူတစ်ဦးထံမှသိရသည်။ တောင်သူများအနေဖြင့်လည်း တစ်နေကုန်ကောက်လျှင် ပိဿာချိန် ၃၀ ပိဿာဝန်းကျင်ရရှိသည့်အတွက် မိသားစုအတွက်လည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေ ရရှိပါသည်ဟု မြို့သစ်မြို့နယ်မှ မန်ကျည်းသီးကောက်ယူ ရောင်းချနေသူ တစ်ဦးထံမှ သိရသည်။

မြို့သစ်မြို့နယ်တွင် မန်ကျည်းပင်အမြောက်အမြားရှိကြပြီး မန်ကျည်းသီးမှည့်များစတင် ဆွတ်ခူး ရောင်းချချိန်တွင် ၁ ပိဿာလျှင် ကျပ် ၂,၀၀၀ ဖြင့် စတင်ရောင်းချခဲ့ရာမှ မန်ကျည်းသီးများလှိုင်လှိုင် ပေါ်ချိန်တွင် ၁ ပိဿာလျှင် ကျပ် ၂,၇၀၀ ဖြင့် ရောင်းချရသောကြောင့် မန်ကျည်းသီးရောင်းချသူများမှာ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

Source: https://www.doca.gov.mm/my/node/64567

## ထားဝယ်မြို့တွင် နာနတ်သီး ထွက်ရှိမှုနှင့် ဈေးကွက်အခြေအနေတည်ငြိမ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နှင့် အနီးအနားဒေသများတွင် နာနတ်သီး ထွက်ရှိမှုနှင့် ဈေးကွက်အခြေအနေမှာ ယခုကာလတွင် တည်ငြိမ်နေကြောင်း ဒေသခံကုန်သည်များထံမှ သိရသည်။ နာနတ်သီးကို ထားဝယ်မြို့နယ်ရှိ ကျေးရွာအများစုတွင် စိုက်ပျိုးထွက်ရှိကြပြီး ရာသီအလိုက် ထွက်ရှိမှုကွာခြားမှုရှိသည်။ ဒေသထွက်နာနတ်သီးများ မလုံလောက်သည့်အချိန်များတွင် မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်ဘက်မှ နာနတ်သီးများကို ထပ်မံတင်သွင်းရကြောင်း သိရသည်။ ထိုသို့တင်သွင်းမှုရှိခြင်းကြောင့် ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု မဖြစ်ပေါ်သော်လည်း သယ်ယူပို့ဆောင်ခများအပေါ် မူတည်၍ ဈေးနှုန်းအနည်းငယ်မြင့်တက်နိုင်ကြောင်း ကုန်သည်များကပြောကြားသည်။ စားသုံးမှုဘက်တွင် နာနတ်သီးကို လတ်ဆတ်သီးအဖြစ် သာမက အသီးဖျော်ရည်၊ ဟင်းချက်ရာတွင် အချဉ်အရသာထည့်သွင်းရန်အတွက် အသုံးပြုမှုများပြားသဖြင့် ဒေသတွင်း စားသုံးမှုများပြားလျက်ရှိသည်။

လက်ရှိဈေးနှုန်းအနေဖြင့် နာနတ်သီး တစ်လုံးလျှင် အရွယ်အစားနှင့် အရည်အသွေးအလိုက် ၁,၅၀၀ ကျပ်မှ ၄,၀၀၀ ကျပ်အတွင်းရောင်းချလျက်ရှိကြောင်း သိရသည်။ ဒေသထွက်များပြားလာသည့်ကာလများတွင် ဈေးနှုန်းကျဆင်းတတ်ပြီး တင်သွင်းမှုအပေါ် မူတည်ရသည့်ကာလများတွင် ဈေးနှုန်းများ တက်နိုင်ကြောင်း သိရသည်။

Source:https://www.doca.gov.mm/my/node/64550

## ညောင်တုန်းမြို့နယ် ငရုတ်စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်ဖြစ်ထွန်းနေ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်သည် ငရုတ်စိုက်ပျိုးထုတ်လုပ်မှု အများဆုံးအောင်မြင်နေသောဒေသတစ်ခုဖြစ်သည်။ ထို့ပြင် ညောင်တုန်းမြို့နယ်နှင့် အနီးအနားမြို့များဖြစ်သည့် ပန်းတနော်၊ ဓနုဖြူ၊ မအူပင်၊ ဝါးခယ်မ၊ ဇလွန်၊ ဟင်္သာတမြို့များထိ တိုးချဲ့စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း ငရုတ်စိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ "ခင်" ငရုတ်ရောင်းဝယ်ရေးပိုင်ရှင်ဦးဌေးဝင်း၏ ပြောကြားချက်အရ သိရသည်။ ငရုတ်သီးနှံကို ညောင်တုန်းမြို့နယ်တွင် စိုက်ဧက ၂၄၈၀ ဧကစိုက်ပျိုးကြောင်း နယ်မြေစာရင်းများအရ သိရသည်။

စားသုံးသူရေးရာဦးစီးဌာနမှ ညောင်တုန်းမြို့နယ် ဦးအောင်လွင်နှင့် ဝန်ထမ်းများသည် မတ်လ ၁၃ ရက်နေ့တွင် ငရုတ်စိုက်ပျိုးထုတ်လုပ်မှုအား ကွင်းဆင်းလေ့လာစိစစ်ခဲ့သည်။ ငရုတ်စိုက်ပျိုးရောင်းဝယ်ရေးခြံတွင် စိုက်ပျိုးထုတ်လုပ်သော ငရုတ်မျိုးများမှာ မိုးထောင်နှင့် အောက်ဆွဲမျိုးများစိုက်ပျိုးထုတ်လုပ်ကြောင်း သိရသည်။ စိုက်ပျိုးမှု ကုန်ကျစရိတ် မြေပြင်ခ၊ မျိုးစေ့ခ၊ ကုန်ကျစရိတ်တစ်ဧကလျှင် ကျပ် ၂၅ သိန်းခန့်ကုန်ကျနိုင်ပြီး စိုက်ပျိုးပြီးငရုတ်ခူးဆွပ်ချိန် ၄ လအကြာတွင် ငရုတ်ထွက်ရှိကြောင်း လေးလအတွင်း တစ်လနှစ်ကြိမ်နှုန်းဖြင့် ရှစ်ကြိမ် ခူးဆွတ်နိုင်ကြောင်း သိရသည်။ ငရုတ်သီးများကို တစ်ကြိမ်ဆွတ်ခူးပြီးတိုင် အပင်အားဆေး၊ အသီးအားဆေး၊ သွင်းအားစုများကို စနစ်တကျအသုံးပြု ဆောင်ရွက်ရပြီး ငရုတ်သီးခူးပြီးတိုင်း ဆောင်ရွက်ရသဖြင့် ခူးဆွတ်ပြီးသွင်းအားစုအသုံးပြုမှု စုစုပေါင်းခန့်မှန်းကုန်ကျစရိတ်မှာ ၃၅ သိန်းခန့်ရှိကြောင်း ထပ်မံရှင်းပြသည်။

လေးလအတွင်း ခူးဆွတ်ပြီး ငရုတ်သီးအစို ပိဿာ ၃,၀၀၀ ခန့်ရရှိပြီး အစိုတစ်ပိဿာလျှင် ကျပ် ၃,၀၀၀ နှုန်းဖြင့် ရောင်းချရပြီး ကျပ်သိန်း ၉၀ ခန့်ရရှိသဖြင့် တစ်ဧက ကျပ်သိန်း ၅၅ ခန့် အကျိုးအမြတ်ရရှိကြောင်း ငရုတ်အသင်း ဥက္ကဋ္ဌ ဦးဌေးဝင်း၏ပြောပြချက်အရသိရသည်။ ယခင်နှစ် ၂၀၂၃ခုနှစ် က ကုန်ကျစရိတ်မှာ ၅၅သိန်းခန့်သာရှိပြီး ငရုတ်အစိုဈေးမှာလည်း ၁ပိဿာ ၂,၀၀၀ ကျပ်ခန့်သာရရှိခဲ့သည်။ ယခုနှစ်များတွင် ကုန်ကြမ်းဈေးများမြင့်တက်လာသလို ငရုတ်အစိုဈေးလည်း ကောင်းမွန်လာ၍ အကျိုးအမြတ်ပိုမိုကျန်ရှိကြောင်း လေ့လာသိရှိရပါသည်။

Source:https://www.doca.gov.mm/my/node/64553

## ထားဝယ်မြို့ရှိ ပုစွန်ခြောက်ဈေးနှုန်း၊ ထွက်ရှိမှုနှင့် တင်ပို့မှုအခြေအနေ

တနင်္သာရီတိုင်းဒေသကြီး၏ လက်ရှိအချိန်တွင် ရာသီအလိုက် ပြောင်းလဲမှုများနှင့် ဈေးကွက်လိုအပ်ချက်အပေါ် မူတည်ကာ ဆက်လက်လှုပ်ရှားနေကြောင်း သိရသည်။ ပုစွန်ခြောက်ထုတ်လုပ်မှုအနေဖြင့် ပင်လယ်ထွက်ပုစွန်များရရှိမှုအပေါ် မူတည်ပြီး ဒီနှစ်အစပိုင်းတွင် ပုစွန်ဖမ်းဆီးရရှိမှု အနည်းငယ်လျော့နည်းနေသဖြင့် ပုစွန်ခြောက်ထွက်ရှိမှုမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက အနည်းငယ် ကျဆင်းနေကြောင်း ဒေသခံလုပ်ငန်းရှင်များက ပြောကြားသည်။ သို့သော် နွေရာသီကာလအတွင်း နေရောင်ပြင်းထန်မှုကြောင့် ခြောက်သွေ့အရည်အသွေးကောင်းမွန်သော ပုစွန်ခြောက်များ ထုတ်လုပ်နိုင်ခြင်းလည်း တွေ့ရသည်။

ဈေးနှုန်းအနေဖြင့် ပုစွန်ခြောက်အမျိုးအစား၊ အရွယ်အစားနှင့် အရည်အသွေးပေါ်မူတည်၍ တစ်ပိဿာလျှင် ကျပ် ၉၀,၀၀၀ မှ ၁၆၀,၀၀၀ အထိရှိနေပြီး အရွယ်ကြီး၊ အရည်အသွေးမြင့် ပုစွန်ခြောက်များမှာ ဈေးပိုမိုမြင့်တက်နေကြောင်း သိရသည်။ မကြာသေးမီကာလအတွင်း ကုန်ကြမ်းပုစွန်ဈေးတက်လာခြင်းနှင့် သယ်ယူပို့ဆောင်ရေးစရိတ်မြင့်တက်လာခြင်းတို့ကြောင့် ပုစွန်ခြောက်ဈေးနှုန်းများလည်း တဖြည်းဖြည်းမြင့်တက်လာသည်ဟုဆိုသည်။

တင်ပို့မှုအနေဖြင့် ထားဝယ်မြို့မှထွက်ရှိသော ပုစွန်ခြောက်များကို ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ကြီးများသို့ အဓိကပို့ဆောင်ရောင်းချနေပြီး ထိုင်းနိုင်ငံနှင့် နီးစပ်သည့်ဒေသများသို့လည်း နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တင်ပို့မှုများရှိနေကြောင်း သိရသည်။ သို့ရာတွင် နယ်စပ်ကုန်သွယ်ရေးတွင် စည်းမျဉ်းစည်းကမ်းများနှင့် သယ်ယူပို့ဆောင်ရေးအခက်အခဲများကြောင့် တင်ပို့မှုအချို့တွင် အခက်အခဲများလည်းကြုံတွေ့နေရပြီး ထားဝယ်မြို့ရှိ ပုစွန်ခြောက်ဈေးကွက်သည် ထွက်ရှိမှုအနည်းငယ်ကျဆင်းသော်လည်း ဈေးနှုန်းတိုးမြင့်နေကြောင်း သိရသည်။ Source:https://www.doca.gov.mm/my/node/64549

## နိုင်ငံတကာဈေးကွက်

### ၂၀၂၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် ၅ နှစ်တာကာလတွင် အနိမ့်ဆုံးဖြစ်နိုင်ကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းက ခန့်မှန်းထား

ဘတ်ငွေအားကောင်းကာ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အမေရိကန်၏ သွင်းကုန်ခွန်များကြောင့် ၂၀၂၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ဆန်တင်ပို့မှုသည် တန်ချိန် ၇ ဒသမ ၀၃ သန်းရှိဖြင့် ၅ နှစ်တာကာလတွင် အနိမ့်ဆုံးဖြစ်နိုင်သည်ဟု ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းက ခန့်မှန်းထားကြောင်း သိရသည်။

၂၀၂၆ ခုနှစ်တွင် ဘတ်ငွေ ၁၃၀ ဘီလီယံတန်ဖိုးရှိ ဆန်တန်ချိန် ၇ ဒသမ ၀၃ သန်းတင်ပို့ရန် ခန့်မှန်းထားပြီး ငွေလဲနှုန်းကိုလည်း အမေရိကန် ၁ ဒေါ်လာလျှင် ၃၃-၃၄ ဘတ်သို့ရောက်ရှိရန် အစိုးရအား တိုက်တွန်းထားကြောင်း၊ စံပယ်ဆန်သည် ကမ္ဘာ့ဈေးအကြီးဆုံးဖြစ်လာနိုင်ပြီး အဓိကဈေးကွက်၏ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းကြား ဆုံးရှုံးနိုင်ကြောင်း၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် စုစုပေါင်း တန်ချိန် ၅၃၀,၂၈၇ ရှိပြီး ယခင်နှစ် အလားတူလတွင် တန်ချိန် ၆၄၃,၁၄၄ ရှိရာမှ ၁၇ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ပို့ကုန်တန်ဖိုးမှာ ဘတ် ၉ ဒသမ ၇၀၇ ဘီလီယံ၊ ၃၀ ဒသမ ၇ ရာခိုင်နှုန်းသို့မဟုတ် အမေရိကန်ဒေါ်လာ ၃၁၃ သန်း၊ ၂၃ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ကမ္ဘာ့ဆန်ဈေးကွက်အတွင်း ဈေးနှုန်းဖိအားနှင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှုကို ထင်ဟပ်စေကြောင်း၊ အဓိကအချက်မှာ ထိုင်းဘတ်ငွေသည် အမေရိကန် ၁ ဒေါ်လာလျှင် ၃၃ ဘတ် - ၃၄ ဘတ်ခန့်မှ ၃၁ ဘတ်အထိအားကောင်းလာသောကြောင့် ထိုင်းဆန်ကို ပြိုင်ဘက်များထက် ဈေးနှုန်းပိုမိုကြီးမြင့်စေသဖြင့် ယှဉ်ပြိုင်နိုင်စွမ်းကို ကျဆင်းစေကြောင်း အသင်းဥက္ကဋ္ဌ Mr. Charoen Laothamatas က သုံးသပ်ပြောကြားခဲ့သည်။

ဆန်အမျိုးအစားအလိုက် တင်ပို့မှုကျဆင်းမှုများမှာ ဆန်ဖြူ ၂၃၉,၁၉၂ တန်(ကျဆင်း ၁၄ ဒသမ ၈ ရာခိုင်နှုန်း)၊ နောက်တွင် စံပယ်ဆန် ၁၂၀,၉၁၃ တန် (၈ ဒသမ ၄ ရာခိုင်နှုန်း)၊ ပေါင်းဆန် ၇၂,၄၆၂ တန်(အောက်) ၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် ထိုင်းဆန်မွှေးဆန်မှာ ၂၉,၃၉၀ တန်(၃ ရာခိုင်နှုန်း)၊ တစ်ချိန်တည်းတွင် ကောက်ညှင်းဆန်နှင့် စံပယ်ဆန်ကွဲများ ကျယ်ပြန့်လာကာ အလားအလာရှိနေဆဲဖြစ်သော ဈေးကွက်ဝယ်လိုအားကို ထင်ဟပ်စေကြောင်း၊ ဇန်နဝါရီလတွင် အဓိကဈေးကွက်များတွင် အီရတ်၊ အမေရိကန်၊ တောင်အာဖရိက၊ မလေးရှား၊ အန်ဂိုလာ၊ ကင်မရွန်း၊ ဆီနီဂေါ၊ တရုတ်၊ ဖိလစ်ပိုင်နှင့် ဟောင်ကောင်တို့ပါဝင်ပြီး အီရတ်နှင့် အမေရိကန်တို့၏ သွင်းကုန်များသိသိသာသာကျဆင်းခဲ့ကြောင်း၊ မလေးရှားတင်သွင်းမှု ၁၁၆ ဒသမ ၉ ရာခိုင်နှုန်းနှင့် တရုတ်တင်သွင်းမှု ၈၄ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်လာကာ ဈေးကွက်များပြန်လည်ဖွဲ့စည်းခြင်းနှင့် ဒေသအနှံ့ဝယ်လိုအားအပြောင်းအလဲများကို ညွှန်ပြနေကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

ပို့ကုန်ရလွယ်ကူသောငွေလဲနှုန်းမှာ ဘတ်ငွေ ၃၃ - ၃၄ ဘတ်ဝန်းကျင်ရှိသင့်သည်ဟု အခိုင်အမာပြောဆိုကာ အစိုးရသစ်မှ အားကောင်းသောဘတ်ငွေကို အရေးတကြီးဖြေရှင်းရန် အဆိုပြုခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ် အတွက် ပို့ကုန်တန်ချိန်ကို ၇ ဒသမ ၀၃ သန်းကိုရည်မှန်းထားပြီး ပို့ကုန်တန်ချိန် ၇ ဒသမ ၉ သန်းအထိရောက်ရှိခဲ့သည့် ၂၀၂၅ ခုနှစ်ကထက် ၁၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ပို့ကုန်တန်ဖိုးမှာ ခန့်မှန်းခြေ ဘတ် ၁၃၀ ဘီလီယံခန့် သို့မဟုတ် အကြမ်းဖျင်းအားဖြင့် အမေရိကန်ဒေါ်လာ ၄ ဘီလီယံဖြစ်သဖြင့် ၁၂ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၁၁ ဒသမ ၄ ရာခိုင်နှုန်း အသီးသီးကျဆင်းသွားခဲ့ရာ ၅ နှစ်အတွင်း အနိမ့်ဆုံး

အဆင့်အဖြစ် မှတ်တမ်းတင်ခဲ့ကြောင်း၊ ဆန်အမျိုးအစားအလိုက် ၂၀၂၆ ခုနှစ် မျှော်မှန်းတင်ပို့မှုမှာ ဆန်ဖြူတန်ချိန် ၂ ဒသမ ၉ သန်း၊ ပေါင်းဆန်တန်ချိန် ၁ ဒသမ ၃ သန်း၊ စံပယ်ဆန်တန်ချိန် ၁ ဒသမ ၃ သန်း၊ ထိုင်းဆန်မွှေးတန်ချိန် သုည ဒသမ ၄ သန်း၊ ကောက်ညှင်းဆန်တန်ချိန် သုည ဒသမ ၁၅ သန်း၊ ဆန်ကွဲနှင့် ဆန်ချော၊ ဆန်လုံးညို၊ အော်ဂဲနစ်ဆန်တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွင်း တင်ပို့မှုနှေးကွေးရခြင်း၏ အဓိကအကြောင်းရင်းများတွင် ထိုင်းဘတ်ငွေအားကောင်းခြင်းကြောင့်ဖြစ်ပြီး ထိုင်းဘတ်ငွေ ၁ ဘတ်မြင့်တက်လာတိုင်း ၅ ရာခိုင်နှုန်းဆန်ဖြူ ၁ တန်တွင် အမေရိကန် ဒေါ်လာ ၁၂ မှ ၁၅ ကြားနှင့် ဆန်မွှေး ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၃၀ မှ ၃၅ ကြား ဈေးနှုန်းမြင့်တက်စေရာ ဗီယက်နမ်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် ကမ္ဘောဒီးယားတို့နှင့် ယှဉ်ပြိုင်ရန် ပိုမိုခက်ခဲစေကြောင်း၊ ထိုင်းစပယ်ဆန်သည် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၁,၂၀၀ သို့ ရောက်ရှိခဲ့ရာ ဘာစမာတီဆန် ၁ တန်လျှင် အမေရိကန် ဒေါ်လာ ၉၇၀ ထက် ဈေးနှုန်းမြင့်မားပြီး ဗီယက်နမ်နှင့် ကမ္ဘောဒီးယားစသည့် ပြိုင်ဘက်များ ၏ ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၈၀၀-၈၃၀ ကြားတို့ထက် ပိုမိုဈေးနှုန်းမြင့်မားနေပါကြောင်း Mr. Charoen က ဖြည့်စွက် ပြောကြားခဲ့သည်။

ပုဒ်မ ၁၂၂ အရ အမေရိကန်၏ သွင်းကုန်အကောက်ခွန် တိုင်းတာမှုသည် ရက်ပေါင်း ၁၅၀ အတွင်း ယာယီအကောက်ခွန် ၁၅ ရာခိုင်နှုန်းစည်းကြပ်ခွင့်ပြုခြင်းသည် ယခင်က အကောက်ခွန်ဝန်ထုပ်ဝန်ပိုးမျှသာ ကြုံတွေ့ခဲ့ရသည့် ထိုင်းဆန်တင်ပို့မှုကို ထိခိုက်နိုင်ကြောင်း၊ အမေရိကန်ဆန်စက်လုပ်ငန်းမှ ဈေးနှုန်းထောက်ပံ့မှုများကြောင့် တိုင်ကြားခံရပြီးနောက် အနာဂတ်တွင် ကုန်သွယ်မှုဆိုင်ရာ ပုဒ်မ ၃၀၁ အရ လက်တုံ့ပြန်မည့် ဖြစ်နိုင်ခြေကို စောင့်ကြည့်နေကြောင်း၊ စည်းကြပ်ခွန်သက်ရောက်မှုကြောင့် ထိုင်းနိုင်ငံ၏ ထိပ်တန်းဈေးကွက်ဖြစ်သည့် အမေရိကန်သို့ တင်ပို့မှုကို ပုံမှန် ၁ နှစ်လျှင် စပယ်ဆန် တင်ပို့မှု၏ ၅၀ ရာခိုင်နှုန်း ခန့်ဖြစ်သော တန်ချိန် ၆၀၀,၀၀၀ မှ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ ကျဆင်းစေနိုင်မည်ဖြစ်ကြောင်း၊ အခြားသော ဖိအားများတွင် နိုင်ငံများစွာသည် ရိတ်သိမ်းမှုအားကောင်းသောကြောင့် ကမ္ဘာ့ဆန်ထောက်ပံ့မှုမြင့်တက်လာခြင်း၊ အင်ဒိုနီးရှား၏ ကြေညာချက်တွင် ဆန်အမျိုးအစားအားလုံး တင်သွင်းမှုကို ရပ်ဆိုင်းထားခြင်းနှင့် အိန္ဒိယ၏အထွက်နှုန်းမှာ တန်ချိန် ၁၅၂ သန်းရှိပြီး ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်ခြင်းတို့ဖြစ်ကြောင်း၊ နိုင်ငံအများအပြားရှိ စားနပ်ရိက္ခာ ဖူလုံရေးမူဝါဒများသည် ပြည်တွင်းထုတ်လုပ်မှုကို ပိုမိုတွန်းအားပေးနေပြီး သွင်းကုန်များအပေါ် မှီခိုအားထားမှုကို လျှော့ချလျက်ရှိကြောင်း၊ အယ်လ်နီညို ပြန်လည်ရောက်ရှိလာနိုင်ခြင်းသည် တစ်ခုတည်းသော အပြုသဘော ဆောင်သည့်အချက်ဖြစ်နိုင်ပြီး ပြင်းထန်သော မိုးခေါင်မှုကြောင့် ကမ္ဘာလုံးဆိုင်ရာ အထွက်နှုန်းကို ထိခိုက်ပါက အချို့နိုင်ငံများသည် သွင်းကုန်များအရှိန်မြှင့်လာနိုင်ကြောင်း၊ အသင်းအနေဖြင့် ပုဂ္ဂလိကကဏ္ဍအဆိုပြုချက်များ နှင့်အညီ ဆန်စပါးထုတ်လုပ်မှုနှင့် ဈေးကွက်ချဲ့ထွင်ရေးမူဝါဒကို တူညီသော ဦးတည်ချက်ဖြင့် သေချာစေရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနတို့အကြား ခိုင်မာသောထိုင်းဘတ်ငွေကို ကိုင်တွယ်ဖြေရှင်းရန် အစိုးရအား တောင်းဆိုခဲ့ကြောင်း သိရသည်။

Source: https://www.nationthailand.com/business/trade/40062995,(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_05032026_15:31

## ဆော်ဒီအာရေးဗီးယားသို့ ဆန်တန်ချိန် ၂,၂၈၀ ပထမဆုံး တင်ပို့ခဲ့သည့် အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံသည် ဆော်ဒီအာရေးဗီးယားသို့ ဆန်တန်ချိန် ၂၂၈၀ ကို စတင်တင်ပို့ လိုက်ပြီဖြစ်ပြီး ဟဂျ်ဘုရားဖူးခရီးစဉ်သို့သွားရောက်မည့် အင်ဒိုနီးရှားနိုင်ငံသားများအတွက် ပြည်တွင်းထုတ်ဆန်ကို ပထမဆုံးအကြိမ်အသုံးပြုထောက်ပံ့ခြင်းဖြစ်ကြောင်းသိရသည်။ စိုက်ပျိုးမွေးမြူရေးဝန်ကြီးဖြစ်သည့်အပြင် အမျိုးသားစားနပ်ရိက္ခာအေဂျင်စီ (Bapanas) အကြီးအကဲလည်းဖြစ်သူ Andi Amran Sulaiman က ထိုအောင်မြင်မှုသည် အစိုးရပိုင် ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီ Bulog နှင့် တစ်နိုင်ငံလုံးရှိစိုက်ပျိုးရေးသမားများ၏ ပူးပေါင်းကြိုးပမ်းမှုကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ Bulog ကုမ္ပဏီ၏ ဥက္ကဋ္ဌ Ahmad Rizal Ramdhani ကလည်း ယခုအစီအစဉ်သည် ကုန်သွယ်ရေးအောင်မြင်မှုတစ်ခုသာမက နိုင်ငံအတွက် ဂုဏ်သိက္ခာနှင့် ဂုဏ်ယူစရာအမှတ်အသားတစ်ခုလည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၎င်း၏ပြောကြားချက်အရ ဆန်များကိုအဆင့်လိုက်အသုတ်အသီးသီးဖြင့်တင်ပို့နေပြီး ပြည်တွင်းစိုက်ပျိုးရေးသမားများထံမှဝယ်ယူကာ အရည်အသွေးမြင့်ဆန်စက်များတွင် ပြုပြင်ထုတ်လုပ်ထားကြောင်း သိရသည်။

ထို့ပြင် အရည်အသွေးစံချိန်စံညွှန်းများကို ပြည့်မီစေရန် broken grain အချိုးအစားကို အများဆုံး ၅ ရာခိုင်နှုန်းသာ ရှိစေရန် ထိန်းသိမ်းထားသည်ဟု သိရသည်။ တင်ပို့သည့် ဆန်များအားလုံးသည် ဓာတ်ခွဲခန်း စမ်းသပ်မှုများကို အောင်မြင်စွာ ကျော်ဖြတ်ထားပြီး နိုင်ငံတကာပို့ကုန်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့်အပြင် ဟာလာအသိအမှတ်ပြုလက်မှတ်လည်း ရရှိထားကြောင်း သိရသည်။ ဟဂျ်နှင့် Umrah ဝန်ကြီးဌာနကလည်း မက္ကာနှင့် မဒီနာမြို့များရှိ အင်ဒိုနီးရှား ဟဂျ်ဘုရား ဖူးခရီးသည်များအတွက် အစားအသောက်ပြုလုပ်ပေးသည့် မီးဖိုချောင်များတွင် Bulog ဆန်ကိုသာ အသုံးပြုရန်သတ်မှတ်ထားကြောင်း သိရသည်။ ယင်းက အစားအသောက်ထောက်ပံ့မှုအပေါ် ယုံကြည်မှုနှင့် တည်ငြိမ်မှုရှိစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။ အာဏာပိုင်များက ယခုအစီအစဉ်သည် ပြည်တွင်းဆန်လုံလောက်မှုအပေါ် သက်ရောက်မှုမရှိကြောင်း အတည်ပြုထားပြီး လက်ရှိတွင်နိုင်ငံ၏ဆန်သိုလှောင်ပမာဏမှာ လုံလောက်စွာရှိနေကြောင်း ပြောကြားခဲ့သည်။ အစိုးရအနေဖြင့် ယခုဆန်တင်ပို့မှုကို အစားအသောက်ဖူလုံရေးမူဝါဒ၏ အဆင့်အသစ်တစ်ခုအဖြစ် သတ်မှတ်ထားပြီး သံတမန်ရေး၊ ကိုယ်ပိုင်ထောက်ပံ့နိုင်မှုနှင့် နိုင်ငံခြားရှိ ပြည်သူများအား ထောက်ပံ့ကူညီရေး တို့ကို ပေါင်းစပ်ထားသည့် အစီအစဉ်တစ်ခုအဖြစ် ရှုမြင်နေကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/64385

## ဆန်ဝယ်လိုအား မြင့်တက်နေမှုနှင့် ပြောင်းလဲလာသောပို့ကုန်မူဝါဒများကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်း ၁၁ ရာခိုင်နှုန်း မြင့်တက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလလယ်ပိုင်းအထိ ကမ္ဘာ့ဆန်ဈေးနှုန်းသည် အခြားပိုလျှံလယ်ယာထွက်ကုန်များဖြစ်သော ပြောင်းနှင့်သကြားဈေးနှုန်းများနှင့်ကွဲပြားကာ ၁၁ ဒသမ ၁ ရာခိုင်နှုန်းအထိမြင့်တက်လာခဲ့သည်။ ကမ္ဘာ့လူဦးရေ ၅၀ ရာခိုင်နှုန်းကျော်က ဆန်စားသုံးနေသော်လည်း ရောင်းလိုအားနှင့်ဝယ်လိုအားမျှခြေတွင် အပြောင်းအလဲရှိနေခြင်းကြောင့် ဆန်ဈေးနှုန်းမြင့်တက်လာခြင်းဟု သုံးသပ်နိုင်ပြီး ဆန်အဓိကတင်သွင်းသည့် နိုင်ငံများတွင် စားနပ်ရိက္ခာဖူလုံမှုအတွက် စိုးရိမ်ပူပန်မှုများ မြင့်တက်စေခဲ့သည်။

၂၀၂၅ ခုနှစ်နှောင်းပိုင်းတွင် အိန္ဒိယက ဆန်တင်ပို့မှု ကန့်သတ်ချက်များကို ပြန်လည်ရုပ်သိမ်းခဲ့ပြီးနောက် ဆန်ဈေးနှုန်းများ ကျဆင်းမည်ဟု ခန့်မှန်းထားကြသော်လည်း အာဖရိကနှင့် အရှေ့အလယ်ပိုင်းရှိ ဆန်တင်သွင်းသည့်နိုင်ငံများက ဆန်ရိက္ခာများ ပြန်လည်ဖြည့်တင်းခဲ့ခြင်း၊ အာရှနိုင်ငံများ၏ ဥပုသ်ကာလနှင့် နှစ်ကူးပွဲတော်ကာလ ဝယ်လိုအားမြင့်တက်ခဲ့ခြင်း၊ ဂျပန်၌လည်း အစိုးရ၏ ဆန်အရန်ရိက္ခာများ ထုတ်ပေးရန် ကြန့်ကြာမှုများနှင့် စိုက်ပျိုးရေးသမဝါယမအသင်းများ၏ တင်းကျပ်သောဈေးနှုန်းသတ်မှတ်ချက်များကြောင့် စားသုံးသူများကစိုးရိမ်ကာ ဆန်သိုလှောင်ကြခြင်းကြောင့် ဝယ်လိုအားတက်ကာ ဆန်ဈေးနှုန်းများ ပိုမိုမြင့်တက်ခဲ့ကြောင်း၊ ထို့ကြောင့် အိန္ဒိယ၏ ဆန်ထုတ်လုပ်မှု တန်ချိန် ၁၅၂ သန်းမှာ ကမ္ဘာ့ဝယ်လိုအားကို အပြည့်အဝဖြည့်ဆည်းပေးနိုင်စွမ်းမရှိခဲ့ကြောင်း သိရသည်။

ဆန်ဈေးနှုန်းမြင့်တက်လာမှုကြောင့် အာရှရှိ ဆန်ပို့ကုန်လုပ်ငန်းရှင်များနှင့် ဆန်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသည့် ကုမ္ပဏီများက အကျိုးအမြတ်အများဆုံးရရှိကြပြီး ဆန်ဖြင့်ထုတ်လုပ်သော ကမ္ဘာ့စားသောက်ကုန်လုပ်ငန်းများကမူ ကုန်ကြမ်းစရိတ်မြင့်တက်လာမှုကိုရင်ဆိုင်နေရသည်။ အကယ်၍ ဆန်ဈေးသည် လက်ရှိအတိုင်းဆက်လက်ရှိနေပါက စားသုံးသူများအတွက် ဈေးနှုန်းမြင့်တက်နိုင်ကြောင်း ကျွမ်းကျင်သူများက သတိပေးထားကြသည်။

ဈေးကွက်ကျွမ်းကျင်သူများက ဆန်ဈေးနှုန်းအပြောင်းအလဲကို ဆန်အဓိကတင်သွင်းသည့် နိုင်ငံများ၏ ဝယ်လိုအားအပေါ် မြန်မြန်ဖြည့်ဆည်းပေးနိုင်မည့်အချက်နှင့် ဆန်အဓိကထုတ်လုပ်သည့်နိုင်ငံများ၏ ထုတ်လုပ်နိုင်မှုအခြေအနေပေါ်တွင် ဆက်လက်မူတည်ရန်မျှော်လင့်နေပြီး၊ ၂၀၂၆ ခုနှစ်တွင်း ရာသီဥတုဆိုင်ရာ စွန့်စားရမှုများနှင့် ဆန်တင်သွင်းသည့်နိုင်ငံများ၏ ဝယ်ယူမှုလမ်းကြောင်းမျိုးစုံတို့ကြောင့် တစ်နှစ်ပတ်လုံးတွင် ဆန်ဈေးနှုန်းများ ဆက်လက်မြင့်တက်နိုင်ကြောင်း၊ ယခုပုံစံက အခြားသီးနှံများနှင့်မတူသော ဆန်၏ သီးခြားဈေးကွက်အရွေ့ဖြင့် လည်ပတ်နေမှုကို ပြသနေကြောင်း သိရသည်။

ရင်းမြစ်။ https://ukragroconsult.com/en/news/global-rice-prices-surge-11-amid-strong-demand-and-shifting-export-policies/, Source: https://commerce.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_18032026%201205

## ထိုင်းနိုင်ငံ၊ဝန်ကြီးချုပ် Anutin Charnvirakul နှင့်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Suphajee Suthumpun တို့သည် ဆန်တန်ချိန် ၅၀၀,၀၀၀ တင်ပို့ရန်ထိုင်းနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီးနှင့်တွေ့ဆုံဆွေးနွေးခဲ့

တရုတ်နိုင်ငံသို့ ၂၀၂၆ ခုနှစ်အတွင်း ဆန်တန်ချိန် ၅၀၀,၀၀၀ တင်ပို့ရန် ရည်မှန်းထားပြီး ဖေဖော်ဝါရီလတွင် ဆန်တန်ချိန် ၄၀,၀၀၀ တင်ပို့မှု အရှိန်မြှင့်တင်ရန်အတွက် ဝန်ကြီးချုပ် Anutin Charnvirakul၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Suphajee Suthumpun နှင့် ထိုင်းနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Zhang Jianwei တို့ တရုတ်သံရုံးကတည်ခင်းဧည့်ခံသည့် ညစာစားပွဲတွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ထိုင်းဆန်တင်သွင်းမှုကို စဉ်ဆက်မပြတ်ပံ့ပိုးကူညီမှုနှင့် ထိုင်းခရီးသွားလုပ်ငန်းကို မြှင့်တင်ရာတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်ခဲ့ရာ ထိုင်းနိုင်ငံသို့ နေ့စဉ်ပျမ်းမျှ တရုတ်ခရီးသွား ၃ သောင်းခန့်လာရောက်မှုရှိကြောင်း၊ ယင်းသည် နှစ်နိုင်ငံကြားခိုင်မာသော ယုံကြည်မှုနှင့်အပြုသဘောဆောင်သည့် ဆက်ဆံရေးကို ထင်ဟပ်စေကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှု အထူးသဖြင့် တန်ချိန် ၅၀၀,၀၀၀ တန် ပူးပေါင်းဆောင်ရွက်မှုမူဘောင်ဖြင့် တရုတ်နိုင်ငံသို့ ထိုင်းဆန်တင်ပို့မှုတိုးတက်မှုကို အဓိကထားဆွေးနွေးခဲ့ကြကြောင်း၊ တန်ချိန် ၄၀,၀၀၀ ပါဝင်သော ပထမဆုံးသင်္ဘောကို ဖေဖော်ဝါရီလကုန်တွင် တင်ပို့ရန်စီစဉ်ထားကြောင်း၊ ၂၀၂၆ ခုနှစ်တွင် လျာထားချက်ပြည့်မီရန် နောက်ထပ်အမိန့်စာများအရှိန်မြှင့်တင်ရန် ရည်ရွယ်ချက်ကို တရုတ်ဘက်မှ ထုတ်ဖော်ပြောကြားခဲ့ပြီး ထိုင်းပို့ကုန်များအတွက် အဓိကဈေးကွက်ဖြစ်ရန် ၎င်းတို့၏ ကတိကဝတ်ကို ထပ်မံအတည်ပြုခဲ့ကြောင်း၊ ထို့ပြင် နှစ်ဖက်လုံးမှစီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း၊ ဥပဒေပြင်ပတွင် လုပ်ကိုင်နေသော လုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများကို ထိန်းညှိရန် အရေးကြီးကြောင်းကို ၎င်းတို့က သဘောတူညီခဲ့ကြကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ယင်းကဲ့သို့လုပ်ဆောင်မှုများကို ထောက်ခံခြင်းမရှိကြောင်း ကတိပြုခဲ့ပြီး ဥပဒေကို သင့်လျော်စွာ စီမံခန့်ခွဲရန်နှင့်ပြဋ္ဌာန်းရန် ထိုင်းနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပြုခဲ့ကြောင်း၊ တရုတ်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းတွင် ဘတ်ငွေ ၁၀ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမှုများချဲ့ထွင်ရန် ထိပ်တန်းတရုတ်ကုမ္ပဏီများ၏ စီမံချက်များနှင့်အတူ နည်းပညာမြင့်စက်မှုလုပ်ငန်း အထူးသဖြင့် စက်ရုပ်များဖွံ့ဖြိုး တိုးတက်ရေးအပေါ် ၎င်းတို့၏အာရုံစိုက်မှုကို အလေးပေးဖော်ပြခဲ့ကြောင်း၊ တရုတ်ဘက်မှ စံချိန်မမီသော ထုတ်ကုန်များကို ဆန့်ကျင်သည့် အစိုးရ၏ ရပ်တည်ချက်ကို ထပ်လောင်းပြောကြားခဲ့ပြီး အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် သွင်းကုန်စည်းမျဉ်းများ ခိုင်မာစေရန်အတွက် ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပြုခဲ့ကြောင်း သိရသည်။

အထူးသဖြင့် ဒေသတွင်းစီးပွားရေးချိတ်ဆက်မှုတိုးမြှင့်ပေးမည့် မဟာဗျူဟာစီမံချက်ဖြစ်သော မြန်နှုန်းမြင့်ရထားလမ်းစီမံကိန်း၏ အခြေခံအဆောက်အအုံပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကိုလည်း အလေးပေးပြောကြားခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ဤနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက် မြှင့်တင်ရန် အဆင်သင့်ရှိသည်ဟု ပြောကြားခဲ့ကြောင်း၊ တရုတ်ကိုယ်စားလှယ်များက ထိုင်းဝန်ကြီးချုပ်အား အချိန်တိုအတွင်း ထူးထူးခြားခြားအောင်မြင်မှုများ၊ ၎င်း၏ ရိုးသားမှု၊ တာဝန်များကို ကတိကဝတ်ပြုမှုတို့ကို ဂုဏ်ပြုပြောကြားခဲ့ပြီး ထိုင်း-တရုတ်ဆက်ဆံရေးကို ကဏ္ဍပေါင်းစုံတွင် ခိုင်မာအားကောင်းစေရေး ကတိကဝတ်ပြုခဲ့ကြပြီး တရုတ်နိုင်ငံသည် လက်ရှိဖြစ်ပေါ်နေသော ကုန်သွယ်ရေးပဋိပက္ခအတွင်း ထိုင်းပို့ကုန်များအတွက် အရေးပါသော ဈေးကွက်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေရန် အဆင်သင့်ဖြစ်နေသည်ဟု ပြောကြားခဲ့ ကြောင်း သိရသည်။

Source: https://www.nationthailand.com/news/general/40063016,(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_05032026_15:03

## အီရန်အကျပ်အတည်းကြောင့် အိန္ဒိယ၏ဆန်တင်ပို့မှုထိခိုက်နေပြီး ပို့ကုန်လုပ်ငန်းရှင်များက အစိုးရထံမှ အရေးပေါ် ကူညီထောက်ပံ့မှုများတောင်းဆို

အီရန်အကျပ်အတည်းနှင့် အဓိကရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းများ မတည်ငြိမ်မှုတို့ကြောင့် ဖြစ်ပေါ်လာသည့် သင်္ဘောတင်ပို့မှုအနှောင့်အယှက်များ၏ သက်ရောက်မှုကိုလျှော့ချနိုင်ရန် ဆန်ပို့ကုန်လုပ်ငန်းရှင်များက အစိုးရထံမှ အရေးပေါ်

ကူညီပံ့ပိုးမှုများကို တောင်းဆိုထားကြောင်း အိန္ဒိယဆန်ပို့ကုန်လုပ်ငန်းရှင်များအဖွဲ့ချုပ် (IREF)က တင်ပြချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အိန္ဒိယဆန်ပို့ကုန်လုပ်ငန်းရှင်များအဖွဲ့ချုပ်(IREF)ကစိုက်ပျိုးရေးနှင့်ပြုပြင်ပြီးစားသောက်ကုန်ပို့ကုန် ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့(APEDA)ထံတင်ပြချက်တွင် ပို့ကုန်လုပ်ငန်းရှင်များသည် ကွန်တိန်နာအလွန်အမင်းရှားပါးမှု၊ အရှေ့အလယ်ပိုင်းဒေသသို့ သင်္ဘောဆိုက်ရောက်မှုများရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ခံရမှုနှင့် ကုန်စည်ပို့ဆောင်ရေးစရိတ်များ(Logistics costs)အဆမတန်မြင့်တက်လာမှုတို့နှင့် ရင်ဆိုင်နေရကြောင်း ဖော်ပြထားသည်။

နိုင်ငံတကာကုန်စည်သယ်ယူပို့ဆောင်ရေးစရိတ် (Freight rates) များမှာ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်အထိ မြင့်တက်လာပြီး ပါရှန်ကွေ့ (Gulf)ဒေသသို့ ဦးတည်မည့်ကုန်စည်ပို့ဆောင်မှုများအတွက် စစ်ဘေးအန္တရာယ်ထပ်ဆောင်းခများ (War-risk surcharges)နှင့် အာမခံကြေး (Insurance premiums)များမှာလည်း သိသိသာသာမြင့်တက်လာကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့ပြင် သင်္ဘောသုံးစက်သုံး ဆီ(Bunker fuel)စရိတ်များမှာလည်း မြင့်တက်လာခဲ့ရာ ရေကြောင်းသုံးစက်သုံးဆီဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၀ ခန့်မှ ၅၈၀ ခန့်အထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ပို့ဆောင်ရေးဆိုင်ရာ အနှောင့်အယှက်များကြောင့် ပြည်တွင်းဈေးကွက်အပေါ်တွင်လည်း သက်ရောက်မှုရှိနေပြီး လွန်ခဲ့သည့် ၇၂ နာရီအတွင်း ဘာစမာတီဆန်ဈေးနှုန်းမှာ ၇ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းခန့်အထိ ကျဆင်းသွားခဲ့ရာ ပို့ကုန်လုပ်ငန်းရှင်များအတွက် လုပ်ငန်းလည်ပတ်မှုအရင်းအနှီး(Working Capital)ဆိုင်ရာ ဖိအားများကို ပိုမိုပြင်းထန်စေခဲ့သည်။

IREF ဒုတိယဥက္ကဋ္ဌ Dev Garg က "ကုန်ပစ္စည်းတင်ပို့မှုတွေ ကြန့်ကြာနေရသည့်အချိန်တွင် ၎င်းတို့၏ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ရုတ်တရက်မြင့်တက်လာသည့် ကုန်စည်သယ်ယူပို့ဆောင်ခ၊ စက်သုံးဆီစရိတ်နှင့် အာမခံကြေးဒဏ်များကို မခံနိုင်တော့ကြောင်း"ပြောကြားခဲ့သည်။ ၎င်းက ပို့ကုန်စာချုပ်များ၊ ငွေကြေးစီးဆင်းမှုများနှင့် အိန္ဒိယ၏ ပို့ကုန်ကတိကဝတ်များကို အကာအကွယ်ပေးရန်အတွက် သတ်မှတ်ကာလအတွင်း သက်သာခွင့်ပေးမည့်အစီအစဉ်များနှင့် ရှင်းလင်းသော ညွှန်ကြားချက်များထုတ်ပြန်ပေးရန်တောင်းဆိုခဲ့ကြောင်း သိရသည်။

တောင်းဆိုထားသည့် အဓိကအစီအမံများထဲတွင် ပို့ကုန်လုပ်ငန်းရှင်များမထိန်းချုပ်နိုင်သည့် သင်္ဘောခရီးစဉ်ဖျက်သိမ်းခြင်း သို့မဟုတ် ကုန်စည်သယ်ယူပို့ဆောင်ခ အဆမတန်မြင့်တက်ခြင်းတို့ကြောင့် ကုန်ပစ္စည်းများကြန့်ကြာရသည့်အခြေအနေများအတွက် ကုန်လှောင်ခ(Storage)နှင့်သင်္ဘောကြန့်ကြာခ(Demurrage) အပါအဝင်ဆိပ်ကမ်းနှင့်ဆက်စပ်သော အခကြေးငွေများကို ကင်းလွတ်ခွင့်ပေးရန်တို့ ပါဝင်ကြောင်း သိရသည်။

ထို့ပြင် လမ်းခရီးရောက်နေသည့် ကုန်စည်များကို ပြန်လည်သယ်ယူခြင်း၊ လမ်းကြောင်းပြောင်းလဲခြင်း သို့မဟုတ် အခြားဆိပ်ကမ်းသို့ လွှဲပြောင်းခြင်းများပြုလုပ်နိုင်ရန်အတွက် အကောက်ခွန်အာဏာပိုင်များနှင့် အိန္ဒိယဗဟိုဘဏ်(RBI)တို့က စာရွက်စာတမ်းဆိုင်ရာနှင့် ငွေပေးချေမှုဆိုင်ရာ ညှိနှိုင်းမှုများတွင် ကူညီပံ့ပိုးပေးရန်လည်း အဖွဲ့ချုပ်က တောင်းဆိုထားသည်။

ထို့ပြင် ပို့ကုန်လုပ်ငန်းရှင်များက ယခုဖြစ်ပေါ်နေသော အနှောင့်အယှက်များကို "Force Majeure" (မလွန်ဆန်နိုင်သော အခြေအနေ)ကဲ့သို့သောဖြစ်ရပ်တစ်ခုအဖြစ် အစိုးရ သို့မဟုတ် APEDA က တရားဝင် အသိအမှတ်ပြုထုတ်ပြန်ပေးရန် တောင်းဆိုထားကြသည်။ ထိုသို့ထုတ်ပြန်ပေးခြင်းဖြင့် စာချုပ်ပါ ကတိကဝတ် များပျက်ကွက်မှုကြောင့် ပေးဆောင်ရမည့်ဒဏ်ကြေးများကို တားဆီးနိုင်မည်ဟု ၎င်းတို့က ဆိုသည်။

အဖွဲ့ချုပ်သည် COVID-19 ကပ်ရောဂါကာလအတွင်းပံ့ပိုးပေးခဲ့သော အစီအမံများနှင့် အလားတူသည့် ယာယီဘဏ်လုပ်ငန်းဆိုင်ရာ သက်သာခွင့်များဖြစ်သော အထူးကိစ္စရပ်အဖြစ်သတ်မှတ်ပေးသည့် လုပ်ငန်းလည်ပတ်မှုအရင်းအနှီး(Ad hoc working-capital)ကန့်သတ်ချက်များတိုးမြှင့်ပေးရန်နှင့် ချေးငွေသက်တမ်းတိုးမြှင့်ပေးရန်တို့ကိုလည်း တိုက်တွန်းထားကြောင်း သိရသည်။

Reference: The Economic Times, India rice exports hit by Iran crisis: Exporters seek urgent govt support, March 5, 2026, (မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: [https://myantrade.gov.mm/article/STP(Ygn)_09032026_12:46](https://myantrade.gov.mm/article/STP(Ygn)_09032026_12:46)

## အိန္ဒိယနိုင်ငံသည် အီရန်ပဋိပက္ခနှင့် အယ်လ်နီညို(El Nino)ခန့်မှန်းချက်များကြောင့် ၎င်း၏ ပဲမျိုးစုံ အကောက်ခွန်လွတ်တင်သွင်းခွင့်ကို မတ်လ ၃၁ ရက်နေ့နောက်ပိုင်းတွင် ထပ်မံသက်တမ်းတိုးဖွယ်ရှိနေ

ယခုနှစ်အတွင်း အယ်လ်နီညို(El Nino)ဖြစ်ပေါ်နိုင်သည့် ခန့်မှန်းချက်များနှင့် ပဋိပက္ခဖြစ်ပွားလျက်ရှိသော အနောက်အာရှဒေသ၏အကျိုးသက်ရောက်မှုများကြောင့် သယ်ယူပို့ဆောင်ရေးစရိတ်များမြင့်တက်နေသည့်ကြားမှ အိန္ဒိယအစိုးရသည် ပဲစင်းငုံ(tur)နှင့် မတ်ပဲ(urad)ကဲ့သို့သော ပဲမျိုးစုံလုံလောက်စွာရရှိစေရန်အတွက် အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုသည့်ကာလကို တိုးမြှင့်ဖွယ်ရှိကြောင်းသိရသည်။ ပဲစင်းငုံနှင့် မတ်ပဲတို့အတွက် အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းနိုင်သည့်ကာလမှာ ယခုလ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း အိန္ဒိယနိုင်ငံတွင် အဆိုပါပဲအမျိုးအစားများ လိုအပ်ချက်ရှိနေခြင်းကြောင့် သက်ဆိုင်သူများက သက်တမ်းတိုးရန်မျှော်လင့်နေကြကြောင်း The Hindu Businessline သတင်းဌာနက မတ်လ ၁၂ ရက်က ဖော်ပြထားသည်။

အစိုးရအနေဖြင့် အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်မူဝါဒကိုသက်တမ်းတိုးရန် တွန်းအားပေးနေသည့် အခြားအချက်တစ်ခုမှာ ဖွန်လအထိ လက်ရှိသီးနှံစိုက်ပျိုးရာသီအတွင်း ပြည်တွင်းထုတ်လုပ်မှု ကျဆင်းနေခြင်းဖြစ်သည်။ အစိုးရ၏ ဒုတိယအကြိမ်ကြိုတင်ခန့်မှန်းချက်များအရ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း ပဲစင်းငုံထုတ်လုပ်မှုသည် ယခင်နှစ်က တန်ချိန် ၃၆ ဒသမ ၂၄ သိန်းရှိခဲ့ရာမှ ၄ ဒသမ ၆၆ ရာခိုင်နှုန်း လျော့နည်းကာ တန်ချိန် ၃၄ ဒသမ ၅၅ သိန်းသာရှိကြောင်းသိရသည်။ ထို့အတူ မတ်ပဲ ထုတ်လုပ်မှုမှာလည်း မိုးသီးနှံ(Kharif)ရာသီတွင် ၁၀ ဒသမ ၇ ရာခိုင်နှုန်းလျော့နည်းကာ တန်ချိန် ၁၂ ဒသမ ၀၆ သိန်း (ယခင်နှစ် ၁၃ ဒသမ ၄၁ သိန်း)နှင့် ဆောင်းသီးနှံ(Rabi)ရာသီတွင် ၈ ဒသမ ၁၄ ရာခိုင်နှုန်းလျော့နည်းကာ တန်ချိန် ၅ ဒသမ ၀၈ သိန်း(ယခင်နှစ် ၅ ဒသမ ၅၃ သိန်း)သာရှိခဲ့ကြောင်း သိရသည်။

ပဋိပက္ခများဖြစ်ပွားနေသည့်ကြားမှ ရေနံဈေးနှုန်းများမြင့်တက်လာခြင်းကြောင့် သယ်ယူပို့ဆောင်ရေးနှင့် အာမခံစရိတ်များမြင့်တက်လာနိုင်သဖြင့် အစိုးရအနေဖြင့် ငွေကြေးဖောင်းပွမှုအပေါ်စိုးရိမ်လျက်ရှိကြောင်း၊ ကုန်စည်ထောက်ပံ့မှုများ ပြတ်တောက်ခြင်းမရှိနိုင်သော်လည်း သင်္ဘောလိုင်းများက စစ်ဘေးအန္တရာယ် အာမခံကြေး(War-risk premiums)များကို ပိုမိုကောက်ခံဖွယ်ရှိပြီးစုစုပေါင်းတင်သွင်းမှုစရိတ်ကိုမြင့်တက်စေနိုင်ကြောင်း၊ ရူပီးငွေတန်ဖိုးကျဆင်းခြင်းသည်လည်းကုန်ကျစရိတ်များမြင့်တက်စေသည့်အချက်တစ်ခုဖြစ်ကြောင်း၊ ထုပ်ပိုးမှုစရိတ်များပင်လျှင်မြင့်တက်လာခဲ့ပြီး PP(polypropylene) အိတ်ဈေးနှုန်းများသည် တစ်ပတ်အတွင်း ၁၁ ရူပီး မှ ၂၃ ရူပီးအထိ နှစ်ဆတိုးလာကာ တစ်တန်လျှင် ကုန်ကျစရိတ် ၂၅၀ ရူပီးခန့် မြင့်တက်လာစေကြောင်းနှင့် အဆိုပါမရေရာမှုများနှင့် အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံလိုအပ်ချက်ရှိနေသည့်အချက်များကြောင့် အစိုးရအနေဖြင့်တင်သွင်းမှုကို ကန့်သတ်ခြင်းမှရှောင်ကြဉ်သင့်ပြီး ကုန်စည်များဆက်လက်ဝင်ရောက်လာစေရန် ဆောင်ရွက်သင့်ကြောင်း အိန္ဒိယပဲမျိုးစုံနှင့် နှံစားသီးနှံအသင်း (India Pulses and Grains Association) ၏ ဥက္ကဋ္ဌ Bimal Kothari က ပြောကြားခဲ့သည်။ ၎င်းကဆက်လက်၍ အိန္ဒိယနိုင်ငံအနေဖြင့် ပဲမျိုးစုံလိုအပ်ချက်ရှိနေဆဲဖြစ်ကြောင်းလည်း ဖြည့်စွက်ပြောကြားခဲ့သည်။

### ပြည်တွင်းဈေးနှုန်းများ တည်ငြိမ်လျက်ရှိ

ပဲစင်းငုံနှင့် မတ်ပဲတင်သွင်းမှုများမှာ အကောက်ခွန်ကင်းလွတ်ခွင့်ရရှိထားသော်လည်း ကုလားပဲ (Chana)နှင့် ပဲနီလေး (Masur)ကဲ့သို့သောပဲမျိုးစုံတင်သွင်းမှုအပေါ် အကောက်ခွန် ၁၀ ရာခိုင်နှုန်းနှင့် စားတော်ပဲ (Yellow peas) အပေါ် ၃၀ ရာခိုင်နှုန်း ကောက်ခံလျက်ရှိကြောင်း သိရသည်။ အဆိုပါမူဝါဒသည် ပြည်တွင်းဈေးကွက်၌ ပဲဈေးနှုန်းအားလုံးကို တည်ငြိမ်စေခဲ့သောကြောင့် အစိုးရအနေဖြင့် ယင်းမူဝါဒကိုသာ ဆက်လက်ကျင့်သုံးလိမ့်မည်ဟု ပဲကုန်သွယ်မှုလောကက မျှော်လင့်နေကြောင်း Kothari က ပြောကြားခဲ့သည်။ ထို့ပြင် ပြည်တွင်း၌ ကုလားပဲနှင့် ပဲနီလေးအထွက်နှုန်းကောင်းမွန်သောကြောင့် အစိုးရအနေဖြင့် ယခုအခွင့်အရေးကို အသုံးပြု၍ ခိုင်မာသော အရန်ရိက္ခာ(Buffer stocks)များ တည်ဆောက်ထားသင့်ကြောင်း ၎င်းက အကြံပြုပြောကြားခဲ့သည်။

အိန္ဒိယပဲမျိုးစုံနှင့် နှံစားသီးနှံအသင်း(IPGA)၏အတွင်းရေးမှူး Satish Upadhyay က ပဲမျိုးစုံတင်သွင်းမှု မူဝါဒ သက်တမ်းတိုးခြင်းကို လာမည့်ရက်သတ္တပတ်အတွင်း ထုတ်ပြန်ဖွယ်ရှိကြောင်းပြောကြားခဲ့သည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့(World Meteorological Department)က ခန့်မှန်းထားသည့်အတိုင်း အိန္ဒိယနိုင်ငံ၏ ရာသီဥတုအခြေအနေသည် အယ်လ်နီညိုဖြစ်ပေါ်

ရန်နှင့်မုတ်သုံမိုးအပေါ် သက်ရောက်မှုရှိရန် အလားအလာမြင့်မားနေသဖြင့် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ရန်အလို့ငှာ အစိုးရအနေဖြင့် အကောက်ခွန် ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ကို ဆက်လက်ခွင့်ပြုသင့်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**သက်တမ်းတိုးရန် မျှော်လင့်**

ပြည်တွင်းထုတ်လုပ်မှုသည် ယခင်နှစ်ထက်လျော့နည်းနေသဖြင့် အစိုးရသည် ပဲစင်းငုံနှင့် မတ်ပဲတို့၏ အကောက်ခွန် ကင်းလွတ်ခွင့်ဖြင့် တင်သွင်းမှုကိုသက်တမ်းတိုးရန် အလားအလာရှိကြောင်း IGrain India မှ Rahul Chauhan က ပြောကြားခဲ့သည်။ အခြားပဲမျိုးစုံ၏ဈေးနှုန်းများမှာ ထိန်းချုပ်နိုင်သည့် အခြေအနေတွင်ရှိသဖြင့် ၎င်းတို့အပေါ် ကောက်ခံနေသည့် အကောက်ခွန်ဖွဲ့စည်းပုံမှာမူ ပြောင်းလဲမှုရှိမည်မဟုတ်ကြောင်း ၎င်းက သုံးသပ်ပြောကြားခဲ့သည်။

ပြည်တွင်း၌ သီးနှံရရှိနိုင်မှုအခြေအနေမှာ များစွာကောင်းမွန်မှုမရှိသောကြောင့် အစိုးရအနေဖြင့် ပဲစင်းငုံနှင့် မတ်ပဲတို့အား အကန့်အသတ်မဲ့တင်သွင်းခွင့်ပြုခြင်း(OGL imports)ကို မတ်လ ၃၁ ရက်နောက်ပိုင်း အထိသက်တမ်းတိုးပေးသင့်ကြောင်း ချန်နိုင်းမြို့အခြေစိုက်တင်သွင်းသူတစ်ဦးဖြစ်သည့် Four P International မှ မန်နေဂျင်းဒါရိုက်တာ B Krishnamurthy က ပြောကြားခဲ့သည်။ လုပ်ငန်းရှင်များမှာ အဆိုပါ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့်တင်သွင်းမှုကို သက်တမ်းတိုးမည့်အချိန်အား မျှော်လင့်စောင့်ဆိုင်းလျက်ရှိကြကြောင်း ၎င်းက ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် ပြက္ခဒိန်နှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံတင်သွင်းမှုသည် တန်ချိန် ၆၅ ဒသမ ၆၉ သိန်းသို့ အနည်းငယ် ကျဆင်းခဲ့ပြီး ယခင်နှစ်တွင်မူ တန်ချိန် ၆၈ ဒသမ ၇၅ သိန်းရှိခဲ့ကြောင်းသိရသည်။ အဆိုပါ ကျဆင်းမှုမှာ စားတော်ပဲ တင်သွင်းမှု လျော့နည်းသွားခြင်းကြောင့်ဖြစ်သော်လည်း မတ်ပဲ၊ ကုလားပဲနှင့် ပဲစင်းငုံတို့အား ပြည်ပမှဝယ်ယူမှုမှာမူ ပိုမိုမြင့်တက်လာခဲ့ကြောင်း တွေ့ရသည်။

Source: The Hindu Businessline, India may extend duty-free pulses imports beyond March 31 on Iran war, El Nino possibility, March 12, 2026., (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_20032026_12:07

## ပထဝီနိုင်ငံရေးမသေချာမရေရာမှုများကြား စားအုန်းဆီကြမ်း(CPO) ဈေးနှုန်းများ မကြာမီကာလတွင် တစ်တန်လျှင် မလေးရှားရင်းဂစ် ၄,၄၅၀ အထက် ဖြစ်ပေါ်လာနိုင်

မလေးရှားစားအုန်းဆီကြမ်း(CPO)ဈေးနှုန်းများကို မကြာမီကာလတွင် မလေးရှားရင်းဂစ် ၄,၄၅၀ (အမေရိကန်ဒေါ်လာ ၁၁၃၀)အထက် ဆက်လက်တည်ရှိရန် မျှော်လင့်ထားကြောင်းနှင့် စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် စားအုန်းဆီကို လောင်စာဆီအဖြစ် ရောနှောအသုံးပြုလာနိုင်ခြင်းတို့ကြောင့် ဈေးနှုန်းများမြင့်တက်လာရခြင်းဖြစ်ကြောင်း မလေးရှားစားအုန်းဆီ အသင်း (MPOC) က ပြောကြားသည်ကို မလေးရှားနိုင်ငံ အမျိုးသားသတင်းအင်ဂျင်စီဖြစ်သည့် Bernama သတင်းဌာနက မတ်လ ၁၉ ရက်တွင် ဖော်ပြထားသည်။

သို့သော် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခကြောင့် မသေချာမရေရာမှုများ မြင့်တက်လာမှုကြောင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု အားလျော့လာခြင်းနှင့် ဈေးနှုန်းအတက်အကျဖြစ်ပေါ်ခြင်းတို့က အဓိက စားအုန်းဆီဈေးကွက်များမှ တင်သွင်းမှုကို ယာယီနှောင့်နှေးမှုဖြစ်ပေါ်စေပြီး ဈေးနှုန်းပြန်လည်မြင့်တက်လာစေခြင်းဖြစ်သည်ဟု သိရသည်။ ဟော်မုဇ်ရေလက်ကြား သယ်ယူပို့ဆောင်ရေးအခက်အခဲဖြစ်ပေါ်လာခြင်းနှင့် အနောက်အာရှဒေသရှိ ဆီသန့်စင်ရေးလုပ်ငန်းရှင်များက မလွန်ဆန်နိုင် သောဖြစ်ရပ် (Force Majeure) ကြေညာချက်များရှိလာခြင်းတို့ကြောင့် ဟင်းသီးဟင်းရွက်ဆီဈေးနှုန်းများသည် ၂၀၂၅ ခုနှစ် နှစ်လယ် နောက်ပိုင်း ယခုနှစ်မတ်လတွင် ဈေးနှုန်း အတက်ဘက်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

ကမ္ဘာ့ဈေးကွက်တွင် လောင်စာဆီဈေးနှုန်းများ သိသိသာသာမြင့်တက်လာခြင်းက ဇီဝဒီဇယ်ဆီ အသုံးပြုမှုနှင့် ရောနှောခြင်း တို့ကို ယှဉ်ပြိုင်မှုတိုးတက်လာစေကြောင်း MPOC က ပြောကြားခဲ့သည်။ ဘရာဇီးနိုင်ငံ၏ ဇီဝဒီဇယ်ဆီလုပ်ငန်းအတွက် အီသနောပါဝင်မှု အချိုးအစား ၁၅ ရာခိုင်နှုန်း(B15) မှ ၁၆ ရာခိုင်နှုန်း(B16) သို့ တိုးမြှင့်ခွင့်ပြုထားသည်။ အင်ဒိုနီးရှားအစိုးရက စားအုန်းဆီပါဝင်မှု အချိုးအစား ၅၀ ရာခိုင်နှုန်းထိပါဝင်သည့် ဇီဝဒီဇယ်ဆီ (B50) ထုတ်လုပ်ရန်လမ်းများကို စမ်းသပ်ဆောင်ရွက် လျက်ရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ သတ်မှတ်ချက်မရှိသေးသော်လည်း ရောနှောအသုံးပြုမှုတိုးမြှင့် ဆောင်ရွက်လျက်ရှိသည်ကို MPOC က ဆက်လက် ပြောဆိုထားသည်။

မလေးရှား၏ စားအုန်းဆီထုတ်လုပ်မှုအနေဖြင့် တရုတ်နှစ်သစ်ကူးပွဲတော်လဖြစ်ပြီး အလုပ်လုပ်ရက် ပိုမိုနည်းပါးသည့် ဖေဖော်ဝါရီလတွင် ဆီအုန်းဆွတ်ခူးရိတ်သိမ်းရသည့် ရက်အရေအတွက် နည်းပါးသည့်အတွက် တန်ချိန် ၁ ဒသမ ၂၈ သန်းသာ ထုတ်လုပ်နိုင်ပြီး တန်ချိန် ၂၉၃,၀၀၀ ခန့်၊ ရာခိုင်နှုန်းအားဖြင့် ၁၈ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ဖေဖော်ဝါရီလ တင်ပို့မှုအနေဖြင့် စုစုပေါင်းထုတ်လုပ်မှု၏ ၈၈ ရာခိုင်နှုန်းခန့်ကို တင်ပို့နိုင်ခဲ့ပြီး ကုန်လက်ကျန်ဆီ သိုလှောင်မှုပမာဏကိုပင် လျော့ကျစေခဲ့သည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဖေဖော်ဝါရီလတွင် ၁၈ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာကာ တန်ချိန်အားဖြင့် ၂ ဒသမ ၅၈ သန်းခန့်တင်ပို့နိုင်ခဲ့ရာ အိန္ဒိယသို့ အများဆုံးတင်ပို့ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အိန္ဒိယ၏ စားအုန်းဆီ တင်သွင်းမှုသည် ၂၀၂၆ ခုနှစ် ပထမ ၂ လ (ဇန်နဝါရီ၊ ဖေဖော်ဝါရီ)တွင် သိသိသာသာ ပြန်လည်မြင့်တက်လာပြီး ၂၀၂၅ ခုနှစ်နှင့် ကာလတူနှိုင်းယှဉ်ပါက တန်ချိန် ၉၆၅,၀၀၀ ပိုမို တင်သွင်းခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ၁၄၉ ရာခိုင်နှုန်းခန့်ရှိလာကာ တင်သွင်းမှုတန်ချိန် စုစုပေါင်း ၁ ဒသမ ၆ သန်းခန့်ဖြစ်ကြောင်း မလေးရှား စားအုန်းဆီအသင်း (MPOC) က ပြောကြားထားသည်။

Source: Bernama, March 19, 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm/my/node/64602

## မလေးရှားနိုင်ငံရဲ့ စားအုန်းဆီလက်ကျန်သည် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ၌ ၃ ဒသမ ၉၄ သန်း မှ ၂ ဒသမ ၇ သန်းသို့ ကျဆင်း

မလေးရှားနိုင်ငံစားအုန်းဆီဘုတ်အဖွဲ့(MPOB)၏ ထုတ်ပြန်ချက်အရ မလေးရှားနိုင်ငံ၏ စားအုန်းဆီ လက်ကျန် မှာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် ယခင်လထက် ၃ ဒသမ ၉၄ သန်း မှ ၂ ဒသမ ၇ သန်းသို့ကျဆင်းသွားကြောင်း သိရသည်။ ဖေဖော်ဝါရီလတွင် ထုတ်ပြန်ထားသည့် မလေးရှားနိုင်ငံ စက်မှုလုပ်ငန်းဆောင်ရွက်ချက်အစီခံစာအရ စားအုန်းဆီကြမ်း (CPO) များသည် ဇန်နဝါရီလတွင် တန်ချိန် ၁ ဒသမ ၆၇ သန်းမှ ဖေဖော်ဝါရီလတွင် တန်ချိန် ၁ ဒသမ ၄သန်း သို့ ကျဆင်းသွားသောကြောင့် ဖေဖော်ဝါရီလအတွင်းတွင် ၁၁ ဒသမ ၆၇ ရာခိုင်နှုန်း သို့မဟုတ် ၁၉၅,၂၄၂ တန်ကျဆင်းခဲ့ကြောင်း မလေးရှားစားအုန်းဆီဘုတ်အဖွဲ့ (MPOB) က ပြောကြားထားသည်။

သို့သော် သန့်စင်ထုတ်လုပ်ပြီးစားအုန်းဆီသိုလှောင်မှုပမာဏသည် တန်ချိန်ပေါင်း ၁ ဒသမ ၁၄ သန်း မှ ၁ ဒသမ ၂၃ သန်း ထိရှိသောကြောင့် ၇ ဒသမ ၃၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ စားအုန်းဆီကြမ်း ထုတ်လုပ်နိုင်မှုအနေဖြင့် ပြီးခဲ့သည့် ဇန်နဝါရီလတွင် တန်ချိန် ၁ ဒသမ ၅၈ သန်း မှ ၁ ဒသမ ၂၈ သန်းသို့ ကျဆင်းခြင်းကြောင့် ၁၈ ဒသမ ၅၅ ရာခိုင်နှုန်း တန်ချိန် ၂၉၂,၅၃၄ ကျဆင်းခြင်းဖြစ်ကြောင်း မလေးရှား နိုင်ငံစားအုန်းဆီဘုတ် အဖွဲ့ (MPOB)ကပြောကြားထားသည်။ ဆီအုန်းထွက်ကုန်များ အနေဖြင့်လည်း ၃၇၇,၄၈၀ တန်မှ ၃၀၃,၉၆၂ တန် ကျဆင်းသွားသောကြောင့် တစ်လအတွင်း ၁၉ ဒသမ ၄၈ ရာခိုင်နှုန်းကျဆင်းခြင်းဖြစ်ကြောင်း သိရသည်။

ဆီအုန်းကြိတ်ဖတ်များအနေဖြင့် ၂၆ ဒသမ ၃၄ ရာခိုင်နှုန်း (၂၁၄,၈၂၀ တန် မှ ၁၅၈,၂၃၇ တန်) ကျဆင်းခဲ့သကဲ့သို့ စားအုန်းဆီကြမ်းထုတ်လုပ်မှုသည်လည်း ဇန်နဝါရီလတွင် ၁၉၇,၆၈၀ တန် မှ ၁၄၅,၇၁၆ တန်၊ ရာခိုင်နှုန်းအားဖြင့် ၂၆ ဒသမ ၂၉ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။ စားအုန်းဆီတင်ပို့နိုင်မှုသည် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် ၂၂ ဒသမ ၄၈ ရာခိုင်နှုန်း (တန်ချိန် ၁ ဒသမ ၄၅ သန်း မှ ၁ ဒသမ ၁၃ သန်းထိ) ကျဆင်းခဲ့ချိန်တွင် စားအုန်းဆီကြမ်းတင်ပို့မှုသည် ပြီးခဲ့သောလထက် ၁၇ ဒသမ ၀၈ ရာခိုင်နှုန်း (၅၅,၂၈၈ တန် မှ ၄၅,၈၄၅ တန်) ကျဆင်းသွားကြောင်း သိရသည်။

ဆီအုန်းကြိတ်ဖတ်တင်ပို့မှုသည် ၂၄၇,၆၉၂ တန် မှ ၁၈၆,၇၄၆ တန်သို့ ကျဆင်းသွားခဲ့သည်။ ထို့ပြင် စားအုန်းဆီထုတ် ဓာတုပစ္စည်းဖြစ်သည့် Oleochemical ပစ္စည်းများ၏ တင်ပို့မှုသည်လည်း ၇ ဒသမ ၄၉ ရာခိုင်နှုန်း (၂၂၂,၀၄၂ တန် မှ ၂၀၅,၄၁၄ တန်) သို့လည်းကောင်း၊ ဘိုင်အိုဒီဇယ် တင်ပို့မှုမှာ ၁၈,၇၇၆ တန် မှ ၁၅,၉၈၆ တန်သို့လည်းကောင်း အသီးသီးကျဆင်းသွားကြောင်း သိရသည်။

မလေးရှားနိုင်ငံစားအုန်းဆီဘုတ်အဖွဲ့(MPOB) က ဖေဖော်ဝါရီလတွင် စားအုန်းဆီတင်သွင်းမှု ၁၇ ဒသမ ၉၈ ရာခိုင်နှုန်း (၁၁,၆၄၈ တန်မှ ၉,၅၅၃ တန်) ကျဆင်းခဲ့စဉ်မှာ စားအုန်းဆီကြမ်း (CPO) တင်သွင်းမှု လည်း မရှိခဲ့ကြောင်း ဖော်ပြထားသည်။

Source: BERNAMA, March 10, 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm/my/node/64599

## သဘာဝရော်ဘာဈေးနှုန်းများ ၂၀၂၆ ခုနှစ်၌ မြင့်တက်မည်ဟု ANRPC ခန့်မှန်း

၂၀၂၆ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ သဘာဝရော်ဘာဝယ်လိုအားသည် ခြောက်နှစ်ဆက်တိုက် ထုတ်လုပ်မှု ပမာဏကို ကျော်လွန်သွားဖွယ်ရှိပြီး ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးပြီးနိုင်ငံများရှိ မော်တော်ယာဉ်ကဏ္ဍတွင် အရှိန်အဟုန် မြင့်တက်လာမှုက ရော်ဘာ သုံးစွဲမှုကို တွန်းအားပေးလျက်ရှိကြောင်း စက်မှုလုပ်ငန်းအဖွဲ့တစ်ခုက ပြောကြားခဲ့သည်။

ကမ္ဘာ့သဘာဝရော်ဘာထုတ်လုပ်မှုသည် ၂၀၂၅ ခုနှစ်တွင် ၁ ဒသမ ၄ ရာခိုင်နှုန်းအသင့်အတင့်သာ တိုးတက်ခဲ့ပြီးနောက် ၂၀၂၆ ခုနှစ်တွင် ၂ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ပြီး တန်ချိန် ၁၅ ဒသမ ၂ သန်းသို့ ရောက်ရှိ ရန်ခန့်မှန်းထားကြောင်း သဘာဝ ရော်ဘာထုတ်လုပ်သည့်နိုင်ငံများအသင်း (ANRPC)က ရိုက်တာသတင်းဌာနထံသို့ အီးမေးလ်ဖြင့် ပြန်ကြားခဲ့မှုအပေါ် သိရသည်။

ANRPC ၏ပြောကြားချက်အရ ထုတ်လုပ်မှုတိုးတက်နှုန်းသည် ၂၀၂၅ ခုနှစ်မှစ၍ တောင်သူလက်ခံရရှိ သည့်ဈေးနှုန်းများ မြင့်တက်လာသော်လည်း ရာသီဥတုဆိုးရွားခြင်း၊ ရော်ဘာပင်အိုများ ပြန်လည်စိုက်ပျိုးမှု အကန့်အသတ်ရှိခြင်း၊ နှစ်ပေါင်းများစွာ ဈေးနှုန်းကျဆင်းမှုဒဏ်ကြောင့် အသေးစားတောင်သူများအကြား ကုန်ထုတ်စွမ်းအား အဆက်မပြတ်နိမ့်ကျနေခြင်းနှင့် မြေယာ အသုံးချမှုဆိုင်ရာအပြောင်းအလဲများကြောင့် မျှော်မှန်းချက်ထက် နောက်ကျကျန်နေဆဲဖြစ်သည်ဟု သိရသည်။

ANRPC က ရော်ဘာစိုက်ခင်းများတွင် အရွက်ကြွေစေသည့် ရောဂါဖြစ်ပွားမှုနှင့် အဓိကရင်ဆိုင်နေရပြီး ယင်းရောဂါ သည် ရော်ဘာထုတ်လုပ်သော နိုင်ငံအများအပြားသို့ ပျံ့နှံ့ကာ အချို့ဒေသများတွင် ၃၀ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအထိ မြင့်မား သော ရော်ဘာအထွက်နှုန်းဆုံးရှုံးမှုများဖြစ်ပေါ်စေကြောင်း ထည့်သွင်းဖော်ပြခဲ့သည်။

လက်ရှိ ၂၀၂၆ ခုနှစ်တွင် တရုတ်၊ ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့၌ ရော်ဘာဝယ်လိုအား တိုးတက်မှုသည် အနည်းငယ်မျှသာ ပြန်လည်နာလန်ထူလာမည်ဟု မျှော်လင့်ရကြောင်း၊ အဆိုပါအခြေအနေသည် အီးယူ၌ မော်တော်ယာဉ်အသစ် များ မှတ်ပုံတင်မှုမြင့်တက်လာခြင်း၊ အမေရိကန်တွင် တာယာတင်ပို့မှု ခန့်မှန်းချက်ပိုမိုအားကောင်းလာခြင်း၊ ရော်ဘာထုတ်ကုန် များနှင့်သက်ဆိုင်သည့် အီးယူ-အိန္ဒိယနှင့် အမေရိကန်-အိန္ဒိယ ကုန်သွယ်ရေး သဘောတူညီချက်များနှင့် တရုတ်နိုင်ငံတွင် လျှပ်စစ်ကားဝယ်ယူမှုအတွက် အစိုးရ၏ ဆက်လက်မက်လုံးပေးမှုများကြောင့် ဖြစ်နိုင်ခြေရှိသည်ဟု ANRPC က ဆက်လက် ပြောကြားခဲ့သည်။

၂၀၂၆ ခုနှစ်တွင် စုစုပေါင်းဝယ်လိုအားသည် ၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ကာ ၁၅ ဒသမ ၆ သန်းတန်သို့ ရောက်ရှိရန် ခန့်မှန်းထားပြီး ကမ္ဘာ့အကြီးဆုံးသဘာဝရော်ဘာသုံးစွဲသူများဖြစ်သော တရုတ်နှင့် အိန္ဒိယနိုင်ငံ တို့၏ ဝယ်လိုအားသည် ၁ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၃ ဒသမ ၆ ရာခိုင်နှုန်းသို့ အသီးသီးတိုးတက်ရန် ခန့်မှန်းထားကြောင်း ANRPC က ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါအခြေအနေသည် ကမ္ဘာ့ဈေးနှုန်းများ တည်မြဲနေစေရန် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း၊ တိုကျို၏ ရော်ဘာ ရည်ညွှန်းနှုန်းထားသည် ၂၀၂၅ ခုနှစ်တွင် ကျဆင်းခဲ့ပြီးနောက် ၂၀၂၆ ခုနှစ်တွင် ၃ ရာခိုင်နှုန်း ခန့်မြင့်တက်ခဲ့ကြောင်း၊ ရော်ဘာ သည် ၂၀၂၄ ခုနှစ်တွင် ကုန်စည်ဈေးကွက်များအကြား အမြတ် ၄၆ ရာခိုင်နှုန်း ဖြင့် အမြတ်အများဆုံး ရရှိခဲ့သည့် ကုန်စည်များထဲ မှတစ်ခုဖြစ်ခဲ့သည်။

သုံးစွဲမှုနှင့်ထုတ်လုပ်မှုအကြား မညီမျှမှုသည် ဈေးနှုန်းများမြင့်တက်မှုအပေါ်အားပေးနေပြီး ကမ္ဘာ့သဘာဝရော်ဘာ ဈေးကွက်ဖွဲ့စည်းပုံဆိုင်ရာတင်းကျပ်မှုကိုဆက်လက်တည်မြဲစေရန် မျှော်လင့်ကြောင်း ANRPC က ပြောကြားခဲ့သည်။

ကမ္ဘာ့အကြီးဆုံး ရော်ဘာထုတ်လုပ်သည့် ထိုင်းနိုင်ငံ၏ ၂၀၂၆ ခုနှစ် ထုတ်လုပ်မှုမှာ ယခင်အတိုင်း ဆက်လက်တည်ငြိမ် နေမည်ဟု ခန့်မှန်းရပြီး ဒုတိယအကြီးဆုံးထုတ်လုပ်သူ အင်ဒိုနီးရှားနိုင်ငံကမူ ဈေးနှုန်းနိမ့်ကျမှု၊ ရော်ဘာရွက်ရောဂါများနှင့် ဆီအုန်းစိုက်ခင်းများအဖြစ် မြေယာအသွင် ပြောင်းလဲမှုတို့ကြောင့် ၂၀၂၂ ခုနှစ်မှစတင်ကာ ထုတ်လုပ်မှု ဆက်လက်ကျဆင်းနိုင် ကြောင်း ANRPC က ပြောကြားခဲ့သည်။

အိုင်ဗရီကို့စ်နိုင်ငံသည် ရော်ဘာစိုက်ဧက စဉ်ဆက်မပြတ် တိုးချဲ့နိုင်ခြင်းနှင့် အသေးစား စိုက်ခင်းများ၏ ထုတ်လုပ် နိုင်စွမ်း မြင့်မားခြင်းတို့ကြောင့် ဗီယက်နမ်နိုင်ငံကိုကျော်တက်ကာ ကမ္ဘာ့တတိယအကြီးဆုံး ရော်ဘာထုတ်လုပ်သည့်နိုင်ငံအဖြစ် ပေါ်ထွက်လာရန် အသင့်ရှိနေကြောင်း အဆိုပါအဖွဲ့က ထပ်မံပြောကြားခဲ့သည်။

Source: Reuters, 19 February 2026(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့် လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm/my/node/63936

## ကင်ညာစိုက်ပျိုးရေးထွက်ကုန်များ တရုတ်ဈေးကွက်သို့ အခွန်လွတ်တင်ပို့ခွင့်ရရှိ

ကင်ညာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များကို လာမည့် မေလ ၁ ရက်နေ့မှစတင်၍ တရုတ်ဈေးကွက် အတွင်းသို့ အခွန်ကင်းလွတ်ခွင့် (Duty-free) ဖြင့် တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း အတည်ပြုချက်ရရှိပြီးနောက်၊ ကင်ညာနိုင်ငံသည် လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော်ရှိသော အာရှဈေးကွက်ကြီးဆီသို့ ပို့ကုန်များ အရှိန်အဟုန်ဖြင့်တင်ပို့နိုင်ရန် ပြင်ဆင်လျက်ရှိသည်။ ဤလုပ်ဆောင်ချက်သည် အာဖရိကနိုင်ငံပေါင်း ၅၃ နိုင်ငံမှ တင်သွင်းကုန်စည်များအပေါ် အခွန်ကောက်ခံမှု ပယ်ဖျက်ရန် ဘေဂျင်းအစိုးရ၏ ပိုမိုကျယ်ပြန့်သော ဆုံးဖြတ်ချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ဤမူဝါဒအပြောင်းအလဲသည် ကုန်သွယ်မှုစီးဆင်းမှုကို ပုံစံသစ် တစ်မျိုးဖြင့် ပြောင်းလဲစေနိုင်ပြီး အာဖရိကပို့ကုန်တင်ပို့သူများအတွက် ကမ္ဘာ့ဈေးကွက်တွင် ပိုမိုခိုင်မာသော ခြေကုပ်တစ်ခုရရှိစေမည်ဖြစ်သည်။

ယခင်က အခွန်နှုန်းထားအမျိုးမျိုးပေးဆောင်ခဲ့ရသော လက်ဖက်၊ ကော်ဖီ၊ ထောပတ်သီးနှင့် မက္ကဒေးမီးယား အစေ့အဆန်များအပါအဝင် ကင်ညာထွက်ကုန်များ၏ ဈေးကွက်ယှဉ် ပြိုင်နိုင်စွမ်းကို ဤအခွန်ကင်းလွတ်ခွင့်စနစ်သစ်က သိသိသာသာ မြှင့်တင်ပေးနိုင်လိမ့်မည်ဟု စိုက်ပျိုးရေးဝန်ကြီး Mutahi Kagwe က ပြောကြားခဲ့သည်။ "ကင်ညာနိုင်ငံအတွက်မူ ဤအပြောင်းအလဲသည် ကုန်သွယ်မှုပမာဏ တိုးတက်လာရုံသာမကဘဲ၊ ကုန်ကြမ်းတင်ပို့သည့်စနစ်မှ တန်ဖိုးမြှင့်ကုန်ချောပစ္စည်းများ တင်ပို့သည့်စနစ်သို့ ကူးပြောင်းရန်ဟူသော ၎င်းတို့၏ ရေရှည်ရည်မှန်းချက်ကို ဖော်ဆောင်နိုင်မည့် အခွင့်အရေးလည်း ဖြစ်သည်။ လတ်ဆတ်သောထောပတ်သီးများနှင့် အေးခဲထောပတ်သီးများမှစ၍ ပန်းပွင့်များ၊ ဟင်းသီးဟင်းရွက်များနှင့် ဟင်းခတ်အမွှေးအကြိုင်များအထိ အကောက်ခွန်လုံးဝပေးဆောင်ရန်မလိုတော့ဘဲ တင်ပို့ခွင့်ရရှိမည်ဖြစ်သည်။

ယင်းက တင်ပို့သူများအတွက် ထုတ်လုပ်မှုပမာဏ တိုးမြှင့်ရန်နှင့် ကုန်ထုတ်လုပ်မှု စွမ်းဆောင်ရည်ကို မြှင့်တင်ရန် တွန်းအားတစ်ရပ်ဖြစ်စေသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကုန်ကြမ်းကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲ ထုတ်လုပ်ခြင်းကို ဦးစားပေးရန်နှင့် ပြည်တွင်း၌ စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ တည်ထောင်နိုင်ရန် တရုတ်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဝန်ကြီး Kagwe က တိုက်တွန်းခဲ့သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကာ ဝင်ငွေတိုးပွားစေပြီး ကျေးလက်စီးပွားရေးကို ခိုင်မာစေမည်ဟု ၎င်းကဆိုသည်။

တရုတ်ဈေးကွက်အတွင်းသို့ ဝင်ရောက်နိုင်ရေးမှာ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းများကို တိကျစွာလိုက်နာမှုအပေါ်တွင် မူတည်နေကြောင်း ၎င်းက သတိပေးခဲ့သည်။ ထို့ကြောင့် ထုတ်လုပ်သူများနှင့် ထိန်းကျောင်းကြပ်မတ်သူများအနေဖြင့် ပိုးမွှားကင်းစင်ရေးဆိုင်ရာ သတ်မှတ်ချက်များ (Phytosanitary requirements)ကို ပြည့်မီစေရန် ကြိုးပမ်းရမည်ဖြစ်သည်။ ဤမူဝါဒသည် နာရိုဘီနှင့် ပေကျင်းအကြား မကြာသေးမီကရရှိခဲ့သော သဘောတူညီချက်များအပေါ် အခြေခံထားခြင်းဖြစ်ပြီး၊ ကင်ညာနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍကို ၎င်းတို့၏ပို့ကုန်အခြေပြု စက်မှုထွန်းကားရေး မဟာဗျူဟာ၏ အဓိကမဏ္ဍိုင်အဖြစ် ဖော်ဆောင်ရန် မျှော်လင့်ထားသည်။

ကင်ညာနိုင်ငံသည် လွန်ခဲ့သောနှစ်အတွင်းက တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၄ သန်းဖိုးရှိ ကော်ဖီနှင့် လက်ဖက်ခြောက်များ တင်ပို့ခဲ့သည့်အပြင်၊ ဒေါ်လာ ၂၀ သန်းဖိုးနီးပါးရှိသော ထောပတ်သီးနှင့် မက္ကဒေးမီးယား အစေ့အဆန်များကိုလည်း တင်ပို့ခဲ့ရာ စိုက်ပျိုးရေးကုန်သွယ်မှုတွင် တဖြည်းဖြည်း တိုးတက်လာမှုကို မီးမောင်းထိုးပြနေသည်။ ကင်ညာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Guo Haiyan က ကင်ညာထွက်ကုန်များသည် တရုတ်စားသုံးသူများအကြား လူသိများ အသိအမှတ်ပြုလာကြပြီဖြစ်ကြောင်း ပြောကြားခဲ့ပြီး၊ ဈေးကွက်ဝင်ရောက်ခွင့်၊ နည်းပညာလွှဲပြောင်းပေးမှုနှင့် လုပ်နိုင်စွမ်းရည်မြှင့်တင်ရေး တို့တွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အရိပ်အမြွက်ပြောကြားခဲ့သည်။ အာဖရိကနိုင်ငံများအနေဖြင့် ၎င်းတို့ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သောသီးနှံများကိုပိုမိုထုတ်လုပ်ပြီး တန်ဖိုးမြှင့်ကုန်ချောများအဖြစ် အသွင်ပြောင်းနိုင်မည်ဆိုပါက ဤအခွန်ကင်းလွတ်ခွင့်စနစ်သည် အချိုးအကွေ့ တစ်ခုဖြစ်လာနိုင်သည် ဟု လေ့လာဆန်းစစ်သူများက ဆိုကြသည်။

ဤမူဝါဒသည် ပို့ကုန်မြှင့်တင်ရေးနှင့် စက်မှုထွန်းကားရေးအတွက် အခွင့်အလမ်းကောင်းတစ်ရပ် ဖန်တီးပေးခြင်းဖြစ်ကြောင်း Patrick Lumumba က ပြောကြားခဲ့သည်။ သို့သော်လည်း ဤအကျိုးကျေးဇူးကို အပြည့်အဝ ခံစားနိုင်ရန်အတွက် နိုင်ငံများအနေဖြင့် မိမိတို့၏ စီးပွားရေးစနစ်ကို ပိုမိုကောင်းမွန်အောင် စုဖွဲ့ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ (Value addition) ထုတ်လုပ်ခြင်းကို ဦးစားပေးဆောင်ရွက်ရန် လိုအပ် ကြောင်း ၎င်းက သတိပေးခဲ့သည်ဟု သိရသည်။

ရင်းမြစ်: africa.businessinsider.com , Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_24032026%201530

## ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနသည် ထိုင်းနိုင်ငံ၏ လယ်ယာသွင်းကုန်နှင့် ပို့ကုန်များအပေါ် အရှေ့အလယ်ပိုင်းတင်းမာမှုများ၏ သက်ရောက်မှုကို အနီးကပ်စောင့်ကြည့်လျက်ရှိ

စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနသည် ထိုင်းနိုင်ငံ၏လယ်ယာသွင်းကုန်နှင့် ပို့ကုန်များအပေါ် အရှေ့အလယ်ပိုင်းတင်းမာမှုများ၏ သက်ရောက်မှုကိုအနီးကပ်စောင့်ကြည့်နေပြီး ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်တက်လာမှုကို ဖြေရှင်းရန် အစီအမံများပြင်ဆင်နေကြောင်း သိရသည်။

တောင်သူများနှင့်ထုတ်လုပ်သူများအတွက် ကုန်ကျစရိတ်များမြင့်တက်လာနိုင်သည့် စွမ်းအင်ဈေးနှုန်းနှင့် စိုက်ပျိုးရေးသွင်းအားစုများကို ထိခိုက်စေနိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုများကို အကဲဖြတ်နေကြောင်း၊ ၎င်းတို့တွင် ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာ၊ သယ်ယူပို့ဆောင်ရေးနှင့် လုပ်အားအတွက်မြင့်မားသော ဈေးနှုန်းများပါဝင်ကြောင်း၊ ထိုင်းနိုင်ငံသည် နှစ်စဉ် လယ်ယာထွက်ကုန် ဘတ်ငွေဘီလီယံ ၅၀ ခန့် အရှေ့အလယ်ပိုင်းဈေးကွက်များသို့ တင်ပို့နေကြောင်း၊ အဓိကပို့ကုန်များမှာ ဆန်၊ တူနာစည်သွပ်ဘူး၊ သဘာဝရော်ဘာ၊ အေးခဲပြီးပြုပြင်ထားသော ကြက်သားတို့ဖြစ်ကြောင်း၊ တင်းမာမှုများဆက်လက်ရှိနေပါက၊ ပို့ကုန်များသည် တိုးမြင့်ပို့ဆောင်ခ၊ ကုန်စည်ပို့ဆောင်ခ၊ အာမခံပရီမီယံကြေးများနှင့် နှောင့်နှေးမှုများ သို့မဟုတ် လမ်းကြောင်းပြောင်းခြင်းအပါအဝင် ပထဝီနိုင်ငံရေးဆိုင်ရာ အန္တရာယ်များကြောင့် စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရနိုင်ကြောင်း ဆန်နှင့် အေးခဲထားသော စားသောက်ကုန်များသည် သယ်ယူပို့ဆောင်ရေးအခြေအနေများပေါ်တွင်ထိခိုက်လွယ်ကြောင်း အမြဲတမ်းအတွင်းဝန် Vinaroj Supsongsuk က ပြောကြားခဲ့သည်။

ထိခိုက်မှုလျော့ပါးစေရန် ဝန်ကြီးဌာနက အစီအမံလေးခုကို ထုတ်ပြန်ခဲ့ကြောင်း၊၎င်းတို့တွင် စွမ်းအင်ဈေးနှုန်းများကို အပတ်စဉ်စောင့်ကြည့်ခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်အပေါ် သက်ရောက်သည့်ငွေလဲနှုန်း အတက်အကျများပါဝင်ကြောင်း၊ ဓာတ်မြေဩဇာနှင့် တိရစ္ဆာန်အစာတွင် ပါဝင်ပစ္စည်းများတင်သွင်းရာတွင် ဖြစ်ပေါ်လာနိုင်သည့် နှောင့်နှေးမှုများကိုဖြေရှင်းခြင်း၊ လတ်ဆတ်ပြီးအေးခဲထားသော စိုက်ပျိုးရေးထွက်ကုန်များအတွက် သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲခြင်း၊ ကုန်စည်ပို့ဆောင်ရေး၊ အာမခံနှင့် စွမ်းအင်ကုန်ကျစရိတ်များ မြင့်တက်လာမှုကို စောင့်ကြည့်စစ်ဆေးလျက်ရှိကြောင်း၊ ဓာတ်မြေဩဇာလက်ကျန်များကို အပတ်စဉ်စောင့်ကြည့်စစ်ဆေးရန်နှင့် တင်သွင်းတင်ပို့ရောင်းချမှုလုံလောက်စေရန်အတွက် ဝန်ကြီးဌာနက စိုက်ပျိုးရေးဦးစီးဌာနကို ညွှန်ကြားထားကြောင်း၊ တောင်သူများသည် ဓာတ်မြေဩဇာကို အကျိုးရှိစွာအသုံးချနိုင်စေရန် မြေဆီလွှာခွဲခြမ်းစိတ်ဖြာခြင်းအတွက် ပံ့ပိုးကူညီမှုများလည်းရရှိမည်ဖြစ်ကြောင်း၊ သိုလှောင်မှုနှင့် တရားမျှတမှုမရှိသော ဈေးနှုန်းများမြင့်တက်ခြင်းမှ ကာကွယ်ရန်ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းကုန်သွယ်မှုဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Source: NBTWorld၊ (သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_24032026_12:02

## တရုတ်နိုင်ငံသို့ ပြည်ပမှအစားအစာထုတ်လုပ်တင်ပို့သူများအတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ စည်းမျဉ်းများကို ပြင်ဆင်မည်

တရုတ်နိုင်ငံသည် ပြည်ပမှ အစားအစာထုတ်လုပ်တင်ပို့သူများအတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ စည်းမျဉ်းအသစ်များကို ယခုနှစ်ဇွန်လမှစ၍ အကောင်အထည်ဖော်မည်ဟု အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)က ကြေညာခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

စည်းမျဉ်းသစ်များအရ GACC သည် မှတ်ပုံတင်ရန်လိုအပ်သော ပြည်ပမှတင်သွင်းသည့် အစားအစာ စာရင်း၊ မှတ်ပုံတင်ခြင်းကို အလိုအလျောက်သက်တမ်းတိုးခြင်းမရှိသော ပြည်ပမှတင်သွင်းသည့် အစားအစာ စာရင်းနှင့် မှတ်ပုံတင်ရမည့် ပြည်ပမှ အစားအစာသိုလှောင်သည့်လုပ်ငန်းများကို ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

ဤဆုံးဖြတ်ချက်များကို နိုင်ငံတကာလုပ်ငန်းစဉ်များနှင့်အညီ ကုန်ကြမ်းရင်းမြစ်များ၊ ထုတ်လုပ်မှုနှင့် ပြုပြင်ထုတ်လုပ်သည့် နည်းစနစ်များ၊ အစားအစာဘေးကင်းရေးမှတ်တမ်းများ၊ အဓိကစားသုံးသူအုပ်စုများနှင့် စားသုံးမှုနည်းလမ်းများအပေါ် အခြေခံ၍ အကဲဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

မှတ်ပုံတင်ခြင်းသည် ၅ နှစ်သက်တမ်းရှိမည်ဖြစ်ပြီး စည်းကမ်းချက်များကို ချိုးဖောက်ခြင်းမရှိပါက နောက်ထပ် ၅ နှစ်အတွက် အလိုအလျောက်သက်တမ်းတိုးပေးမည်ဖြစ်ကြောင်း သိရသည်။

Source: https://english.news.cn/20260319/9542ab3720f94eef92cbb8e3ebba8204/c.html

(ကောခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_24032026_12:29

## ဥရောပသမဂ္ဂ၏ ဂျုံတင်ပို့မှု ၈ ရာခိုင်နှုန်း မြင့်တက်ကာ မက်ထရစ်တန် ၁၆ ဒသမ ၇၇ သန်းတန် အထိရှိလာ

ဥရောပသမဂ္ဂ (EU) ၏ ၂၀၂၅-၂၆ ရာသီ စတင်သည့် ဇူလိုင်လမှ မတ်လ ၁၅ ရက်နေ့အထိ ဂျုံတင်ပို့မှုသည် မက်ထရစ်တန် ၁၆ ဒသမ ၇၇ သန်းတန်အထိရှိခဲ့ကြောင်းနှင့် အဆိုပါ ပမာဏမှာ ပြီးခဲ့သည့်အပတ်က တင်ပို့ခဲ့သည့် ၁၆ ဒသမ ၅၀ သန်းတန်နှင့် နှိုင်းယှဉ်ပါက တိုးတက်လာခြင်းဖြစ်ပြီး ယခင်နှစ် အလားတူ ကာလထက် ၈ ရာခိုင်နှုန်း မြင့်တက်လာခြင်း ဖြစ်ကြောင်း မတ်လ ၁၇ ရက်နေ့တွင် ဥရောပကော်မရှင်မှ ထုတ်ပြန်သော ထုတ်ပြန်ချက်များအရ သိရသည်။ ယခုရာသီ၏ တင်ပို့မှုပမာဏများကို နိုင်ငံအလိုက် ခွဲခြမ်း စိတ်ဖြာကြည့်ပါက ရိုမေးနီးယားနိုင်ငံသည် တန်ချိန် ၅ ဒသမ ၅၁ သန်းတန်ဖြင့် အီးယူတွင် ဂျုံအများဆုံး တင်ပို့သည့် နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေပြီး၊ ၎င်းနောက်တွင် ပြင်သစ်က ၄ ဒသမ ၅၇ သန်းတန်၊ ပိုလန်က ၁ ဒသမ ၉၂ သန်းတန်၊ လစ်သူယေးနီးယားက ၁ ဒသမ ၈၁ သန်းတန်နှင့် ဂျာမနီက ၁ ဒသမ ၃၁ သန်း တန်တို့ဖြင့် အသီးသီး တင်ပို့ထားကြကြောင်း သိရသည်။ သို့သော်လည်း ပြင်သစ်နိုင်ငံ၏ ကောက်ပဲသီးနှံ တင်ပို့မှုအချက်အလက်များသည် ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ ပျောက်ဆုံးနေပြီး၊ ဘူလ်ဂေးရီးယားနှင့် အိုင်ယာလန်တို့၏ တင်ပို့မှုအချက်အလက်များမှာ လည်း ၂၀၂၃-၂၄ ရောင်းဝယ်ရေးရာသီ စတင်ချိန်မှစ၍ ပြည့်စုံမှုမရှိကြောင်း ကော်မရှင်က ပြောကြားခဲ့သည်။

ထို့ပြင် ဂရိနိုင်ငံ၏ တင်ပို့မှုအချက်အလက်များသည်လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလလယ်မှစတင်ကာ ပြည့်စုံမှုမရှိသေး ကြောင်း ၎င်းကော်မရှင်က ထပ်လောင်းပြောကြားခဲ့ကြောင်း သိရသည်။ ၂၀၂၅-၂၆ အတွက် ရိုမေးနီးယားနိုင်ငံမှ တင်ပြထား သည့် ဂျုံမာတင်ပို့မှု ကိန်းဂဏန်းများ ပုံမှန်ထက်များပြားနေခြင်းသည် သတင်းပေးပို့မှုဆိုင်ရာ မှားယွင်းမှုတစ်ခုနှင့် ဆက်စပ်နိုင် ကြောင်း၊ ယင်းကို စစ်ဆေးတွေ့ရှိထားပြီးဖြစ်ကာ ပြုပြင်တည့်မတ်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ အီးယူ၏ မုယောစပါးတင်ပို့မှုမှာ စုစုပေါင်း တန်ချိန် ၆ ဒသမ ၈၄ သန်းတန်ခန့်ရှိခဲ့ပြီး၊ ပြီးခဲ့သည့် အပတ်က ၆ ဒသမ ၇၅ သန်းတန်ရှိခဲ့ရာမှ တိုးတက်လာခြင်းဖြစ်ကာ ၂၀၂၄-၂၅ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၈၂ ရာခိုင်နှုန်းအထိ သိသိသာသာ မြင့်တက်လာ ခြင်းဖြစ်ကြောင်း သိရသည်။ Source: Brecorder

Source: https://www.doca.gov.mm/my/node/64556

## ပြောင်းတန်ချိန် ၆၈,၀၀၀ တန်ခန့်ဝယ်ယူခဲ့သည့် တောင်ကိုရီးယားနိုင်ငံမှ MFG

မတ်လ ၂ ရက်နေ့တွင် ဥရောပကုန်သည်များက ထုတ်ပြန်သော ထုတ်ပြန်ချက်အရ တောင်ကိုရီးယားနိုင်ငံ၏ အဓိက တိရစ္ဆာန်အစာထုတ်လုပ်ရေးလုပ်ငန်းစုဖြစ်သော Major Feedmill Group (MFG) သည် ပြီးခဲ့သည့် သောကြာနေ့နှောင်းပိုင်းတွင် သီးသန့်အရောင်းအဝယ်ပြုလုပ်မှု (Private Deal) မှတစ်ဆင့် တိရစ္ဆာန်အစာသုံး ပြောင်းတန်ချိန် ၆၈,၀၀၀ ခန့်ကို ဝယ်ယူခဲ့ ကြောင်း သိရသည်။ ၎င်းမှာ အဆိုပါနေ့အစောပိုင်းက နိုင်ငံတကာတင်ဒါခေါ်ယူမှုမှတစ်ဆင့် ဝယ်ယူခဲ့သည့် တန်ချိန် ၁၃၅,၀၀၀ အပြင် ထပ်မံဝယ်ယူလိုက်ခြင်းဖြစ် ကြောင်း သိရသည်။

အဆိုပါ ပြောင်းတန်ချိန် ၆၈,၀၀၀ ကို အမေရိကန်၊ တောင်အမေရိက သို့မဟုတ် တောင်အာဖရိက နိုင်ငံတို့မှ ရွေးချယ် တင်သွင်းရန် မျှော်မှန်းထားကြကြောင်း သိရသည်။ ဝယ်ယူသည့်ဈေးနှုန်းမှာ ကုန်ပစ္စည်းနှင့် သယ်ယူပို့ဆောင်ခအပါအဝင် တစ်တန်လျှင် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၂၅၀ ဒသမ ၅၀ ကျသင့်မည်ဖြစ် ပြီး၊ ဆိပ်ကမ်းတွင် ထပ်ဆောင်းကုန်ချခအတွက် တစ်တန်လျှင် ၁ ဒသမ ၅၀ ဒေါ်လာ ထပ်ဆောင်းပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြောင်းများကို CHS ကုန်သွယ်ရေးကုမ္ပဏီထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ဇူလိုင်လ ၁၅ ရက် ဝန်းကျင်တွင် တောင်ကိုရီးယားသို့ ဆိုက်ရောက်မည်ဟု သိရသည်။ Source: Brecorder

Source: https://www.doca.gov.mm/my/node/64376

## ဗီယက်နမ်နိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် သီဟိုဠ်စေ့လုပ်ငန်းမှ ပို့ကုန်ဝင်ငွေ ဒေါ်လာ ၅ ဘီလီယံရရှိရန် ရည်မှန်းထား

ကမ္ဘာ့ဈေးကွက်တွင် မတည်ငြိမ်မှုများရှိလာနိုင်ကြောင်း ခန့်မှန်းထားသော်လည်း ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့လုပ်ငန်း သည် ၂၀၂၆ ခုနှစ်တွင် သီဟိုဠ်စေ့တန်ချိန် ၈ သိန်းခန့် တင်ပို့ရန် ရည်မှန်းထားသည်။ ယင်းမှာ ၂၀၂၅ ခုနှစ်တွင် ရရှိခဲ့သည့် စံချိန်တင် ပို့ကုန်ဝင်ငွေနှင့် တူညီသော အမေရိကန်ဒေါ်လာ ၅ ဘီလီယံခန့် ရရှိရန် ရည်မှန်းထားခြင်းဖြစ်သည်။

အဆိုပါ အချက်အလက်များကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့က ဟိုချီမင်းစီးတီးတွင် ကျင်းပခဲ့သော ဗီယက်နမ် သီဟိုဠ်စေ့အသင်း (Vinacas) ၏ ၂၀၂၅ ခုနှစ် လုပ်ငန်းပြန်လည် သုံးသပ်ခြင်းနှင့် ၂၀၂၆ ခုနှစ် ဝယ်ယူရေးအစီအစဉ်များ အကောင်အထည်ဖော်ခြင်းဆိုင်ရာညီလာခံတွင် တင်ပြခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်သည် သီဟိုဠ်စေ့လုပ်ငန်းအတွက် ပထမဆုံး အကြိမ်အဖြစ် ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဘီလီယံ ရရှိခဲ့သည့် ထူးခြားသောမှတ်တိုင်တစ်ခု ဖြစ်ခဲ့သော်လည်း ၂၀၂၆ ခုနှစ်အတွက် ရှေ့အလားအလာမှာ ပိုမိုခက်ခဲနိုင်ကြောင်း Vinacas ၏ ဥက္ကဋ္ဌ Mr. Pham Van Cong က ပြောကြားခဲ့သည်။

Mr. Pham Van Cong ၏ ပြောကြားချက်အရ အရှေ့ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသရှိ ပထဝီနိုင်ငံရေး ပဋိပက္ခများသည် သင်္ဘောလိုင်းများနှင့် စားသုံးသူစျေးကွက်များကို ထိခိုက်စေသဖြင့် သီဟိုဠ်စေ့လုပ်ငန်းအပါအဝင် ကမ္ဘာ့ကုန်သွယ်ရေးအပေါ် သက်ရောက်မှုများရှိနေသည်။ အထူးသဖြင့် အရှေ့အလယ်ပိုင်းဒေသသည် ကမ္ဘာ့သီဟိုဠ်စေ့စားသုံးမှု၏ ၁၀ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းခန့် ရှိနေခြင်းကြောင့် အဆိုပါဒေသတွင် မတည်ငြိမ်မှုများဆက်ရှိနေပါက သွင်းကုန်လိုအပ်ချက် လျော့နည်းသွားနိုင်ပြီး လုပ်ငန်းများ၏ ပို့ကုန်လုပ်ငန်းစဉ်များကို ထိခိုက်စေနိုင်သည်။

လက်ရှိအခြေအနေအရ ဗီယက်နမ် သီဟိုဠ်စေ့အသင်းက လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်စာချုပ်များ ချုပ်ဆိုရာတွင် ပိုမိုသတိထားရန် တိုက်တွန်းထားသည်။ ငွေပေးချေမှုဆိုင်ရာ အန္တရာယ်များကို လျှော့ချနိုင်ရန် အတွက် CIF သို့မဟုတ် CNF စနစ်များဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်းကို ဦးစားပေးသင့်ကြောင်း အကြံပြုထားသည်။

ပြိုင်ဆိုင်မှုများ ပြင်းထန်လာသည့်အတွက် ဗီယက်နမ် သီဟိုဠ်စေ့လုပ်ငန်းအနေဖြင့် ၎င်း၏ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို ဆက်လက်ဆန်းသစ်ရန်လိုအပ်ကြောင်း Vinacas က ယုံကြည်ထားသည်။ မှတ်သားဖွယ်ရာ အချက်တစ်ခုမှာ အာဖရိကနိုင်ငံအများအပြားသည် ပြည်တွင်း၌ သီဟိုဠ်စေ့ထုတ်လုပ်မှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်လာခြင်းဖြစ်သည်။

အာဖရိကရှိ လုပ်ငန်းများသည် လူသားအရင်းအမြစ်၊ အခြေခံအဆောက်အအုံနှင့် ထောက်ပံ့ပို့ဆောင်ရေးတို့တွင် အကန့်အသတ်များရှိသော်လည်း ဒေသထွက်ကုန်ကြမ်းရရှိမှု၊ သယ်ယူပို့ဆောင်ရေးစရိတ် သက်သာမှုနှင့် အစိုးရ၏ ပံ့ပိုးကူညီမှု မူဝါဒများကြောင့် အားသာချက်များစွာရှိနေသည်။ ယင်းမှာ လက်ရှိတွင် ကမ္ဘာ့အကြီးဆုံး သီဟိုဠ်စေ့ ပြုပြင်ထုတ်လုပ်ရာ ဗဟိုချက်ဖြစ်သော ဗီယက်နမ်အတွက် ပြိုင်ဆိုင်မှု ဖိအားအသစ်တစ်ခု ဖြစ်လာသည်။ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် အစဉ်အလာစျေးကွက်တစ်ခုတည်းအပေါ် မှီခိုနေခြင်းကိုရှောင်ကြဉ်ပြီး ပို့ကုန်စျေးကွက်များကို အမျိုးစုံအောင်ချဲ့ထွင်ရန်၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ဖန်တီးနိုင်ရန်နှင့် နိုင်ငံတကာ စျေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရန်အတွက် အဆင့်မြင့်ပြုပြင်ထုတ်လုပ် သည့် သီဟိုဠ်စေ့ ထုတ်ကုန်များတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် တို့ကို Vinacas က အကြံပြုထားကြောင်း သိရသည်။

Source : Vn Economy

Source: https://www.doca.gov.mm/my/node/64507

## တူနာငါးတင်ပို့မှုအရှိန်အဟုန်ကောင်းကို ထိန်းသိမ်းနိုင်ခဲ့သည့် ဗီယက်နမ်

အလားအလာရှိသောစျေးကွက်များတွင် တိုးတက်မှုကောင်းမွန်လာခြင်းကအစဉ်အလာ စျေးကွက်အချို့တွင် ကျဆင်းမှုများကို ထိန်းညှိနိုင်ခဲ့ခြင်းကြောင့် ဗီယက်နမ်နိုင်ငံ၏ တူနာငါးတင်ပို့မှုကဏ္ဍသည် ၂၀၂၆ ခုနှစ်၏ ပထမနှစ်လအတွင်း ကမ္ဘာလုံးဆိုင်ရာစျေးကွက်အပြောင်းအလဲများကြား ဝင်ငွေရရှိမှုတည်ငြိမ်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။ ဗီယက်နမ် ပင်လယ်စာတင်ပို့သူများနှင့်ထုတ်လုပ်သူများအသင်း၏ ဒေတာအရ အဆိုပါကာလအတွင်း စုစုပေါင်း တူနာတင်ပို့မှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၉ သန်း ရှိပြီး ယခင်နှစ်တူညီသည့်ကာလနှင့် တူညီခဲ့ကြောင်း သိရသည်။ စုစုပေါင်း တိုးတက်နှုန်းမှာ သုည ရာခိုင်နှုန်းသာရှိသော်လည်းစျေးကွက်ဖြန့်ဝေမှုပုံစံတွင်အရေးပါသောပြောင်းလဲမှုများဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

အမေရိကန်နိုင်ငံသည် ဗီယက်နမ်၏အကြီးဆုံး တူနာငါးတင်သွင်းရာစျေးကွက်အဖြစ် ဆက်လက် တည်ရှိနေသော်လည်း နည်းပညာဆိုင်ရာတားမြစ်ချက်များနှင့် ပြည်တွင်းစားသုံးမှုမူဝါဒ ပြောင်းလဲမှုများကြောင့် တင်ပို့မှုတန်ဖိုးမှာ ၁၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ အမေရိကန်စျေးကွက်တွင် ကျဆင်းခဲ့သော်လည်း ရုရှား၊ ဂျပန်၊ ဂျာမနီနှင့် အစ္စရေး စသည့် စျေးကွက်အသစ်များတွင် တိုးတက်မှုကောင်းမွန်ခဲ့ပြီး ဗီယက်နမ်လုပ်ငန်းများက အခွင့်အလမ်းများကို လျင်မြန်စွာအသုံးချနိုင်ခဲ့ကြောင်း သိရသည်။ စျေးကွက်မျိုးစုံ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကြောင့် တူနာလုပ်ငန်းကဏ္ဍသည် ဒေသတစ်ခုတည်းအပေါ်တွင်

မှီခိုနေရမှုကို လျှော့ချနိုင်ခဲ့ပြီး တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရပါသည်။ ၎င်းအောင်မြင်မှုများသည် လုပ်ငန်းများ၏ လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်များကို အပြည့်အဝအသုံးချနိုင်မှုကို ပြသနေကြောင်း သိရသည်။

ထို့ပြင် ဂျာမနီကဲ့သို့သော ဥရောပဈေးကွက်များနှင့် ဂျပန်ကဲ့သို့ တင်းကျပ်သော စံနှုန်းများရှိသည့် ဈေးကွက်များ၏ လိုအပ်ချက်များနှင့်ကိုက်ညီရန် ထုတ်ကုန်အရည်အသွေးမြှင့်တင်ရေးကိုလည်း အာရုံစိုက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ လာမည့်ကာလများတွင် တိုးတက်မှု ရည်မှန်းချက်ပြည့်မီရန်အတွက် ကျွမ်းကျင်သူများက ဈေးကွက်အခြေအနေများကို အနီးကပ်စောင့်ကြည့်ရန်၊ သီးသန့်ဈေးကွက်များကို ထပ်မံရှာဖွေရန်နှင့် တူနာထုတ်ကုန်များကို တန်ဖိုးမြှင့်တင်နိုင်ရန် အလွန်နက်ရှိုင်းသော ထုတ်လုပ်မှုလုပ်ငန်းစဉ်များကိုအာရုံစိုက်ရန် အကြံပြုထားကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/64558

## ထိုင်းနိုင်ငံ၌ ကုန်စည် ၅၉ မျိုးအပေါ် စောင့်ကြည့်လျက်ရှိပြီး လောင်စာဆီလုံလောက်စွာရှိသည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E Mrs. Suphajee Suthumpun က ပြောကြားခဲ့

ထိုင်းနိုင်ငံ၌ ကုန်စည် ၅၉ မျိုးအပေါ် စောင့်ကြည့်လျက်ရှိပြီး လောင်စာဆီလုံလောက်စွာ ကျန်ရှိနေသေးသဖြင့် တည်ငြိမ်မှုရှိစေရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E Mrs. Suphajee Suthumpun က တိုက်တွန်းထားကြောင်း သိရသည်။

လောင်စာဆီလုံလောက်စွာရှိနေဆဲဖြစ်ပြီး အဓိကကုန်ပစ္စည်းအုပ်စုခြောက်ခုမှ ထိန်းချုပ်ထားသည့် ကုန်ပစ္စည်း ၅၉ ခု၏ ဈေးနှုန်းများကို အနီးကပ်စောင့်ကြည့်နေကြောင်း၊ စားသုံးသူများအနေဖြင့် ထိတ်လန့်ခြင်း သို့မဟုတ် ကုန်ပစ္စည်းများ သိုလှောင်ခြင်းမပြုရန် ပြည်သူများအားတိုက်တွန်းထားကြောင်း၊ သက်ဆိုင်ရာအေဂျင်စီများက နိုင်ငံတစ်ဝှမ်းတွင် လောင်စာဆီ သိုလှောင်မှုလုံလောက်မှုရှိကြောင်းအတည်ပြုခဲ့ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လက်လီစက်သုံးဆီဈေးနှုန်းများကို တိုက်ရိုက်မသတ်မှတ်ထားသော်လည်း လောင်စာဆီဈေးနှုန်းများကို စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်နှုန်းထားများနှင့်အညီ ဆက်လက်ထားရှိနိုင်စေရန် အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း၊ အချို့သော ဝန်ဆောင်မှု ဌာနများတွင် လောင်စာဆီပြတ်တောက်မှုဆိုင်းဘုတ်များ ထွက်ပေါ်လာခြင်းအတွက် ရှင်းလင်းချက်သည် စွမ်းအင်ဝန်ကြီးဌာနမှ တိုက်ရိုက်လာသင့်ကြောင်း ဝန်ကြီး Suphajee က ပြောကြားခဲ့ သည်။

ကုန်ပစ္စည်းလက်ကျန်အခြေအနေကို အနီးကပ်စောင့်ကြည့်နေပြီး မရှိမဖြစ်ကုန်ပစ္စည်းများကျန်ရှိနေသေးကြောင်း၊ နေ့စဉ်လိုအပ်ချက်များအပေါ် စိုးရိမ်ပူပန်မှုများတည်ငြိမ်စေလိုကြောင်း၊ ထုပ်ပိုးရာတွင်အသုံးပြုသည့် ပလတ်စတစ်အလုံးများ သည် ဧပြီလကုန်အထိ လုံလောက်မှုရှိသော်လည်း ယူရီးယားဓာတ်မြေဩဇာ လက်ကျန်များသည် ဩဂုတ်လအထိ ပြည်တွင်းဝယ်လိုအားကိုကာမိရန် မျှော်လင့်ထားကြောင်း၊ အရှေ့ အလယ်ပိုင်းနှင့် အီရန်တို့ထံမှ နောက်ထပ်သွင်းကုန်အရင်းအမြစ်များကို ရှာဖွေလျက်ရှိကြောင်း၊ ခေါက်ဆွဲခြောက်၊ နို့နှင့် ဓာတ်မြေဩဇာအပါအဝင် ထိန်းချုပ်ကုန်စည် ၅၉ မျိုးကို တရားဝင်ဈေးနှုန်း ထိန်းချုပ်မှု အောက်တွင် ဆက်လက်ထားရှိထားကြောင်း၊ ထိတ်လန့်ကာ စုပြုံဝယ်ယူခြင်း(panic buying)ကြောင့် အတုအယောင်ပြတ်လပ်မှုပုံစံဖြစ်စေနိုင်ပြီး ထောက်ပံ့ရေးကွင်းဆက်များတွင် မလိုလားအပ်သော ဖိအားများဖြစ်စေ နိုင်ကြောင်းကို သတိပေးလိုကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

နိုင်ငံစီးပွားရေးကို ကျယ်ကျယ်ပြန့်ပြန့်ရေရှည်ပျက်စီးမှုမှ ရှောင်ရှားနိုင်စေရန် အစိုးရကမြင့်တက်လာသော ကုန်ကျစရိတ်နှင့် အများပြည်သူ၏နေထိုင်မှုစရိတ်တို့ကြား မျှတအောင်လုပ်ဆောင်နေသဖြင့် ထိတ်လန့်ပြီးကုန်ပစ္စည်းသိုလှောင်ခြင်းများကိုမဆောင်ရွက်စေလိုကြောင်း၊ တိုင်ကြားမှုများရှိပါက ကနဦးစောင့်ကြည့်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းများကို ပြည်နယ်ကုန်သွယ်ရေးရုံးများကဦးဆောင်ကာ သက်ဆိုင်ရာအေဂျင်စီများအားလုံးကို အနီးကပ်ညှိနှိုင်းဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း ဝန်ကြီး Suphajee က ဖြည့်စွက်ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသော ပဋိပက္ခများနှင့်ဆက်နွှယ်နေသည့် တင်းမာမှုများကြားတွင် ဌာနသည် လူသုံးကုန်ပစ္စည်းများဈေးနှုန်းများကို အရှိန်မြင့်ကာ အထူးသဖြင့် ရေနံဈေးနှင့်သွင်းကုန် ကုန်ကြမ်းများနှင့် ကုန်ကျစရိတ်ကို ဆက်စပ်နေသဖြင့် စောင့်ကြည့်နေကြောင်း၊ ကုန်စည်နှင့်ဝန်ဆောင်မှုများဆိုင်ရာ ဈေးနှုန်းဗဟိုကော်မတီ၏ ၂၀၂၅ ခုနှစ် ကြေညာချက်အရ လက်ရှိတွင် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဈေးနှုန်းဥပဒေအရ ဥပဒေအရကြီးကြပ်ကွပ်ကဲရမည့်ကုန်ပစ္စည်း ၅၉ ခုရှိကြောင်း၊ တည်ဆဲစည်းမျဉ်းများအရ၊ ထုတ်လုပ်သူနှင့်ဖြန့်ဖြူးသူများသည် အများသူငှာထိခိုက်နိုင်သော မရှိမဖြစ်လိုအပ်သော

ကုန်ပစ္စည်းများအတွက် ဈေးနှုန်းမမြင့်မီ ကြိုတင်ခွင့်ပြုချက်ရယူရမည်ဖြစ်ကြောင်း၊ ဌာနသည် အရောင်းဈေးနှုန်းချိန်ညှိမှု မျှတမှုရှိ/ မရှိ မဆုံးဖြတ်မီ ကုန်ကျစရိတ်ဖွဲ့စည်းပုံများကို အသေးစိတ်စစ်ဆေးမည်ဖြစ်ကြောင်း၊ ယခုအချိန်အထိ ဈေးနှုန်း တိုးမြှင့်ရန်လုပ်ငန်းများက တင်ပြခြင်းမရှိသေးကြောင်း၊ မသေချာမရေရာသော လက်ရှိကာလတွင် အိမ်ထောင်စုများအပေါ် ဖိအားများဖြေလျှော့ပေးနိုင်ရန် ထုတ်လုပ်သူများနှင့် ဖြန့်ဖြူးရောင်းချသူများကိုလည်း ဈေးနှုန်းများမပြောင်းလဲစေရန် တောင်းဆို ထားကြောင်း ပြည်တွင်းကုန်သွယ်မှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Wittyakorn Maneenet က လုပ်ငန်းစဉ်ကို ရှင်းလင်း ပြောကြားသည်။

မြင့်မားသော ရေနံကုန်ကျစရိတ်နှင့် သယ်ယူပို့ဆောင်ရေးအနှောင့်အယှက်များကြောင့် ထိခိုက်နိုင်သည့် ကုန်ပစ္စည်း အုပ်စု ၆ ခု အနီးကပ်စောင့်ကြည့်မှုစာရင်းတွင် ထည့်သွင်းခဲ့ပြီး ၎င်းတို့မှာ လတ်ဆတ်သော အစားအစာများဖြစ်သည့် ကြက်ဥ၊ ဝက်သားနှင့် ကြက်သား၊ ဆန်၊ ဆီအုန်းနှင့် သစ်သီးများအပါအဝင် အဓိကစိုက်ပျိုးရေးထွက်ကုန်များ၊ တစ်ရှူးစက္ကူနှင့် စက္ကူ ထုပ်ပိုးခြင်းကဲ့သို့သောမရှိမဖြစ် လူသုံးကုန်ပစ္စည်းများ၊ စည်သွတ်အစားအစာ အထူးသဖြင့် ငါးသေတ္တာ၊ သောက်ရေ၊ နို့ဘူးနှင့် ဟင်းသီးဟင်းရွက်ဆီအပါအဝင် ပလတ်စတစ်ထုပ်ပိုးမှုဖြင့် အဖျော်ယမကာနှင့်ကုန်ပစ္စည်းများ၊ ဘိလပ်မြေ၊ သံမဏိအကန့်များ၊ အိမ်ဆေး၊ PVC ပိုက်များနှင့် ကြွေပြားများကဲ့သို့သော ဆောက်လုပ်ရေးပစ္စည်းများဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

လယ်ယာထွက်ကုန်နှင့် သွင်းအားစုများအတွက် ဓာတ်မြေသြဇာအခြေအနေကို အနီးကပ်ခြေရာခံပြီး ထိုင်းနိုင်ငံတွင် ပြည်တွင်းသုံးရန် လုံလောက်စွာကျန်ရှိနေသေးကြောင်း၊ တင်သွင်းသူများသည် မလေးရှား၊ ဘရူနိုင်းနှင့် အိုမန်တို့အပါအဝင် ပဋိပက္ခကြောင့် ထိခိုက်မှုမရှိသောနိုင်ငံများသို့ အရင်းအမြစ်မျိုးစုံကို ဖြန့်ဖြူးပေးခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် စပါး၊ ပြောင်း၊ ဆီအုန်းနှင့် အသီးအနှံများအတွက် အဓိကစိုက်ပျိုးသည့် ဧရိယာများကို မေလမှ ဩဂုတ်လမတိုင်မီ တစ်နိုင်ငံလုံးရှိ တောင်သူ များထံ တိုက်ရိုက်ဓာတ်မြေသြဇာပံ့ပိုးပေးနိုင်ရန် ဦးစီးဌာနက ပြင်ဆင်လျက်ရှိကြောင်း၊ စိုက်ပျိုးမှုအဆင့်တိုင်းတွင် သီးနှံအားလုံး အတွက် သင့်လျော်သောဖော်မြူလာများပါဝင်သော ယူရီးယား၊ ဖော့စဖိတ်နှင့်ပိုတက်စီယမ် ဓာတု ဓာတ်မြေသြဇာသုံးမျိုးကို အဓိကထားအာရုံစိုက်မည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ ထုတ်လုပ်မှု ကုန်ကျစရိတ်ကို လျှော့ချရာတွင်ကူညီရန် ဘတ်ဂျက် “Green Flag” ဓာတ်မြေသြဇာပွဲများကို ပြင်ဆင်နေကြောင်း၊ ဈေးကွက်ကိုကြီးကြပ်ရန်အတွက် ပြည်တွင်း ကုန်သွယ်မှုဦးစီးဌာနသည် လစဉ် Three-tier စောင့်ကြည့်ရေးစနစ်ကို အသုံးပြုနေကြောင်း၊ Sensitive List တွင် ဓာတု ဓာတ်မြေသြဇာ၊ ဥ၊ ဝက်သား၊ ဟင်းသီးဟင်းရွက်ဆီ၊ ဒီဇယ်နှင့် ပလတ်စတစ်အမှုန့်များအပါအဝင် ပစ္စည်း ၁၈ ခု ပါဝင်ပြီး တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးခြင်းများဖြင့်နေ့စဉ်စောင့်ကြည့်လျက်ရှိကြောင်း Mr Wittyakorn က ဖြည့်စွက်ပြောကြား ခဲ့သည်။

ဦးစားပေးစောင့်ကြည့်စာရင်းတွင် အစားအစာ၊ နို့မှုန့်၊ ပိုးသတ်ဆေးနှင့် Hot-rolled steel sheet စသည့် ပစ္စည်းလေးမျိုးပါဝင်ပြီး သိုလှောင်ခြင်းမှကာကွယ်ရန် တစ်ပတ်လျှင်နှစ်ကြိမ် ပြန်လည်သုံးသပ်ကြောင်း၊ စောင့်ကြည့်စာရင်းတွင် ဆပ်ပြာနှင့် အဝတ်လျှော်ဆပ်ပြာကဲ့သို့သောပစ္စည်း ၁၉၇ ခုပါဝင်ပြီး ၁၅ ရက် တစ်ကြိမ်စစ်ဆေးကြောင်း၊ လက်ရှိ ပြည်တွင်း ကုန်စည်နှင့် ဈေးနှုန်းအခြေအနေကို အစိုးရက သိုလှောင်မှုပမာဏနှင့်ကုန်ကျစရိတ်ဖွဲ့စည်းပုံနှစ်ခုစလုံးကို ဆက်လက်ခြေရာ ခံပြီး နိုင်ငံတဝှမ်းထောက်ပံ့မှု လုံလောက်စွာရှိနေကြောင်း သေချာစေရန်အတွက် လက်ရှိပြည်တွင်းကုန်စည်နှင့် ဈေးနှုန်း အခြေအနေကို ဆက်လက်ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ လိုအပ်သည်ထက်ပို၍ သိုလှောင်ခြင်းထက် ကုန်ပစ္စည်းများကို ကျယ်ကျယ် ပြန့်ပြန့် တရားမျှတစွာ ဖြန့်ဝေနိုင်စေရန် ပြည်သူများအား လိုအပ်သည်များနှင့်အညီ ပမာဏအလိုက် သင့်လျော်သော ပမာဏ ဖြင့် ဝယ်ယူကြရန်တိုက်တွန်းလိုကြောင်း၊ စွမ်းအင်ချွေတာရန်၊ ဂရုတစိုက်သုံးစွဲရန်နှင့် အစိုးရ၏နောက်ဆုံးသတင်းများကို အနီးကပ်လိုက်နာရန် ကဏ္ဍအားလုံးအား တိုက်တွန်းခဲ့ပြီး ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်ပါက ထိုင်းနိုင်ငံသည် လက်ရှိ မတည်မငြိမ်ဖြစ်မှုကို ချောမွေ့စွာကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

အမြတ်ထုတ်ခြင်းအား သတိပေးမှုအနေဖြင့် အခွင့်ကောင်းဈေးတက်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ရောင်းချရန် ငြင်းဆိုခြင်းမှန်သမျှသည် တင်းကျပ်သော ဥပဒေဖြင့် အရေးယူခံရမည်ဖြစ်ကြောင်း၊ ဈေးနှုန်းများကို ဖော်ပြရန် ပျက်ကွက်ပါက ဒဏ်ငွေဘတ် ၁၀,၀၀၀ အထိ ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းများကို ကျိုးကြောင်းဆီလျော်စွာ ဈေးနှုန်းကြီးမြင့်စွာ ရောင်းချခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ရောင်းချရန် ငြင်းဆိုခြင်းတို့သည် ထောင်ဒဏ်ခုနစ်နှစ်အထိ၊ ငွေဒဏ်ဘတ် ၁၄၀,၀၀၀

အထိ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်း၊ အများပြည်သူအနေဖြင့် သံသယရှိဖွယ်ဖောက်မှုများကို ပြည်တွင်းကုန်သွယ်မှုဌာန ၏ hotline 1569 သို့ တိုင်ကြားနိုင်ကြောင်း ဦးစီးဌာန ထုတ်ပြန်ထားချက်အရ သိရသည်။

Source https://www.nationthailand.com/news/general/40063901

(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_23032026_14:40

## အထည်ချုပ်ပို့ကုန်ဈေးကွက်တွင် ဗီယက်နမ်၏ လက်ဦးမှုကြောင့် ဖိအားများနှင့် ရင်ဆိုင်နေရသော ဘင်္ဂလားဒေ့ရှ်

ဘင်္ဂလားဒေ့ရှ် ပို့ကုန်စီးပွားရေးတွင် အဓိကပါဝင်သော အသင့်ဝတ် (Ready-made) အထည်ချုပ်ကဏ္ဍသည် ကမ္ဘာ့ကုန်သွယ်မှု အပြောင်းအလဲများနှင့် အနီးကပ်ဆုံးပြိုင်ဘက် ဗီယက်နမ်၏ ဈေးကွက် လက်ဦးမှုတို့ကြောင့် လာမည့်နှစ်များတွင် ဖိအားများနှင့် တွေ့ကြုံရမည်ဖြစ်သည်။

တရုတ်၊ ဘင်္ဂလားဒေ့ရှ်နှင့် ဗီယက်နမ်တို့သည် ကမ္ဘာ့အထည်ချုပ်တင်ပို့မှုတွင် ပထမ၊ ဒုတိယနှင့် တတိယနေရာများ၌ လေးနှစ်ကြာရပ်တည်ခဲ့ကြပြီး ဘင်္ဂလားဒေ့ရှ်သည် ဥရောပဈေးကွက်ကို ချုပ်ကိုင်ထားကာ ဗီယက်နမ်က အမေရိကန် ဈေးကွက်ကို ချုပ်ကိုင်ထားသောကြောင့် ကမ္ဘာ့အထည်ချုပ်ကဏ္ဍတွင် အင်အား ယှဉ်ပြိုင်မှုများ ပေါ်ပေါက်လာရခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ် ပို့ကုန်ဝင်ငွေစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကျော်မှာ ဥရောပဈေးကွက်မှဖြစ်ပြီး Eurostat ၏ အချက်အလက်များအရ ပြီးခဲ့သည့်နှစ်က ဘင်္ဂလားဒေ့ရှ်မှ ဥရောပသမဂ္ဂသို့ အထည်ချုပ်ပို့ကုန်သည် ၂၀ ဒသမ ၇၈ ရာခိုင်နှုန်းမှ ၂၁ ဒသမ ၅၇ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ကြောင်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၃ ဘီလီယံမှ ၁၉ ဒသမ ၄ ဘီလီယံသို့ မြင့်တက်ခဲ့ကြောင်း၊ ဥရောပသမဂ္ဂသို့ ဘင်္ဂလားဒေ့ရှ်၏ အထည်ချုပ်ပို့ကုန်သည် ၅ နှစ်အတွင်း ပုံမှန်တိုးတက်လာခြင်းဖြစ်ကြောင်း တွေ့ရသည်။

ပြီးခဲ့သည့်နှစ်က ဥရောပသမဂ္ဂဈေးကွက်သို့ ဗီယက်နမ်အထည်ချုပ်တင်ပို့မှုသည် ဈေးကွက်ဝေစု၏ ၄ ဒသမ ၈၆ ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံနီးပါးသာရှိသော်လည်း တဖြည်းဖြည်းခြင်း တိုးတက်နေကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်၏ ဈေးကွက်ဝေစုမှာ ၄ ဒသမ ၅၃ ရာခိုင်နှုန်းသာရှိကြောင်း၊ တရုတ်က ဥရောပသမဂ္ဂအထည်ချုပ်ဈေးကွက်တွင် ၂၉ ဒသမ ၅၄ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေပြီး၊ ဘင်္ဂလားဒေ့ရှ်က ၂၁ ဒသမ ၅၇ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ တူကီယဲက ၉ ဒသမ ၂၇ ရာခိုင်နှုန်းခန့်ဖြင့် တတိယ၊ အိန္ဒိယနှင့် ကမ္ဘောဒီးယားတို့က ၅ ရာခိုင်နှုန်းဖြင့် စတုတ္ထနှင့် ပဉ္စမ၊ ဗီယက်နမ်က ဆဋ္ဌမ နေရာ တွင် အသီးသီး ရပ်တည်နေကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်သည် ဥရောပသမဂ္ဂဈေးကွက်တွင် နေရာအခိုင်အမာရရှိထားခြင်းမှာ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက် ဥရောပသမဂ္ဂမှပေးအပ်သည့် Everything But Arms-EBA အခွင့်အရေးအရ အခွန်ကင်းလွတ်ခွင့်ကြောင့်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်တွင်လည်း ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ သို့သော် ၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်က ဥရောပသမဂ္ဂနှင့် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် (FTA) ကိုချုပ်ဆိုလိုက်ရာ လာမည့်နှစ်မှစ၍ ဗီယက်နမ်ကုန်ပစ္စည်း ၇၁ ရာခိုင်နှုန်းခန့်သည် ဥရောပသမဂ္ဂသို့ အခွန်ကင်းလွတ်ခွင့်ရပြီး၊ ကျန်ထုတ်ကုန်များကို အခွန်နှုန်း ၄ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအတွင်းသာကောက်ခံကာ တဖြည်းဖြည်းခြင်းလည်း လျှော့ချသွားမည်ဖြစ်ကြောင်း၊ သဘောတူစာချုပ်ကို အပြည့်အဝအကောင်အထည်ဖော်ပါက ဥရောပတွင် ဗီယက်နမ်၏ ယှဉ်ပြိုင်နိုင်စွမ်း သိသိသာသာ အားကောင်းလာပြီး ဘင်္ဂလားဒေ့ရှ်၏ ဈေးနှုန်းအားသာချက်ကို ကျော်ဖြတ်သွားမည်ဖြစ်ကြောင်း၊ အလားတူ အိန္ဒိယကလည်း ဥရောပသမဂ္ဂနှင့် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်ကို အကောင်အထည်ဖော် ပါက အထည်ချုပ်နှင့် သားရေထုတ်ကုန်များအပါအဝင် အိန္ဒိယပို့ကုန်အမျိုးမျိုးကို အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့နိုင်ပြီး ဈေးကွက်ယှဉ်ပြိုင်မှုမှာ ပိုမို ပြင်းထန်လာနိုင်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်က ဥရောပကို စိုးမိုးနေချိန်တွင် ဗီယက်နမ်က အမေရိကန်သို့ အဝတ်အထည်တင်ပို့မှုတွင် ဘင်္ဂလားဒေ့ရှ်ထက် နှစ်ဆခန့် ပိုမိုကြောင်း၊ အမေရိကန်ချည်မျှင်၊ အထည်အလိပ်နှင့် အဝတ်အထည်ရုံး (OTEXA) ၏ စာရင်းဇယားများအရ ၂၀၂၅ ခုနှစ်တွင် အမေရိကန်သို့ ဘင်္ဂလားဒေ့ရှ်မှ အဝတ်အထည် တင်သွင်းမှုသည် ဈေးကွက်ဝေစု၏ ၁၀ ဒသမ ၅၃ ရာခိုင်နှုန်း ၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံရှိပြီး၊ ဗီယက်နမ်က ဈေးကွက်ဝေစု၏ ၂၁ ဒသမ ၅ ရာခိုင်နှုန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၇ ဘီလီယံ အထိ တင်ပို့ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်ထုတ်လုပ်သူများသည် တန်ဖိုးမြင့်ထုတ်ကုန် (higher value-added) နှင့် ဖက်ရှင်ဒီဇိုင်းကို ဦးစားပေးသည့် အဝတ်အထည်များကို ထုတ်လုပ်ခြင်းကြောင့် ပို့ကုန်ပမာဏနည်းပါးသော်လည်း ဈေးကွက်အတွင်း ဈေးကောင်းရရှိနေကြောင်း ဘင်္ဂလားဒေ့ရှ် အထည်ချုပ်ထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ Mahmood Hasan Khan ၏ ပြောကြား ခဲ့သည်။ ထို့ပြင် ဗီယက်နမ်၏ တရုတ်နှင့် နယ်နိမိတ်ချင်းထိစပ်နေမှုသည် ကုန်ကြမ်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် လျှင်လျှင်မြန်မြန်ရရှိကာ ထုတ်လုပ်မှုကြာမြင့်ချိန်နှင့် သယ်ယူပို့ဆောင်စရိတ်များကို လျှော့ချနိုင်ကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်မှု ပိုမိုပြင်းထန်လာသည်နှင့်အမျှ ဘင်္ဂလားဒေ့ရှ်အနေဖြင့် ကမ္ဘာ့အထည်ချုပ်ကဏ္ဍတွင် ၎င်း၏နေရာကို ဆက်လက် ထိန်းသိမ်းထားနိုင်ရန် ထုတ်ကုန်များ၏ တန်ဖိုးမြှင့်တင်မှု (Value Addition)နှင့် ထောက်ပံ့ ပို့ဆောင်မှုကွင်းဆက် (Supply Chain) ကို မြှင့်တင်ရန်လိုအပ်ကြောင်း **pressenza** နိုင်ငံတကာ သတင်းဌာန က ဖော်ပြထားသည်။

Source: https://myantrade.gov.mm/article/naypyitaw_233202613:00

## အမေရိကန်နှင့် အန်ဂိုလာတို့မှ ရေနံစိမ်းများကြောင့် ထိုင်းနိုင်ငံ၏ လောင်စာလုံလောက်မှုရှိနေသေးကြောင်း စွမ်းအင်ဝန်ကြီး H.E Mr. Auttapol Rerkpiboon က ပြောကြားခဲ့

အန်ဂိုလာနိုင်ငံမှ ရေနံစိမ်းစည်ပေါင်း ၂ သန်းနီးပါးနှင့် အမေရိကန်နိုင်ငံမှ ရေနံစိမ်းစည်ပေါင်း ၂ သန်းနီးပါးကို လုံခြုံ စိတ်ချစွာရယူနိုင်ခဲ့သောကြောင့် ထိုင်းနိုင်ငံ၌ လောင်စာလုံလောက်မှုရှိကြောင်း စွမ်းအင်ဝန်ကြီး H.E Mr. Auttapol Rerkpiboon က ပြောကြားခဲ့သည်။

သင်္ကြန်ပွဲတော်မတိုင်မီ စွမ်းအင်လုံခြုံရေးကိုမြှင့်တင်ရန် အစိုးရက ကြိုးပမ်းနေချိန်တွင် အန်ဂိုလာနှင့် အမေရိကန်တို့မှ ရေနံစိမ်းဝယ်ယူထားမှုကြောင့် ပြည်တွင်းလောင်စာဆီလုံလောက်စွာရှိနေကြောင်း၊ အန်ဂိုလာမှ စည်ပေါင်း ၂ သန်းနီးပါးနှင့် အမေရိကန်မှ စည်ပေါင်း ၆၀၀,၀၀၀ ကျော်ကို ထိုင်းနိုင်ငံမှထပ်မံဝယ်ယူရန်သဘောတူထားပြီး အရင်းအမြစ်မှ ရေနံစိမ်း ထောက်ပံ့မှုနှင့် သန့်စင်မှုပမာဏမှာ လုံလောက်မှုရှိနေဆဲဖြစ်ကြောင်း၊ နိုင်ငံ၏သန့်စင်မှုလုပ်ငန်းသည် စွမ်းဆောင်ရည်ပြည့်ဝစွာ လည်ပတ်နေပြီး အချို့ အားလပ်ရက် ခရီးသွားလာမှုအတွင်း ပြည်တွင်းဝယ်လိုအားအတွက် လောင်စာအလုံအလောက်ရှိစေရန် အတွက် ပုံမှန်အဆင့် ထက်ကျော်လွန်လုပ်ဆောင်ရန်ညွှန်ကြားထားကြောင်း၊ လက်ရှိပြဿနာမှာ ရေနံစိမ်း ပြတ်လပ်မှုမဟုတ်ဘဲ အချို့သောဝန်ဆောင်မှုဌာနများသို့ စက်သုံးဆီများသယ်ယူရာတွင် ထိတ်လန့်ခြင်း သို့မဟုတ် သိုလှောင်ခြင်းမပြုရန် ပြည်သူများ ကအလေးပေးပြောကြားခဲ့ကြောင်း အစိုးရအိမ်တော်တွင် ဝန်ကြီးအဖွဲ့အစည်းအဝေးအပြီးတွင် Auttapol က ပြောကြားခဲ့သည်။

အန်ဂိုလာနှင့်အမေရိကန်ဝယ်ယူမှုများသည် ထောက်ပံ့ရေးကြားခံများကိုအားကောင်းစေကြောင်း၊ ဝယ်ယူမှုအသစ်များ သည် အရှေ့အလယ်ပိုင်းနှင့်ဆက်စပ်နေသည့် အလားအလာရှိသော ထောက်ပံ့မှုအန္တရာယ် မှ ထိုင်းနိုင်ငံ၏ကူးပြောင်းမှုကို ထက်မြက်စေကြောင်း၊ ဝန်ကြီးဌာနသည် ဟော်မုဇ်ရေလက်ကြားတစ်ဝိုက်တွင် အနှောင့်အယှက်ဖြစ်စေမည့်ထိတွေ့မှုကို လျှော့ချ ရန် ၎င်း၏ရေနံစိမ်းတင်သွင်းမှုအစီအစဉ်ကို ဧပြီလနှောင်းပိုင်းတွင် ပြုပြင်ပြောင်းလဲရန်မျှော်လင့်ထားကြောင်း၊ အန်ဂိုလာနှင့် အမေရိကန်တို့မှ ထပ်မံရရှိမည့်ရေနံစိမ်းများသည် ထိုင်းနိုင်ငံအတွက် အန္တရာယ်များသောလမ်းကြောင်းများ သို့မဟုတ် မသေချာ မရေရာသော အစီအစဉ် များကိုသာ အားကိုးစရာမလိုအပ်ဘဲ အခြားရင်းမြစ်များမှ ရေနံစိမ်းများကို လုံခြုံစွာရရှိနိုင်သည်ကို ပြသခဲ့ကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

သင်္ကြန်ပွဲတော်မတိုင်မီ သိမ်းဆည်းခြင်းမပြုရန် ပြည်သူများအား တိုက်တွန်းထားပြီး သင်္ကြန်ပွဲတော်အတွက် အရေးပေါ် အစီအစဉ်နှင့်ပတ်သက်၍ သန်းနှင့်ချီသောပြည်သူတို့၏မွေးရပ်မြေများသို့ ပြန်လည်ထွက်ခွာရန် မျှော်လင့်ထားသောကြောင့် နိုင်ငံ တစ်ဝန်းလောင်စာဆီကျန်ရှိနိုင်စေရန်အတွက် သန့်စင်စက်ရုံများကို ထုတ်လုပ်မှုမြှင့်တင်ရန် အမိန့်ထုတ်ထားကြောင်း၊ စက်သုံး ဆီဆိုင်များတွင် သီးခြားခွဲထုတ်ထားသော ထောက်ပံ့မှုပြတ်တောက်မှုများကို လွန်ကဲစွာတုံ့ပြန်ခြင်းမပြုရန် စားသုံးသူများအား ပန်ကြားထားကြောင်း၊ အချို့အရောင်းဆိုင်များသည် တစ်ခါဝယ်ယူမှုလျှင် ဘတ် ၅၀၀ နှုန်းဖြင့် ဝယ်ယူမှုများရှိနေကြောင်း သတင်းများတွင်တွေ့ရှိရကာ ၎င်းသည် ဝန်ကြီးဌာန၏အမိန့်မဟုတ်ဘဲ တစ်ဦးချင်းဆိုင်ပိုင်ရှင်များ၏ လုပ်ငန်းဆောင်ရွက်မှု ဆုံးဖြတ်ချက်ဖြစ်ကြောင်း၊ အချို့နေရာများတွင် သယ်ယူပို့ဆောင်ရေးစက်ဝန်းများ လုံလောက်စွာ မမြန်ဆန်နိုင်သဖြင့် အော်ပရေတာများအား အလုပ်ခွင်တွင်ယာယီခွဲတမ်းရောင်းချမှုများ ပြုလုပ်နိုင်စေကြောင်း ဝန်ကြီးကဆက်လက် ပြောကြား ခဲ့သည်။

ထိုင်းရေနံရောင်းဝယ်ရေးသည် လွတ်လပ်သောဈေးကွက်စနစ်အောက်တွင် လည်ပတ်နေပြီး ကုန်သည်များသည် နိုင်ငံ၏အဓိကရေနံကုန်သည်အဖြစ် PTT မှတစ်ဆင့် ဈေးကွက်ယန္တရားကို ဖြတ်သန်း၍ ရုရှားထံမှ ဝယ်ယူမှုများကို ညှိနှိုင်းနိုင်ကြောင်း၊ သို့သော် ရုရှားရေနံစိမ်းမှန်သမျှကို အထူးနှုန်းထားထက် ဈေးကွက်ပေါက်ဈေးဖြင့် ရောင်းချမည်ဖြစ်ပြီး ငွေပေးချေမှုစနစ်များနှင့် ကန့်သတ်ရက် ၃၀ အမေရိကန် ကင်းလွတ်ခွင့်သည် အန္တရာယ်များရှိနေသေးကြောင်း၊ အရှေ့အလယ်ပိုင်း အနှောင့်အယှက်များနှင့် ဆက်နွှယ်နေသည့်ရေနံစိမ်းအပေါ်မှီခိုမှုကိုလျှော့ချရန်အတွက် အစိုးရက အစားထိုးလောင်စာများမြှင့်တင်ခြင်းနှင့် သွင်းကုန်ရင်းမြစ်များကျယ်ပြန့်လာစေရန် ရေနံကုန်သည်များအတွက် မဖြစ်မနေအရန်များတိုးမြှင့်လုပ်ဆောင်နေသည်ဟု ပြောကြားထားပြီးဖြစ်ကြောင်း၊ ထိုင်း၏ရေနံအရန်သိုလှောင်မှုမှာ ၉၅ ရက်ခန့်အထိမြင့်တက်သွားခဲ့ပြီး အများပြည်သူများ မတည်မငြိမ်မဖြစ်စေရန် ဒီဇယ်ဈေးနှုန်းများကို ထိန်းချုပ်ထားဆဲဖြစ်ကြောင်း ဝန်ကြီးက သုံးသပ်ပြောကြားခဲ့သည်။

ထိုင်းအစိုးရသည် အရှေ့အလယ်ပိုင်းတွင် တင်းမာမှုများအရှိန်မြင့်လာချိန်မှစ၍ စွမ်းအင်ခံနိုင်ရည်ရှိရေး အစီအမံများကို အရှိန်မြှင့်လုပ်ဆောင်နေပြီး အာဏာပိုင်များက လောင်စာဆီလုံလောက်စွာရရှိနိုင်ကြောင်းကို အလေးပေးပြောကြားခဲ့ကြောင်း၊ မကြာသေးမီကဆောင်ရွက်ချက်များတွင် ကုန်သည်များအတွက်မဖြစ်မနေ ရေနံအရန်ပမာဏကို ၂၀၂၆ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ၁ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်း အထိမြှင့်တင်ပေးခြင်း၊ ဇီဝဒီဇယ်ရောစပ်ခြင်း တိုးမြှင့်ခြင်းနှင့် အီသနောအခြေခံလောင်စာများကို ပိုမို ကျယ်ပြန့်စွာအသုံးပြုခြင်းကို အားပေးခြင်းတို့ပါဝင်ကြောင်း သိရသည်။

Source: https://www.nationthailand.com/business/economy/40063908

(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_20032026-12:37

## အနောက်အာရှအကျပ်အတည်း လောင်စာဆီထောက်ပံ့မှုတည်ငြိမ်ကြောင်း အိန္ဒိယအစိုးရပြောကြားပြီး အိမ်သုံးလောင်စာဓာတ်ငွေ့(LPG) မှာယူမှု ၇၇ သိန်းအထိလျော့ကျသွား

အနောက်အာရှဒေသတွင် တင်းမာမှုများဖြစ်ပွားနေသော်လည်း ဓာတ်ဆီ၊ ဒီဇယ်နှင့် အိမ်သုံးလောင်စာဓာတ်ငွေ့ ပြတ်လပ်မှုမရှိကြောင်း အိန္ဒိယအစိုးရက အတည်ပြုပြောကြားထားစဉ်အတွင်း အိမ်သုံးလောင်စာ ဓာတ်ငွေ့(LPG)ပြန်လည်ဖြည့်တင်းရန်ကြိုတင်မှာယူမှုများသည် ယခင်က ၈၈ ဒသမ ၈ သိန်းခန့်ရှိခဲ့ရာမှ ၇၇ သိန်းခန့်အထိကျဆင်းသွားခဲ့ပြီး စိုးရိမ်စိတ်ဖြင့် အလုအယက်ဝယ်ယူမှုများ လျော့ကျလာသည့် လက္ခဏာဖြစ်ကြောင်း ET Energy World သတင်းဌာနက ယခုလ ၁၆ ရက်က ဖော်ပြခဲ့သည်။

လက်ရှိအခြေအနေနှင့်ပတ်သက်သည့် အစိုးရ၏နေ့စဉ်အစီရင်ခံစာအရ အိမ်သုံးလောင်စာ ဓာတ်ငွေ့ဖြန့်ဖြူးရောင်းချသူများထံ လူကိုယ်တိုင်သွားရောက်မည့်အစား ဒစ်ဂျစ်တယ်ပလက်ဖောင်းများကိုအသုံးပြုရန် ရေနံချက်လုပ်ရောင်းချသည့်ကုမ္ပဏီများ၏ တိုက်တွန်းနိုးဆော်မှုများကြောင့် အွန်လိုင်းမှတစ်ဆင့် မှာယူမှုနှုန်းသည် ၈၄ ရာခိုင်နှုန်းမှ ၈၇ ရာခိုင်နှုန်းခန့်အထိ တိုးတက်လာကြောင်း သိရသည်။

ပြည်တွင်းရှိရေနံချက်စက်ရုံများအားလုံးသည် မြင့်မားသောလုပ်ငန်းလည်ပတ်မှုနှုန်းဖြင့် လုပ်ဆောင်လျက်ရှိကြပြီး ရေနံစိမ်းသိုလှောင်ထားရှိမှုမှာလည်း လုံလောက်သောအခြေအနေတွင်ရှိနေကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် ဓာတ်ဆီနှင့် ဒီဇယ်ထုတ်လုပ်မှုတွင် ကိုယ်တိုင်ဖူလုံလျက်ရှိပြီး ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းရန်အတွက် ပြင်ပမှတင်သွင်းရန် မလိုအပ်ဟုဆိုသည်။

ရေနံချက်လုပ်ရောင်းချသည့် ကုမ္ပဏီများ၏အဆိုအရ နိုင်ငံတစ်ဝန်းတွင် စက်သုံးဆီထောက်ပံ့မှုများသည် ပုံမှန်အခြေအနေတွင်ရှိနေပြီး စက်သုံးဆီဆိုင်များ သို့မဟုတ် အိမ်သုံးဂက်စ်ဓာတ်ငွေ့ဖြန့်ဖြူးရောင်းချသူများထံတွင် လောင်စာဆီ ပြတ်လပ်မှုမျိုးမရှိကြောင်း သိရသည်။

အဆိုပါအစီရင်ခံစာ၏ဖော်ပြချက်အရ အိမ်သုံးဂက်စ်အိုးများအတွက် ကြိုတင်မှာယူမှုများသည် မတ်လ ၁၃ ရက်နေ့တွင် ၈၈ ဒသမ ၈ သိန်းရှိခဲ့ရာမှ ၇၇ သိန်းခန့်အထိကျဆင်းသွားခဲ့ပြီး အွန်လိုင်းမှတစ်ဆင့် မှာယူမှုနှုန်း မှာ ၈၇ ရာခိုင်နှုန်းနီးပါးအထိ မြင့်တက်လာခဲ့ကြောင်း တွေ့ရသည်။

အစိုးရအနေဖြင့် အိမ်ထောင်စုများအပြင် ဆေးရုံများ၊ ကျောင်းများနှင့် အခြားအရေးကြီးသောအဖွဲ့အစည်းများကဲ့သို့ သောမရှိမဖြစ်လိုအပ်သည့်ဝန်ဆောင်မှုကဏ္ဍများအတွက် လောင်စာဆီထောက်ပံ့မှုများကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဘီဟာ(Bihar)၊ ဒေလီ(Delhi)၊ ဟာရီယာနာ(Haryana)နှင့် ရာဂျပ်စသန် (Rajasthan) အပါအဝင် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအများအပြားသည် ဗဟိုအစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ အိမ်သုံးမဟုတ်သော LPG များအား စနစ်တကျခွဲဝေချထားပေးရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။ လောင်စာဆီများကို သိုလှောင်ခြင်းနှင့် မှောင်ခိုရောင်းချခြင်းများကို တားဆီးရန်အတွက် အရေးယူဆောင်ရွက်ရေးအဖွဲ့များက စစ်ဆေးမှုများကို တိုးမြှင့်လုပ်ဆောင်နေကြောင်း သိရသည်။

အန္ဒြာပရာဒေ့ရှ်(Andhra Pradesh)နှင့် ဘီဟာကဲ့သို့သောပြည်နယ်များတွင် ဝင်ရောက်စီးနင်း စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီး နိုင်ငံပိုင်ရေနံချက်လုပ်ရောင်းချသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများသည်လည်း ဖြန့်ဖြူးမှုများချောမွေ့စေရန်အတွက် LPG အေဂျင်စီများသို့ ရှောင်တခင် ဝင်ရောက်စစ်ဆေးမှုများ ပြုလုပ်လျက် ရှိကြောင်း PTI သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

နိုင်ငံတစ်ဝန်းတွင် ဓာတ်ဆီနှင့် ဒီဇယ်လက်ကျန်လုံလောက်စွာရှိကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့ပြီး စားသုံးသူများအနေဖြင့် စိုးရိမ်စိတ်ဖြင့် အလုအယက်ဝယ်ယူခြင်းများမပြုလုပ်ရန် ၎င်းတို့က တိုက်တွန်းပြောကြားခဲ့သည်။

အိန္ဒိယအလံလွှင့်ထူထားပြီးအိမ်သုံးလောင်စာ ဓာတ်ငွေ့(LPG)တင်ဆောင်လာသည့် Shivalik နှင့် Nanda Devi အမည်ရှိ သင်္ဘောနှစ်စင်းသည် ဟော်မုဇ်ရေလက်ကြား(Strait of Hormuz)ကို မတ်လ ၁၄ ရက် (စနေနေ့)နံနက်ပိုင်းတွင် အောင်မြင်စွာဖြတ်သန်းနိုင်ခဲ့ကြောင်း ဆိပ်ကမ်း၊ သင်္ဘောနှင့် ရေကြောင်းပို့ဆောင်ရေး ဝန်ကြီးဌာန၏ အထူးအတွင်းဝန် Rajesh Kumar Sinha ကပြောကြားခဲ့သည်။ အဆိုပါ သင်္ဘောများသည် အိန္ဒိယနိုင်ငံသို့ မတ်လ ၁၆ ရက်နှင့် ၁၇ ရက်နေ့များတွင် ဆိုက်ရောက်မည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း ET Energy World သတင်းဌာနက မတ်လ ၁၅ ရက်က ဖော်ပြသော သီးခြားသတင်းတစ်ပုဒ်အရ သိရသည်။

Ref: 1) ET Energy World, West Asia crisis: LPG bookings drop to 77 lakh as govt says fuel supplies stable, March 16, 2026.

2) ET Energy World, Two Indian LPG carriers head to India after crossing Hormuz strait, March 15, 2026.

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source:https://myantrade.gov.mm/article/STP(Ygn)_20032026_12:16

## တန်ဇန်းနီးယားပျားရည် နိုင်ငံတကာ အရည်အသွေးစစ်ဆေးမှုအောင်မြင်

တန်ဇန်းနီးယား သစ်တောဝန်ဆောင်မှုအေဂျင်စီ(TFS)သည် နိုင်ငံတကာအသိအမှတ်ပြု ဂျာမနီနိုင်ငံရှိ ဓာတ်ခွဲခန်းတစ်ခုသို့ ပေးပို့စစ်ဆေးခဲ့သော ပျားရည်နမူနာများ၏ ရလဒ်များကို ထုတ်ပြန်ခဲ့သည်။ စစ်ဆေးမှု ရလဒ်အရ ပျားရည်နမူနာ ၉၆ ရာခိုင်နှုန်းသည် ကမ္ဘာ့အရည်အသွေးစံနှုန်းများနှင့် ကိုက်ညီမှုရှိကြောင်း သိရသည်။ ဤစစ်ဆေးမှုရလဒ်သည် တန်ဇန်းနီးယားနိုင်ငံအတွက် ဥရောပသမဂ္ဂ (EU) ဈေးကွက်သို့ ဆက်လက်ဝင်ရောက်ခွင့်ရရှိစေပြီး၊ ဥရောပနိုင်ငံများသို့ ပျားရည်များ ဆက်လက်တင်ပို့နိုင်စေမည်ဖြစ်သည်။ TFS ၏ ထိန်း သိမ်းစောင့်ရှောက်ရေးဆိုင်ရာ ကော်မရှင်နာမင်းကြီး ပါမောက္ခ Dos Santos Silayo က ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင်စတင်ပြီး ဖေဖော်ဝါရီလ ၂၃ ရက်တွင်ပြီးဆုံးမည့် Morogoro ဒေသ၌ ကျင်းပသော TFS ခေါင်းဆောင်များနှင့်စခန်းမှူးများ၏စတုတ္ထအကြိမ်မြောက်အစည်းအဝေးတွင် အထက်ပါအတိုင်း ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးကို သဘာဝသယံဇာတနှင့်ခရီးသွားလာရေးဝန်ကြီး ဒေါက်တာ Ashatu Kijaji ကိုယ်စား ဒုတိယဝန်ကြီး Hamad Chande က ဖွင့်လှစ်ပေးခဲ့သည်။ ပါမောက္ခ Silayo က အေဂျင်စီအနေဖြင့် ပျားမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ဦးစားပေးဆောင်ရွက်နေကြောင်းနှင့် နိုင်ငံအတွင်း ပျားထွက်ပစ္စည်းများ ထုတ်လုပ်ရန်အတွက် ကြွယ်ဝသောသယံဇာတများရှိကြောင်း ပြောကြားခဲ့သည်။ အရည်အသွေးကို သေချာစေရန်အတွက် အေဂျင်စီသည် တန်ဇန်းနီးယားပျားရည်၏ မြင့်မားသောစံနှုန်းများကို သက်သေပြနိုင်ရန်အတွက် နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများတွင်နှစ်စဉ်အထူးစစ်ဆေးမှုများပြုလုပ် လျက်ရှိကြောင်း ရှင်းပြခဲ့သည်။ ၎င်းက ခရိုင်ပေါင်း ၃၄ ခုမှ ပျားရည်နမူနာ ၇၀ ကို စုဆောင်း၍

ဂျာမနီနိုင်ငံရှိ ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခဲ့ကြောင်း ပြောကြားခဲ့သည်။ စစ်ဆေးချက်အရ ၉၆ ရာခိုင်နှုန်းသည် နိုင်ငံတကာ အရည်အသွေးစံနှုန်းများနှင့် ကိုက်ညီသောကြောင့် တန်ဇန်းနီးယားသည် ဥရောပသမဂ္ဂဈေးကွက်သို့ ပျားရည်များကို ဆက်လက် တင်ပို့နိုင်မည်ဖြစ်သည်။ ၎င်းက ပျားရည်ထုတ်လုပ်သူများကို အရည်အသွေးမမီသော စက်ကိရိယာများဖြင့်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးညံ့သော ကွန်တိန်နာများတွင် သိုလှောင်ခြင်းများကိုရှောင်ကြဉ်ပြီး လိုအပ်သည့် အရည်အသွေးစံနှုန်းများကိုသာ ဆက်လက်ထိန်းသိမ်းကြရန် တိုက်တွန်းခဲ့သည်။

ထို့ပြင် ပါမောက္ခ Silayo က အသေးစား၊ အလတ်စားနှင့် အကြီးစား ပျားရည်ထုတ်လုပ်ရေးစက်ရုံများ တည်ထောင်မှုကို မြှင့်တင်ရန်လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့ပြီး၊ လက်ရှိတွင် နိုင်ငံ၌ အလတ်စားနှင့် အကြီးစား စက်ရုံ ၉၇ ခုရှိကြောင်း မှတ်ချက်ပြုခဲ့သည်။ ပျားမွေးမြူရေးကဏ္ဍတွင် တန်ဖိုးမြှင့်တင်ရန် ကြိုးပမ်းမှုအနေဖြင့် အေဂျင်စီသည် Tabora ဒေသ၊ Nzega တွင် ပျားရည်ထုတ်လုပ်ရေးစက်ရုံသစ်တစ်ခု တည်ဆောက်ခြင်းကို အပြီးသတ်နေကြောင်း၊ ထို့ပြင် Manyoni ခရိုင်နှင့် Mafinga ခရိုင်ရှိ Sao Hill သစ်တော စိုက်ခင်းတို့တွင် စက်ရုံနှစ်ရုံကို ပြန်လည်မွမ်းမံနေကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။ တစ်ဖက် တွင်လည်း အေဂျင်စီသည် ပျားထွက်ပစ္စည်းထုတ်လုပ်မှုကို တန်ချိန် ၃၁,၁၇၉ မှ တန်ချိန် ၃၃,၈၆၁ အထိ (၈ ရာခိုင်နှုန်း တိုးတက်မှု) ရရှိအောင် တိုးမြှင့်နိုင်ခဲ့ပြီး၊ ပျားရည်တင်ပို့မှုမှာ တန်ဖိုးအားဖြင့် ၉၃ ဒသမ ၃ ဘီလီယံရှိသည့် တန်ချိန် ၉,၅၀၀ အထိ ရောက်ရှိခဲ့ကြောင်းပြောကြားခဲ့သည်။ TFS ဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ အငြိမ်းစား ဒုတိယ ဗိုလ်မှူးကြီး Chiku Gallawa က အေဂျင်စီ အနေဖြင့် နိုင်ငံ၏ စီးပွားရေးတွင် သစ်တောကဏ္ဍ၏ ပံ့ပိုးကူညီမှုကို တိုးမြှင့်ရန်အတွက် သစ်တောသယံဇာတများကို ရေရှည် တည်တံ့အောင်အသုံးပြုမှုကို ဆက်လက်မြှင့်တင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Source: https://www.doca.gov.mm/my/node/63952

## တရုတ်နိုင်ငံတွင် ဝါးသည် ပလတ်စတစ်ညစ်ညမ်းမှုကို ထိန်းချုပ်ရန် ကူညီပေးလျက်ရှိ

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ်၊ ချီရှူးမြို့ရှိစက်ရုံတစ်ခုတွင် ဝါးတိုင်များကို သဘာဝပတ်ဝန်းကျင် နှင့်သဟဇာတဖြစ်သော စားပွဲတင်ပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာသုံးပစ္စည်းများအဖြစ် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

၎င်းတို့၏ဝါးထုတ်ကုန်များသည် ဓာတုပစ္စည်းများကင်းစင်ပြီး ဇီဝပျက်စီးမှုကို လျှော့ချပေးသည့်အတွက် ဈေးကွက်က အထူးအသိအမှတ်ပြုထားသည်ဟု ကုမ္ပဏီ၏မန်နေဂျာ Wu Qiuhui က ပြောကြားခဲ့ကြောင်း သိရသည်။

ကျယ်ပြန့်သောဝါးတောများရှိသည့် Chishui တွင် ဝါးလုပ်ငန်း ၂၀၀ ကျော်ရှိပြီး ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်လျက်ရှိ ကြောင်း၊ ဒေသခံဝါးလုပ်ငန်းသည် ၂၀၂၅ ခုနှစ်တွင် ထုတ်လုပ်မှု ယွမ် ၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄ ဘီလီယံ ခန့်)ကျော်ရှိခဲ့ပြီး ဝါးစိုက်ပျိုးသူ ၁၆၅,၀၀၀ အတွက် ဝင်ငွေတိုးစေခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဝါးအရင်းအမြစ်အများဆုံးရှိသည့် တရုတ်နိုင်ငံသည် ပလတ်စတစ်ညစ်ညမ်းမှုကို ထိန်းချုပ်ရန် အဓိကရွေးချယ် စရာတစ်ခုအဖြစ် ဝါးပင်စိုက်ပျိုးမှုကို မြှင့်တင်လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ပလတ်စတစ် အစားထိုးအဖြစ် ဝါးကိုအသုံးပြုရန် အစီအစဉ်တစ်ခုကို စတင်ခဲ့ပြီး ဝါးအသုံးပြုမှုကို အရှိန်မြှင့်တင်ရန် သုံးနှစ် စီမံကိန်းတစ်ခုချမှတ်ခဲ့ကြောင်း သိရသည်။

ဝါးပင်သည် သုံးနှစ်မှ ငါးနှစ်အတွင်းကြီးရင့်လာပြီး အလွန်ကြာရှည်ခံ၍ ဇီဝပျက်စီးနိုင်မှုကို လျှော့ချပေးကာ ကာဗွန် စုပ်ယူမှုနှုန်းကလည်း အလွန်ကောင်းသည်ဟု အမျိုးသားသစ်တောနှင့်မြက်ခင်းပြင်စီမံခန့်ခွဲရေး ဌာနမှ သုတေသီ Wang Ge က ပြောကြားခဲ့ကြောင်း သိရသည်။

နေ့စဉ်သုံးပစ္စည်းများမှသည် စက်မှုလုပ်ငန်းသုံးပစ္စည်းများအထိ တရုတ်နိုင်ငံသည် ဝါးအခြေခံထုတ်ကုန်ထောင်ပေါင်း များစွာကို တီထွင်ထုတ်လုပ်လျက်ရှိကြောင်း၊ အဆိုပါပစ္စည်းများအတွက် နိုင်ငံတကာဝယ်လိုအားသည် မျှော်လင့်ထားသည် ထက်ပင်ပိုမိုမြင့်မားနေသည်ဟု ဝါးစားပွဲတင်ပစ္စည်းများကို ကမ္ဘာတစ်ဝှမ်းသို့ ထုတ်လုပ်တင်ပို့နေသည့်လုပ်ငန်းရှင် Wang Jianzhong က ပြောကြားခဲ့ကြောင်း သိရသည်။

ဆန်းသစ်တီထွင်မှုသည် ဤစိမ်းလန်းစိုပြည်သောပြောင်းလဲမှုအတွက် အဓိကသော့ချက်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် Lenovo သည် ၂၀၀၈ခုနှစ် မှစ၍ ၎င်း၏လက်တော့ပ်များအတွက် ဝါးအမျှင်ဖြင့်ပြုလုပ်ထားသည့် ထုပ်ပိုးမှုကိုအသုံးပြုခဲ့ကြောင်း၊ ဤပစ္စည်းသည် သဘာဝပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်ပြီး ကမ္ဘာ့စံနှုန်းများနှင့်ကိုက်ညီကြောင်း ကုမ္ပဏီ၏ထုပ်ပိုးမှုသုတေသန နှင့် ဖွံ့ဖြိုးတိုးတက်ရေးဒါရိုက်တာ Bai Yan က ပြောကြားခဲ့ သည်ဟု သိရသည်။

၂၀၁၆ ခုနှစ်မှစ၍ ကုမ္ပဏီသည် အလေးချိန်ပေါ့ပါး၍ ပြန်လည်ပြည့်ဖြိုးမြဲဝါးအမျှင်ထုပ်ပိုးမှုကို မိတ်ဆက်ခဲ့ပြီးထုပ်ပိုးပစ္စည်းအသုံးပြုမှု ၄,၅၃၇ တန်လျှော့ချနိုင်ခဲ့သည်ကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဝါးနှင့်ပတ်သက်သည့် သုတေသနစီမံကိန်းများသည် မော်တော်ကားအတွင်းပိုင်းကဲ့သို့သော အဆင့်မြင့်နည်းပညာနယ်ပယ်များသို့ ဝါးအသုံးပြုမှုကို တိုးချဲ့လျက်ရှိကြောင်း၊ တရုတ်နိုင်ငံအရှေ့ပိုင်း Jiangxi ပြည်နယ်ရှိ ကုမ္ပဏီတစ်ခုသည် ဝါးကီးဘုတ်များနှင့် စပီကာများကို အောင်မြင်စွာဖန်တီးခဲ့ပြီး ယူနစ် သန်းပေါင်းများစွာ ရောင်းချခဲ့ရကြောင်း သိရသည်။

ဝါးကဏ္ဍသည် ယခုအခါ တရုတ်နိုင်ငံတစ်ဝန်းတွင် အလုပ်အကိုင်သန်းပေါင်းများစွာကို ပံ့ပိုးပေးသည့် သိသာထင်ရှားသော စီးပွားရေးအင်အားစုတစ်ခုဖြစ်လာကြောင်း၊ လက်ရှိတရုတ်နိုင်ငံတွင် ဝါးတောဟက်တာ ၈ သန်းနီးပါးရှိပြီး နှစ်စဉ်ပျမ်းမျှဝါးထုတ်လုပ်မှုတန်ချိန် ၁၅၀ သန်းရှိကြောင်း၊ ဝါးပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းပေါင်း ၁၀,၀၀၀ ကျော်ရှိပြီး စက်မှုလုပ်ငန်းကွင်းဆက်တစ်ခုလုံးတွင် လူပေါင်း ၂၉ သန်းကျော်ကို အလုပ်ခန့်ထားပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် ဝါးလုပ်ငန်းစုမှ ထုတ်လုပ်မှုမှာ ယွမ်(၅၂၀)ဘီလီယံကျော်ရှိကြောင်း တရားဝင် ကိန်းဂဏန်းများ၌ ဖော်ပြထားပြီး ဝါးကို ပလတ်စတစ်စွန့်ပစ်ပစ္စည်းများအတွက် ဖြေရှင်းနည်းတစ်ခုအဖြစ်သာမက ကျေးလက်ဒေသပြန်လည်နိုးကြားလာစေရန် မောင်းနှင်အားတစ်ခုအဖြစ်ပါရှုမြင်ကြပြီး နည်းပညာ တိုးတက်လာခြင်းနှင့် တိုးပွားလာသော ဝယ်လိုအားနှင့်အတူ တရုတ်နိုင်ငံ၏ဝါးလုပ်ငန်းသည် ပိုမိုစိမ်းလန်းသော အနာဂတ်အတွက် အသင့်ဖြစ်နေပြီဖြစ်ကြောင်း ကျွမ်းကျင်သူများကထပ်လောင်း ပြောကြားခဲ့သည်ဟု သိရ သည်။

Source: https://english.news.cn/20260227/2b446b9d6cc048fd892b39981a09a54a/c.html

(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_06032026_15:54

## ၂၀၂၆ ခုနှစ်အစတွင် အမေရိကန်နှင့် တရုတ်ဈေးကွက်များမှ အပြုသဘောဆောင်သည့် လက္ခဏာများရရှိခဲ့သည့် ဗီယက်နမ်ပုစွန်တင်ပို့မှု

ဗီယက်နမ်နိုင်ငံ၏ ပုစွန်တင်ပို့ရေးကဏ္ဍသည် ၎င်းတို့၏ အကြီးမားဆုံးဈေးကွက်နှစ်ခုဖြစ်သော တရုတ်နှင့် အမေရိကန်တို့ထံမှ အပေါင်းလက္ခဏာဆောင်သည့် ရလဒ်များရရှိလာခြင်းကြောင့် ၂၀၂၆ ခုနှစ် အစပိုင်းတွင် ကဏ္ဍအတွက် အရှိန်အဟုန်တစ်ခုကို ဖန်တီးပေးခဲ့ကြောင်း သိရသည်။ နိုင်ငံ၏ ပင်လယ်စာလုပ်ငန်းသည် ယခုနှစ်တွင် ပို့ကုန်ဝင်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံခန့် ရရှိရန်ရည်မှန်းထားပြီး ထိုစုစုပေါင်းတန်ဖိုးထဲတွင် ပုစွန်တင်ပို့မှုက တစ်ဝက်နီးပါးခန့် ပါဝင်မည်ဟုခန့်မှန်းထားကြောင်း သိရသည်။ ဖေဖော်ဝါရီ ၁၅ ရက်အထိ ပင်လယ်စာတင်ပို့မှုမှဝင်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆ ဘီလီယံခန့် ရရှိထားပြီး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်တင်ပို့မှုများအတွင်း ထိပ်တန်းသုံးခုအနက် တစ်ခုအဖြစ်ပါဝင်နေကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အထူးသဖြင့် အရည်အသွေးမြင့်နှင့် အဆင့်မြင့်ထုတ်ကုန်များအပေါ် ဝယ်လိုအားဆက်လက်မြင့်တက်နေကြောင်း သိရသည်။ ဇန်နဝါရီလတစ်လတည်းတွင် ဗီယက်နမ်မှ တရုတ်သို့ တင်ပို့သော green lobster တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၀၀ သန်းကျော်တန်ဖိုးရှိခဲ့ပြီး ယခင်နှစ် တူညီသည့်ကာလနှင့် နှိုင်းယှဉ်ပါက ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။ ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံသည် ဗီယက်နမ်၏ အကြီးဆုံး ပုစွန်ဈေးကွက်ဖြစ်လာကာ စုစုပေါင်း တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၅၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။ ထူးခြားသည့်အချက်အနေဖြင့် green lobster ကို တရုတ်သို့ တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၈၄၀ သန်းအထိ ရောက်ရှိခဲ့ပြီး ၁၃၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ ဗီယက်နမ်သည် ထိုထုတ်ကုန်အတွက် တရုတ်ဈေးကွက်တွင် အကြီးဆုံး ရောင်းချသူဖြစ်လာခဲ့ကြောင်း သိရသည်။ လုပ်ငန်းနယ်ပယ်ကျွမ်းကျင်သူများ အဆိုအရ တရုတ်ဈေးကွက်သည် အရည်အသွေးမြင့်စားသုံးမှုဘက်သို့ အသွင်ကူးပြောင်းနေပြီး အရည်အသွေးထိန်းချုပ်မှု၊ နောက်ခံအချက်အလက်များကို ခြေရာခံနိုင်မှုနှင့် တန်ဖိုးမြှင့်ပြုပြင်ထုတ်လုပ်မှုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သည့် ရောင်းချသူများကို ဦးစားပေးလာကြောင်း သိရသည်။

အမေရိကန်ဈေးကွက်တွင်လည်း အပြုသဘောဆောင်သည့် အပြောင်းအလဲများ တွေ့မြင်ရကြောင်း သိရသည်။ ဗီယက်နမ်ပုစွန်အပေါ် ချမှတ်ထားသည့် anti-dumping အကောက်ခွန်နှုန်းထားကို ယခင်ကြေညာထားသည့် ၃၅ ဒသမ ၂၉ ရာခိုင်နှုန်းမှ ၄ ဒသမ ၅၈ ရာခိုင်နှုန်းသို့ လျှော့ချမှုကြောင့် တင်သွင်းမှုကုန်ကျစရိတ် လျော့နည်းသွားကာ ပြိုင်ဘက်နိုင်ငံများနှင့်

ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ ဗီယက်နမ်ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း (VASEP) အဆိုအရ အခွန်နှုန်းလျှော့ချမှုကြောင့် ဗီယက်နမ်ကုမ္ပဏီများသည် ဈေးနှုန်းပိုမိုယှဉ်ပြိုင်နိုင်လာပြီး ရာသီအလိုက် သို့မဟုတ် ရေရှည်စာချုပ်များ ချုပ်ဆိုနိုင်မည်ဖြစ်သကဲ့သို့ အမေရိကန်ဝယ်ယူသူများအတွက် တည်ငြိမ်စွာရောင်းချမှုကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် လုပ်ငန်းကဏ္ဍသည် အရည်အသွေးနှင့် ခြေရာခံနိုင်မှုဆိုင်ရာ စံနှုန်းများကို ဖြည့်ဆည်းနိုင်ရန် မွေးမြူရေးနည်းလမ်းများ တိုးတက်ရန်လုပ်ဆောင်ခြင်း၊ နည်းပညာအထောက်အပံ့ပေးခြင်းနှင့် တန်ဖိုးကွင်းဆက်တိုးချဲ့ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ တရုတ်ဈေးကွက်မှ ခိုင်မာသည့်တောင်းဆိုမှုနှင့် အမေရိကန်ဈေးကွက်တွင် ကုန်သွယ်ရေးအခြေအနေ တိုးတက်လာခြင်းတို့ကြောင့် ဗီယက်နမ်၏ ပုစွန်တင်ပို့ရေးကဏ္ဍသည် ၂၀၂၆ ခုနှစ်အတွင်း ရပ်တည်မှုကိုပိုမိုခိုင်မာစေကာ တင်ပို့မှုတိုးတက်ရေးကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။ Vietnam Plus

Source: https://www.doca.gov.mm/my/node/64045

## ကမ္ဘောဒီးယားနိုင်ငံ၏ ဒေသဆိုင်ရာအညွှန်း (GI) ရရှိပြီးသော ငရုတ်ကောင်း အားကောင်းခိုင်မာစေရေး မဟာဗျူဟာချမှတ်

ကမ္ဘောဒီးယားနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် Kampot ငရုတ်ကောင်းမြှင့်တင်ရေး အသင်းအဖွဲ့(KPPA)တို့သည် ဥရောပသမဂ္ဂမှ အသိအမှတ်ပြုထားသည့် အကာအကွယ်ပေးထားသော ဒေသဆိုင်ရာအညွှန်း (PGI) ရရှိထားပြီးဖြစ်သော Kampot ဒေသထွက် ငရုတ်ကောင်းထုတ်ကုန်များ၏ ဈေးကွက်တန်ဖိုးနှင့် ဂုဏ်သတင်းမြှင့်တင်ရေး ကတိကဝတ်ကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် အတည်ပြုခဲ့သည်။

Kampot ပြည်နယ်ရှိ KPPA ဌာနချုပ်တွင် ကမ္ဘောဒီးယား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Ouk Prachea က ဦးဆောင်ကျင်းပခဲ့သည့် ဝန်ကြီးဌာနနှင့် Kampot ငရုတ်ကောင်း မြှင့်တင်ရေးအသင်းအဖွဲ့တို့အကြား သုံးသပ်ဆွေးနွေးသည့် အစည်းအဝေးတွင် ကတိကဝတ်တစ်ရပ်ချမှတ်ခဲ့ပြီး အဆိုပါအစည်းအဝေးတွင် နိုင်ငံခြားဈေးကွက်များ၌ GI ရရှိထားသော Kampot ငရုတ်ကောင်းကို အထောက်အပံ့ဖြစ်စေရန်အတွက် မဟာဗျူဟာ လမ်းပြမြေပုံကို ထုတ်ပြန်ကြေညာခဲ့သည်။

ဆက်လက်၍ Prachea က ယခင်နှစ်တွင် အဆိုပါအသင်းအဖွဲ့၏ အောင်မြင်မှုများသည် သာမန်ကုန်သွယ်မှုသက်သက်မျှမဟုတ်ဘဲ Kampot နှင့် Kep ဒေသများတွင် လူတိုင်းပါဝင်နိုင်သည့် ရေရှည်တည်တံ့ ခိုင်မြဲမှုရှိသော ကျေးလက်စီးပွားရေးအတွက် အဓိကမောင်းနှင်အားအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း အလေးထားပြောကြားခဲ့သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အမျိုးသားမူပိုင်ခွင့်စီမံခန့်ခွဲရေး ကော်မတီတို့သည် အဆိုပါအသင်းအပေါ်ထားရှိသည့် ၎င်းတို့၏ ကတိကဝတ်ပြုထားမှုကို ထပ်မံအတည်ပြုခဲ့သည်။ မဟာဗျူဟာသည် အဓိကမဏ္ဍိုင်သုံးရပ်အပေါ်အခြေခံထားပြီး အဆိုပါမဏ္ဍိုင်များမှာ အဆင့်မြင့်နိုင်ငံတကာဈေးကွက်များတွင် ပိုမိုပြင်းထန်စွာ ယှဉ်ပြိုင်နိုင်ရန်အတွက် Kampot ငရုတ်ကောင်းအမှတ်တံဆိပ်ကိုမြှင့်တင်ခြင်း၊ ဒေသဆိုင်ရာအညွှန်း(GI) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားမဟာဗျူဟာကို တိတိကျကျအကောင်အထည်ဖော်ခြင်းနှင့် “အနက်ရောင် ရွှေ” ဟု တင်စားခေါ်ဝေါ်ခြင်းခံရသည့် ထုတ်ကုန်၏ နာမည်ကောင်းကို မထိခိုက်စေရန် GI သတ် မှတ်ချက်များကို တိတိကျကျ လိုက်နာခြင်းတို့ ဖြစ်သည်။

ဆက်လက်၍ Ouk Prachea က ခေတ်မီတီထွင်ဆန်းသစ်မှုအလေ့အထများနှင့် ဓလေ့ထုံးထမ်း စည်းမျဉ်းကို ပေါင်းစပ်ခြင်းဖြင့် Kampot ငရုတ်ကောင်းမြှင့်တင်ရေးအသင်းအဖွဲ့အနေဖြင့် ကမ္ဘာတစ်ဝန်း Kampot ငရုတ်ကောင်း၏ ဈေးကွက်တန်ဖိုးနှင့် ဂုဏ်သတင်းကြီးမှုကို ဆက်လက် မြှင့်တင်နိုင်ပေလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

အစီရင်ခံစာအရ ကမ္ဘောဒီးယားနိုင်ငံမှ ထုတ်လုပ်သည့် Kampot ငရုတ်ကောင်း၏ ၈၅ ရာခိုင်နှုန်းခန့်ကို ပြင်သစ်၊ ဂျာမနီ၊ ကိုရီးယား၊ ရုရှား၊ အမေရိကန်ပြည်ထောင်စု၊ ချက်နိုင်ငံနှင့် စင်္ကာပူနိုင်ငံ အစရှိသည့် နိုင်ငံခြားဈေးကွက်များသို့ တင်ပို့ ပြီး ၁၅ ရာခိုင်နှုန်းခန့်ကို ပြည်တွင်း ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

Kampot ငရုတ်ကောင်းတွင် အနက်ရောင်၊ အနီရောင်နှင့် အဖြူရောင်ဟူ၍ မျိုးကွဲသုံးမျိုးရှိသည်။ ၂၀၂၅ ခုနှစ်တွင် Kampot ငရုတ်ကောင်းကို ယခင်နှစ်ထက်မြင့်မားသောဈေးနှုန်းဖြင့် ရောင်းချခဲ့ပြီး အနက်ရောင် ငရုတ်ကောင်း တစ်တန်လျှင်

ဒေါ်လာ ၁,၇၀၀၊ အနီရောင် ငရုတ်ကောင်းတစ်တန်လျှင် ဒေါ်လာ ၂,၇၀၀နှင့် အဖြူရောင်ငရုတ်ကောင်း တစ်တန်လျှင် ဒေါ်လာ ၃,၀၀၀ ဖြင့် ရောင်းချခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထား သည်။

Source: Khmer Times, 1 March 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm/my/node/64067

## ရာသီချိန်မဟုတ်သော ဒူးရင်းသီးဈေးနှုန်းများ ဗီယက်နမ်နှစ်သစ်ကူးနောက်ပိုင်း သုံးနှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိ

ဒူးရင်းဈေးနှုန်း မြင့်တက်မှုသည် အမြတ်အစွန်းကြီးမားစွာရရှိစေသော်လည်း အလျင်စလို ရိတ်သိမ်းမှုများနှင့် စိုက်ပျိုးဧရိယာအလျင်အမြန်တိုးချဲ့မှုများထက် တင်းကျပ်သောအရည်အသွေးထိန်းချုပ်မှုနှင့် ရေရှည်တည်တံ့သော အစီအမံရေးဆွဲခြင်းကို ဦးစားပေးလုပ်ဆောင်ရန် အာဏာပိုင်များက တောင်သူများအား တိုက်တွန်းထားသည်။

၂၀၂၅ခုနှစ်တွင် ဒူးရင်းသီးစိုက်ပျိုးမှုအနေဖြင့် အောင်မြင်မှုရရှိခဲ့ကြောင်း၊ ပုံမှန်အားဖြင့် ယခုရာသီတွင် မွန်ထောင်း ဒူးရင်းဈေးနှုန်းသည် တစ်ကီလိုလျှင် ဗီယက်နမ်ဒေါင် ၁၁၅,၀၀၀ ဝန်းကျင် (အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၁)ရှိပြီး ဂိုဒေါင်အထိ သွားရောက်၍ ရောင်းချရကြောင်း၊ ယခုနှစ်တွင် ဒူးရင်းသီး ၁ ကီလိုလျှင် ဗီယက်နမ် ဒေါင် ၁၅၀,၀၀၀ ဝန်းကျင် (အမေရိကန် ဒေါ်လာ ၅ ဒသမ ၇၅) မြင့်တက်လာခဲ့ပြီး ကုန်သည်များအနေဖြင့် ဒူးရင်းခြံအထိ လာရောက်ဝယ်ယူကြကြောင်း၊ အလားတူပင် ဗီယက်နမ် Ri6 ဒူးရင်းဈေးသည် ယခင်နှစ်က တစ်ကီလိုလျှင် ၅၅,၀၀၀ ဒေါင် ဝန်းကျင် (အမေရိကန်ဒေါ်လာ၂ ဒသမ ၁၁) နှင့်နှိုင်းယှဉ်ပါက ၈၂,၀၀၀ ဒေါင် (အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၄)အထိ ဈေးခုန်တက်သွားကြောင်း၊ ယင်းပမာဏသည် လွန်ခဲ့သည့် ၃ နှစ် အတွင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နှစ်သစ်ကူးအပြီး ဒူးရင်းသီးဈေးနှုန်း သိသိသာသာ မြင့်တက်ရခြင်း၏ အကြောင်းရင်းကို ရှင်းပြရာတွင် Dong Thap ပြည်နယ်ဒူးရင်းသီးအသင်းဥက္ကဋ္ဌ Vo Tan Loi က ယခုအချိန်သည် ခူးဆွတ်နိုင်သော ဒူးရင်းအထွက်နှုန်း အလွန်နည်းပါးကြောင်း ပြောကြားခဲ့သည်။ ပြည်တွင်းဒူးရင်းသီးများသည် အရောင်းအဝယ်အေးနေသည့်အချိန်သို့ ရောက်ရှိနေရုံသာမက ဒေသတွင်း၌ ဒူးရင်းသီးအဓိကရောင်းချသည့် ထိုင်းနိုင်ငံတွင်လည်း ဈေးကွက်သို့တင်ပို့နိုင်သည့် ဒူးရင်းသီးအနည်းငယ် သို့မဟုတ် လုံးဝမရှိသလောက်နီးပါးဖြစ်နေကြောင်း၊ အဆိုပါအချက်သည် ဒူးရင်းသီးဈေးနှုန်းမြင့်တက်စေပြီး ရောင်းချရာတွင် ရှားပါးလာစေသည့်အဓိကအကြောင်းရင်းဖြစ်သည်။

Dong Thap ပြည်နယ်ရှိ Cai Lay ခရိုင် သို့မဟုတ် Vinh Long ပြည်နယ်ရှိ Cho Lach ခရိုင်ကဲ့သို့သော ဒူးရင်းအဓိကစိုက်ပျိုးရာဒေသများ၌ပင် အမှန်တကယ် ဒူးရင်းအထွက်နှုန်းသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၃၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း၊ ယင်းကဲ့သို့ အထွက်နှုန်းကျဆင်းရခြင်းမှာ ယခင်နှစ်က အချိန်အတန် ကြာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒူးရင်းစိုက်ခင်းအများအပြားတွင်အမြစ်ပုပ်ခြင်း သို့မဟုတ် အမြစ်မသန်ခြင်းများ ဖြစ်ပေါ်ခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။

အဆိုပါအခြေအနေသည် ဒေသတွင်း ရောင်းလိုအားကွာဟချက်ကို ဖန်တီးပေးခဲ့ပြီး မဲခေါင်မြစ်ဝကျွန်း ပေါ်ဒေသမှ ဒူးရင်းများ၏ တန်ဖိုးကိုမြှင့်တင်ပေးခဲ့သည်။ ဈေးနှုန်းမြင့်မားနေသော်လည်း ဒူးရင်းတင်ပို့ရောင်းချသည့် လုပ်ငန်းများသည် ရောင်းလိုအားနည်းပါးမှုကြောင့် ဒူးရင်းသီးဝယ်ယူရန် ကြိုးစားနေရသည်။ Phuong Ngoc Cai Be ကုမ္ပဏီလီမိတက်၏ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ Vo Tan Minh က ပြောကြားရာတွင် ဒူးရင်းတန်ချိန် ၂၀ ပါသော ကွန်တိန်နာ တစ်လုံးပြည့်ရန် အလွန်ခက်ခဲရသည့်အကြောင်းမှာ အဆိုပါကွန်တိန်နာတွင် ဒူးရင်းပမာဏအများအပြားပါဝင်ခြင်းမရှိဘဲ ပြည်နယ်အနှံ့အပြားတွင် ဒူးရင်းခြံများရှိနေသည့်အတွက်ကြောင့်ဖြစ်ကြောင်း၊ ဒူးရင်းလုပ်ငန်းများအနေဖြင့် ဝယ်ယူရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် အချိန်နှင့် ငွေကြေးအမြောက်အမြားသုံးစွဲကြရကြောင်း၊ ဒူးရင်းသီးပမာဏ အလုံအလောက်ရရှိရန်အတွက် ကုန်သည်များသည် ဒူးရင်းဈေးနှုန်းကို မြှင့်လိုက်ခြင်းသည် ရောင်းလိုအားကို ပိုမိုရှားပါးစေကြောင်း သိရသည်။

တစ်ချိန်တည်းတွင် Tay Ninhပြည်နယ်၊ Dong Thap ပြည်နယ်များနှင့် Can Tho မြို့တို့မှ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဦးစီးဌာနများ၏ ကိုယ်စားလှယ်များက စိုက်ပျိုးဧရိယာများ အကောင်အထည်ဖော်မှုကို ကြီးကြပ်ကွပ်ကဲခြင်း၊ လယ်သမားများ၊ ခြံပိုင်ရှင်များနှင့် ကုန်သည်များ၏ ဒူးရင်းသီးခူးဆွတ်ခြင်းလုပ်ငန်းများကို ကြီးကြပ်ရေးတို့အတွက် စိုက်ပျိုးရေးကဏ္ဍအား ဒေသဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း ပြောကြားခဲ့သည်။

Dong Thap ပြည်နယ် ဒူးရင်းအသင်းကလည်း ဒူးရင်းဈေးနှုန်း မြင့်မားခြင်းသည် သီးနှံပြုပြင်ပြောင်းလဲမှုကို ရုတ်တရက်မြင့်တက်စေကြောင်း သတိပေးခဲ့သည်။ လက်ရှိတွင် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ ဒေသအသီးသီးသည် စာရင်းအင်းများကောက်ယူခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ ဒူးရင်းပင်များအတွက် စိုက်ပျိုးဧရိယာများကို အသေးစိတ်အစီအမံရေးဆွဲခြင်း၊ စိုက်ပျိုးဧရိယာ အစီအမံများအကောင်အထည်ဖော်ခြင်းကို ကြပ်မတ်ခြင်းနှင့်စီမံကိန်းဇုန်များအပြင်ဘက်တွင် ဒူးရင်းစိုက်ဧရိယာ တိုးချဲ့မှုများကို ပြတ်ပြတ်သားသား ကိုင်တွယ်ဖြေရှင်းခြင်းတို့ ပြုလုပ်သင့်သည်။ ယင်းသို့ပြုလုပ်ခြင်းဖြင့် အလုံးအရင်းဖြင့် အပြိုင်အဆိုင် စိုက်ပျိုးခြင်းကြောင့် ရောင်းလိုအား ပိုလျှံမှုနှင့် အထွက်ကောင်းသော်လည်း မလိုလားအပ်ဘဲ ဈေးနှုန်းနိမ့်ကျမှုကို ရှောင် ရှားနိုင်မည်ဖြစ်သည်။

ဒူးရင်းဈေးနှုန်း မြင့်တက်မှုသည် ကာလတိုအတွင်း အပြုသဘောဆောင်သော အချက်တစ်ချက် ဖြစ်သော်လည်း ရေရှည်တွင် ဒူးရင်းလုပ်ငန်းသည် စိုက်ပျိုးဧရိယာလျင်မြန်စွာတိုးချဲ့မှု၊ ရောင်းလိုအားနှင့် ဝယ်လိုအားမညီမျှမှုအန္တရာယ်နှင့် သွင်းကုန်ဈေးကွက်များဘက်မှ အရည်အသွေးဆိုင်ရာ ဖိအားများကြောင့် စိန်ခေါ်မှုများနှင့် ဆက်လက်ရင်ဆိုင်နေရဆဲ ဖြစ်သည်။ ထို့ကြောင့် တိုးတက်မှု အရှိန်အဟုန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းရန် အဓိကသော့ချက်မှာ အစီအမံရေးဆွဲခြင်းကို ကြီးကြပ်ရန်နှင့် ထုတ်လုပ်မှု နှင့်စားသုံးမှုကွင်းဆက်များကို မြင့်တင်ခြင်းပင်ဖြစ်သည်။

Source: SGGP English Edition, 26 Feb 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏နိုင်ငံတကာ ဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm/my/node/64068

## အင်ဒိုနီးရှားနိုင်ငံက ၂၀၂၆ ခုနှစ်အတွင်း သကြားတန်ချိန် သုံးသန်းထုတ်လုပ်ရန် ရည်မှန်းထား

အင်ဒိုနီးရှားနိုင်ငံသည် သကြားဖူလုံမှုရှိစေရန်အတွက် သွင်းကုန်အပေါ် မှီခိုမှုလျှော့ချရန် အစိုးရ၏ ကြိုးပမ်းအား ထုတ်မှုကိုမြင့်တင်ရန် ယခုနှစ်အတွင်း သကြားတန်ချိန် သုံးသန်းထုတ်လုပ်မှုမြင့်တင်ရန် ရည်ရွယ်ထားကြောင်း စိုက်ပျိုးရေး ဝန်ကြီးဌာနက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ လက်ရှိတွင် သကြားတန်ချိန် ၂ ဒသမ ၆၈ သန်းခန့်ထွက်ရှိရာမှ တိုးမြှင့် ထုတ်လုပ်သွားမည်ဖြစ်ပြီး ပြည်တွင်းထောက်ပံ့မှုအားကောင်းစေရန်နှင့် ကြံစိုက်ခင်းများ၏ ကုန်ထုတ်စွမ်းအားတိုးမြှင့်စေရန် အစိုးရ၏တွန်းအားဖြစ်စေမှု ကို ရောင်ပြန်ဟပ်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီး အန်ဒီအမ်ရန် ဆူလိုင်မန်က မတ်လ ၁၀ ရက်တွင်ပြောကြားသည်။

အဆိုပါ ရည်မှန်းချက်ကို အထောက်အပံ့ဖြစ်စေရန် သကြားစက်များအတွက် ကုန်ကြမ်းထောက်ပံ့မှုတိုးမြှင့်ရန် ကြံခင်း ဟက်တာတစ်သိန်းအထိ တိုးချဲ့စိုက်ပျိုးမှုအပါအဝင် ဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်း ကြံစိုက်ခင်းများ ချဲ့ထွင်ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အစီအစဉ်သည် စိုက်ပျိုးရေးမြှင့်တင်ရန်နှင့် ကုန်ထုတ်စွမ်းအားတိုးမြှင့်ရန် ဒေသတွင်းအစိုးရများ၊ နိုင်ငံပိုင် လုပ်ငန်းများနှင့် လယ်သမားများအကြား ပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း ဆူလိုင်မန်က ဆက်လက်ပြောကြားသည်။

Source: မြန်မာ့အလင်းသတင်းစာ

## ၂၀၃၀ ပြည့်နှစ်တွင် သစ်ထုတ်ကုန်တင်ပို့မှုမှ ရင်းဂစ် ၃၂ ဒသမ ၈ ဘီလီယံရရှိရန် မလေးရှားရည်မှန်း

မလေးရှားနိုင်ငံသည် ထုတ်လုပ်မှုစရိတ်နှင့် ဈေးနှုန်းပိုင်းဆိုင်ရာ စိန်ခေါ်မှုများ ပိုမိုရင်ဆိုင်နေရသော်လည်း ၂၀၃၀ ပြည့်နှစ်တွင် သစ်အခြေခံထုတ်ကုန်တင်ပို့မှုမှ ရင်းဂစ် ၃၂ ဒသမ ၈ ဘီလီယံအထိ ရရှိရန် ရည်မှန်း ထားကြောင်း သိရသည်။

မလေးရှားနိုင်ငံမှ ထုတ်လုပ်သော ပရိဘောဂများသည် အမေရိကန်၊ အရှေ့အလယ်ပိုင်း၊ ဩစတြေးလျနှင့် အာဆီယံ ဈေးကွက်များတွင် လူကြိုက်များနေဆဲဖြစ်သော်လည်း အဆိုပါ အချက်တစ်ခုတည်းနှင့် မလုံလောက်ကြောင်း စိုက်ပျိုးရေးနှင့် ကုန်စည်ကူးသန်းရေးဝန်ကြီးဌာန ဒုတိယအတွင်းရေးမှူးချုပ် Datuk Razali Mohamad က ပြောကြားခဲ့သည်။

ကမ္ဘာ့ပရိဘောဂကဏ္ဍသည် လျင်မြန်စွာပြောင်းလဲတိုးတက်နေကြောင်း Razaliက အလေးပေး ပြောကြားခဲ့သည်။ အတွင်းရေးမှူးချုပ်၏အဆိုအရ မလေးရှားနိုင်ငံ၏ သစ်နှင့် သစ်အခြေခံထုတ်ကုန် တင်ပို့မှုသည် နှစ်စဉ် ရင်းဂစ် ၂၀ ဘီလီယံ ကျော်ရှိပြီး လက်ရှိတွင် သစ်သားပရိဘောဂ တင်ပို့မှုသည် စုစုပေါင်း သစ်ထုတ်ကုန်တင်ပို့မှု၏ ၄၃ ရာခိုင်နှုန်းအထိ ရှိလာကြောင်း သိရသည်။ အဆိုပါ ရည်မှန်းချက် ပြည့်မီစေရန်အတွက် ဝန်ကြီးဌာနသည် မလေးရှားသစ်လုပ်ငန်းဘုတ်အဖွဲ့ (MTIB)၊

မလေးရှားသစ်ကောင်စီ (MTC) နှင့် မလေးရှား သစ်လက်မှတ်ထုတ်ပေးရေးကောင်စီ (MTCC)တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါပူးပေါင်းမှုမှတစ်ဆင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်မှုကို တိုးမြှင့်ရန်၊ ရေရှည်တည်တံ့သောသစ်တောလုပ်ငန်းစဉ်များကိုကျင့်သုံးရန်နှင့် မလေးရှားနိုင်ငံမှ ထုတ်လုပ်သောပရိဘောဂများ၏ ကမ္ဘာ့ဂုဏ်သတင်းနှင့် အရည်အသွေးကို မြှင့်တင်ရန်ရည်ရွယ်ကြောင်း သိရသည်။ MIFF တည်ထောင်သူနှင့် ဥက္ကဋ္ဌ Datuk Dr Tan Chin က MIFF အနေဖြင့်ကုန်သွယ်မှုမြှင့်တင်ရေးအေဂျင်စီဖြစ်သော မလေးရှား ပြင်ပကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း(Matrade)နှင့် မဟာဗျူဟာမြောက် မဟာမိတ်ဖွဲ့ထားကြောင်း ပြောကြားခဲ့သည်။ ၎င်းသည် Matrade ၏ ကျယ်ပြန့်သော ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်ကို အသုံးပြု၍ ဈေးကွက်ချဲ့ထွင်ရန်နှင့် ပြပွဲတွင်ပါဝင်သူများနှင့် ဝယ်ယူသူများအတွက် စီးပွားရေးအခွင့်အလမ်းသစ်များ ဖန်တီးပေးရန် ဖြစ်ကြောင်း သိရသည်။ Source: The Edge Malaysia

Source:https://www.doca.gov.mm/my/node/64393

## ပြည်တွင်းကုန်သွယ်မှုသတင်း

### အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ ရှိ လက်မှုအနုပညာပစ္စည်းကဏ္ဍ အကောင်အထည်ဖော်ရေး ညှိနှိုင်း အစည်းအဝေးကျင်းပခြင်း

အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ ရှိ လက်မှုအနုပညာပစ္စည်းကဏ္ဍ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို ၂၀၂၆ ခုနှစ် မတ်လ ၁၁ ရက်နေ့၊ ၁၁:၀၀ နာရီအချိန်၌ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။ အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းနှင့် တာဝန်ရှိသူများ၊ မြန်မာ့လက်မှုအနုပညာပစ္စည်းကဏ္ဍမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက အဖွင့်အမှာစကား ပြောကြားရာတွင် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ အတွက် မြန်မာ့လက်မှုအနုပညာပစ္စည်းကဏ္ဍ လုပ်ငန်းစီမံချက်ကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ရေးဆွဲပေးပို့ထားပြီးဖြစ်၍ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် အသင်းအဖွဲ့များမှ သိရှိလိုသည်များကို မေးမြန်းနိုင်ရန်ရည်ရွယ်၍ အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များမှ ဦးစားပေးအကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကို ရွေးချယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လက်မှုအနုပညာအသင်းမှ လုပ်ငန်းရှင်များအနေဖြင့် ပြည်ပကုန်စည်ပြပွဲများတွင် ပါဝင်ပြသလိုပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မြန်မာ့လက်မှုအနုပညာပစ္စည်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည့်ကိစ္စရပ်များ၊ မြန်မာ့လက်မှုအနုပညာအသင်းအောက်ရှိ အစုအဖွဲ့ ၁၀ ဖွဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် အသင်းအနေဖြင့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ တွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၂:၀၀ နာရီတွင် ရုပ်သိမ်းခဲ့သည်။

Source: https://myantrade.gov.mm/event/Nay%20Pyi%20Taw_NES_11.3.2026%206:00%20PM

### အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ ရော်ဘာလုပ်ငန်းကဏ္ဍ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်း အဝေးကျင်းပခြင်း

အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ ရှိ ရော်ဘာလုပ်ငန်းကဏ္ဍ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်၌ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။ အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းနှင့် တာဝန်ရှိသူများ၊ မြန်မာ့ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက အဖွင့်အမှာစကား ပြောကြားရာတွင် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆ - ၂၀၃၀ ရော်ဘာလုပ်ငန်းကဏ္ဍအတွက် လုပ်ငန်းစီမံချက်ပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန် အသင်းအဖွဲ့များမှ သိရှိလိုသည်များကို မေးမြန်းနိုင်ရန်ရည်ရွယ်၍ အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊

လုပ်ငန်းစီမံချက်များရေးဆွဲရာတွင် အမှန်တကယ် အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ်များကို ထည့်သွင်းရေးဆွဲရန်နှင့် ခန့်မှန်းကုန်ကျစရိတ်များကို တွက်ချက်၍ ထည့်သွင်းဖော်ပြပေးရန် လိုအပ်ကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆ - ၂၀၃၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို အပြီးသတ်ရေးဆွဲပြီးပါက နိုင်ငံတော်မှ အတည်ပြုချက်ရယူရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ရော်ဘာလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များနှင့် အသင်းအနေဖြင့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ အကောင်အထည်ဖော်ရာတွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကိုဆွေးနွေးခဲ့ကြပြီးအစည်းအဝေးကို၁၀:၃၀နာရီတွင်ရုပ်သိမ်းခဲ့သည်။

Source: https://myantrade.gov.mm/event/Naypyitaw_STP_%2012.3.2026%2014:20%20pm

## ပြည်ပကုန်သွယ်မှုသတင်း

### ဆန်ကို ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းနေ

ဆန်ကို ယခုနှစ် ဘဏ္ဍာနှစ်ကုန်ဖြစ်တဲ့ မတ်လကုန်မတိုင်မီ ပြည်ပကိုတတ်နိုင်သမျှ ပိုမိုတင်ပို့နိုင်ရေးအတွက် စီးပွားရေးနှင့်ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုတွေနဲ့အညီ အထူးဦးစားပေး ကြိုးပမ်းဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မတ်လ ၁၀ ရက်အထိ ပြည်ပသို့ ဆန်တင်ပို့မှုအနေနှင့် မက်ထရစ်တန် ၂,၅၀၆,၀၅၀ တင်ပို့နိုင်ခဲ့ပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ပြည်ပသို့ ဆန်တင်ပို့မှုနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းကော်မတီနှင့် အသင်းဝင် Rice Exporter ကုမ္ပဏီတို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တစ်ရပ်ကို မတ်လ ၁၀ ရက်က ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုအစည်းအဝေးတွင် ယခုဘဏ္ဍာနှစ်အတွင်း ဆန်တင်ပို့မှုအခြေအနေ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အတွက် ပို့ကုန်လျာထားချက်များ၊ ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းစဉ်များ၊ တင်ပို့ရာတွင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် Rice Export Zone ဖော်ဆောင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

Source: https://onenewstvchannel.com/agriculture-breeding/export/

### ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ရော်ဘာပို့ကုန်မှဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ နီးပါး ခန့် ရရှိလာ

ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း လက်ရှိအချိန်အထိ မြန်မာနိုင်ငံသည် ရော်ဘာတန်ချိန် ၂၈၀,၀၀၀ တန်ခန့် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခန့် ဝင်ငွေရရှိထားကြောင်း သိရသည်။ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်း(MRPPA)အနေဖြင့် ယခုဘဏ္ဍာနှစ်အတွင်း ရော်ဘာတန်ချိန် ၃၀၀,၀၀၀ ကျော်ခန့် တင်ပို့နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။ "မြန်မာနိုင်ငံဟာ ဒေါ်လာသန်း ၄၀၀ တန်ဖိုးရှိတဲ့ ရော်ဘာတန်ချိန် ၂၈၀,၀၀၀ ခန့် တင်ပို့နိုင်ခဲ့တယ်။ ရော်ဘာပို့ကုန်ဟာ ပို့ကုန်ရည်မှန်းချက်ကို ပြည့်မီနိုင်ခြေရှိပါတယ်။ ရော်ဘာအစေးခြစ်ရာသီကတော့ အောက်တိုဘာလကနေ ဖေဖော်ဝါရီလအထိ ဖြစ်ပါတယ်။ ရော်ဘာ အထွက်နှုန်းဟာ ရာသီဥတုအခြေအနေအပေါ် အများကြီးမူတည်ပါတယ်။ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလနဲ့ နိုဝင်ဘာလတွေမှာ မိုးဆက်တိုက်ရွာခဲ့တာကြောင့် ရော်ဘာထုတ်လုပ်မှုကို ထိခိုက်ခဲ့ပါတယ်။ မိုးရွာတာကြောင့် အစေးခြစ်ရာသီကို အနှောင့်အယှက်ဖြစ်စေခဲ့ပြီး နှောင့်နှေးမှုတွေ ဖြစ်ပေါ်ခဲ့တာပါ" ဟု MRPPA တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။ နိုင်ငံတကာဈေးကွက်တွင် ရော်ဘာတစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂,၁၅၀ ခန့် ဈေးရရှိသော်လည်း မြန်မာ့ရော်ဘာမှာ အရည်အသွေးမပြည့်မီမှုကြောင့် တစ်တန်လျှင် ဒေါ်လာ ၁,၇၀၀ မှ ၁,၉၀၀ ဝန်းကျင်သာ ဈေးရရှိခဲ့သည်။ ရော်ဘာကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးကြပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း စိုက်ပျိုးကြကြောင်း သိရသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ ရော်ဘာများကို အဓိကဝယ်ယူသည့်နိုင်ငံဖြစ်ပြီး စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။ Source: The Global Newlight of Myanmar

Source: https://www.doca.gov.mm/my/node/64554

## ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၌ ရင်းနှီးမြှုပ်နှံရန် နိုင်ငံအချို့ စိတ်ဝင်စား

မြန်မာနိုင်ငံမှာ ကော်ဖီစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချဖို့အတွက် အလားအလာကောင်းတွေရှိတာကြောင့် ရင်းနှီးမြှုပ်နှံရန်အတွက် နိုင်ငံတချို့က စိတ်ဝင်စားမှုရှိတယ်လို့ မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌ ဦးမျိုးအေးက One News ကို ပြောသည်။ မြန်မာနိုင်ငံမှာ ကော်ဖီစိုက်ပျိုးထုတ်လုပ်ရန်အတွက် မြေနေရာတွေများစွာရှိတဲ့အပြင် အရည်အသွေးမြင့် ကုန်းနိမ့်ကုန်းမြင့်ကော်ဖီတွေထွက်ရှိပြီး ထုတ်လုပ်မှုနည်းပညာတွေလည်း ရရှိထားတယ်လို့ သိရသည်။

ထို့ကြောင့် တရုတ်၊ အင်ဒိုနီးရှား၊ ဂျပန်နဲ့ ကိုရီးယားနိုင်ငံတို့က မြန်မာနိုင်ငံရဲ့ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှုကဏ္ဍမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားမှုရှိပြီး ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ မူဝါဒတွေအပေါ် စောင့်ကြည့်နေကြတယ်လို့ မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌ ဦးမျိုးအေးက ပြောသည်။ လက်ရှိ မြန်မာနိုင်ငံကော်ဖီအသင်းဟာ အာဆီယံကော်ဖီ ဖက်ဒရေးရှင်းမှာ အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်နေပြီး ဒီလိုပူးပေါင်း ဆောင်ရွက်တာကြောင့် မြန်မာ့ကော်ဖီကဏ္ဍအတွက် အကျိုးကျေးဇူးများစွာ ရရှိမှာ ဖြစ်တယ်လို့ဆိုသည်။

လတ်တလောမှာ မြန်မာ့ကော်ဖီအစိုကို ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့ ဒေသခံတောင်သူတွေက အများဆုံး စိုက်ပျိုးထုတ်လုပ်ပြီး တစ်နှစ်ကို ကုန်းမြင့်နဲ့ကုန်းနိမ့်ကော်ဖီတန်ချိန် တစ်သောင်းလောက် ထွက်ရှိတယ်လို့ သိရသည်။ ပြည်တွင်းက ထုတ်လုပ်တဲ့ ကော်ဖီ ၅၀ ရာခိုင်နှုန်းခန့်ကို ပြည်ပကိုတင်ပို့နေပြီး တရုတ်နဲ့ ထိုင်းနိုင်ငံကို အများဆုံး တင်ပို့နေကာ အထူးတန်းဝင်ကော်ဖီတွေကို အမေရိကန်၊ ဥရောပ၊ ယူအေအီး၊ ဂျပန်နဲ့ ကိုရီးယားနိုင်ငံတွေဆီ အနည်းငယ် တင်ပို့နေတယ်လို့ သိရသည်။

Source: https://onenewstvchannel.com/business/success/

**အထူးဆောင်းပါးများ**

## အရေးပေါ် အရေးယူဆောင်ရွက်မှုများ မရှိပါက ဥရောပ၏ ဆန်စပါးထုတ်လုပ်မှုမှာ စိုးရိမ်ရသည့် အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း ထုတ်လုပ်သူများ ပြောကြား

ဥရောပ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍသည် ဘေးကျပ်နံကျပ်အခြေအနေသို့ ရောက်ရှိနေပြီး ထုတ်လုပ်သူများနှင့် ထောက်ပံ့ရေးကွင်းဆက်များ ကဏ္ဍတစ်ခုလုံးတွင် မမျှတမှုများ တိုးပွားလာနေကြောင်း သတိပေးထားသည်။ ဤထုတ်ပြန်ချက်ကို Copa-Cogeca၊ ဥရောပဆန်စက် လုပ်ငန်းရှင်များအဖွဲ့ချုပ် (FERM)နှင့် အီတလီ အမျိုးသားဆန်စပါးအဖွဲ့အစည်း (Ente Nazionale Risi) တို့က ပူးတွဲထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါအသင်းအဖွဲ့များ၏ ပြောကြားချက်အရ ဆန်စပါးကဏ္ဍသည် ထုတ်လုပ်မှုစရိတ် မြင့်မားလာခြင်း၊ တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများနှင့် ဥရောပသမဂ္ဂ (EU) ဈေးကွက်အတွင်းသို့ တင်သွင်းဆန် များ သိသိသာသာ တိုးပွားလာခြင်းတို့ကြောင့် ဖိအားများနှင့် ရင်ဆိုင်နေရသည်။

မကြာသေးမီက စိုက်ပျိုးရေးနှင့် အရောင်းအဝယ်ကာလအတွင်း EU သို့ ဆန်တင်သွင်းမှုသည် တန်ချိန် ၁ ဒသမ ၇ သန်းခန့်ရှိခဲ့ပြီး ယင်းတို့အနက် အတော်များများသည် လက်ရှိကုန်သွယ်ရေး သဘောတူညီချက်များအရ အခွန်နှုန်းထားလျှော့ပေါ့ခြင်း သို့မဟုတ် အခွန်ကင်းလွတ်ခွင့်များဖြင့် ဝင်ရောက်လာခြင်း ဖြစ်သည်။ သွင်းအားစုစရိတ်များ မြင့်မားလာခြင်းနှင့် ကမ္ဘာ့အဆင့်အမြင့်ဆုံး သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ထုတ်လုပ်မှုဆိုင်ရာစံနှုန်းများကို လိုက်နာရခြင်းတို့ကြောင့် ထုတ်လုပ်သူများနှင့် ပြုပြင်ထုတ်လုပ်သူများအတွက် မရေရာမှုများ ပိုမိုဖြစ်ပေါ်စေသည်။

မကြာသေးမီလများအတွင်း စပါးဈေးနှုန်းများသည် သိသိသာသာ ကျဆင်းလာသည့် ဖိအားများနှင့် ရင်ဆိုင်နေရပြီး အချို့သောထုတ်လုပ်သူများသည် ရှေးယခင်ကတည်းက ပိုမိုတည်ငြိမ်သည်ဟု သတ်မှတ်ထားကြသည့် Japonica ဆန်အမျိုးအစားဘက်သို့ ပြောင်းလဲစိုက်ပျိုးလာကြသည်။ သို့သော် ဤသို့ပြောင်းလဲမှု ဆက်လက်ဖြစ်ပေါ်နေပါက ဈေးကွက်တွင် ဆန်ပိုလျှံမှု ဖြစ်ပေါ်လာနိုင်ပြီး ဈေးကွက်တစ်ခုလုံး၏ တည်ငြိမ်မှုကို ပိုမိုပျက်ပြားစေနိုင်သည်။

**ပြုပြင်ထိန်းကျောင်းရမည့် အစီအမံများ**

ဆန်စပါးထုတ်လုပ်သူများသည် ဈေးကွက်တည်ငြိမ်မှုကို ကာကွယ်ရန်အတွက် လက်ရှိမူဝါဒများကို ပြန်လည်သုံးသပ်ရန် တောင်းဆိုထားကြသည်။ အထူးအခွင့်အရေး ကုန်သွယ်မှုစနစ် (GSP/ EBA) အောက်ရှိ အလိုအလျောက် အကာအကွယ်ပေးသည့်ယန္တရား (Safeguard mechanism)ကို ပြင်ဆင်ရန် တောင်းဆိုထားသည်။ သို့မှသာ တင်သွင်းမှု ရုတ်တရက်မြင့်တက်လာပြီး ဈေးကွက်ကိုထိခိုက်စေသည့်အခါ ပိုမို မြန်ဆန်စွာ တုံ့ပြန်နိုင်မည်ဖြစ်သည်။

ထို့ပြင် ဤကဏ္ဍမှ Common Customs Tariff အခွန်နှုန်းထားများကို အမှန်တကယ်ရှိနေသော ဈေးကွက်အခြေအနေများနှင့်ကိုက်ညီစေရန်နှင့် ပြန်လည်ပြင်ဆင်ရန် အရေးပါမှုကိုလည်း အထူးဖော်ပြထားသည်။ အခွန်နှုန်းထား ဖွဲ့စည်းပုံများသည် ဈေးကွက်အခြေအနေများကို မှန်ကန်စွာပြန်လည်ထင်ဟပ် စေသည့်အတွက် အရေးကြီးသကဲ့သို့ ဥရောပ၏ ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍ၏ ယှဉ်ပြိုင်နိုင်စွမ်းကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် EU အစားအသောက်ထောက်ပံ့ရေးကွင်းဆက်အတွင်း ဖန်တီးလျက်ရှိသော တန်ဖိုးများကို ထိန်းသိမ်းခြင်းသည်လည်း အရေးပါလျက်ရှိသည်။

ဥရောပထုတ်ကုန်များအတွက် ပြည်တွင်းဈေးကွက်အတွင်း ပိုမိုအားကောင်းသော ပံ့ပိုးကူညီမှုများ၊ ပရိုမိုးရှင်းများနှင့် ဘဏ္ဍာရေး အရင်းအမြစ်များအား ထောက်ပံ့ပေးရန် တောင်းဆိုထားသည်။ ဆန်စပါး၏ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် နယ်မြေဒေသဆိုင်ရာကဏ္ဍများတွင် အရေးပါမှုများကြောင့် ၎င်းကို EU စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးမူဝါဒများတွင် "အထိခိုက်မခံသောထုတ်ကုန်" (Sensitive product) အဖြစ် အသိအမှတ်ပြုသင့်ကြောင်း ပြောဆိုခဲ့သည်။ နိုင်ငံတကာကုန်သွယ်မှုတွင် အပြန်အလှန်အကျိုးပြုမှုရှိစေရန်နှင့် EU ဈေးကွက်သို့ တင်သွင်းလာသော ဆန်များသည် ဥရောပထုတ်လုပ်သူများ လိုက်နာရသည့် စံနှုန်းများနှင့် တန်းတူညီမျှမှုရှိရန် အလေးပေးတောင်းဆိုထားသည်။

Source: European Supermarket Magazine, March 16, 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm/my/node/64595

## အရှေ့အလယ်ပိုင်းအကျပ်အတည်းသည် ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ကုန်သွယ်မှုအလားအလာကို ခြိမ်းခြောက်နေကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ သတိပေးထား

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)ကထုတ်ပြန်ခဲ့သော ကမ္ဘာ့ကုန်သွယ်မှုအလားအလာနှင့် စာရင်းအင်းများ အစီရင်ခံစာ (Global Trade Outlook and Statistics Report)အရ အရှေ့အလယ်ပိုင်းပဋိပက္ခများကြောင့် စွမ်းအင်ဈေးနှုန်းများ မြင့်မားမှုသည် ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ကုန်သွယ်မှုကို မျှော်လင့်ထားသည်ထက် ပိုမိုပြင်းထန်စွာထိခိုက်လာနိုင်ကြောင်း၊ ဒေသတွင်း တင်းမာမှုများ ဆက်လက်ဖြစ်ပွားနေပါက မြင့်တက်လာသော စွမ်းအင်ကုန်ကျစရိတ်များကြောင့် စားသောက်ကုန်၊ ခရီးသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးစသည့် ကုန်စည်နှင့်ဝန်ဆောင်မှုကဏ္ဍများတွင် အနှောင့်အယှက်များဖြစ်ကာ ကမ္ဘာ့ကုန်သွယ်မှုပမာဏကို လျှော့ချနိုင်ကြောင်းမီးမောင်းထိုးပြထားသည်။

ယမန်နှစ်က AI အသုံးပြုထုတ်ကုန်များကြောင့် ကမ္ဘာ့ကုန်သွယ်မှု တိုးတက်ခဲ့သော်လည်း ယခုနှစ်တွင် နှေးကွေးသွားဖွယ်ရှိကြောင်း၊ အကယ်၍ ဆက်လက်တိုးတက်မည်ဆိုပါကလည်း ပြီးခဲ့သည့်နှစ်ထက် သုည ဒသမ ၅ ရာခိုင်နှုန်းကျဆင်းကာ ကမ္ဘာ့ကုန်သွယ်မှုတိုးတက်မှုသည် ၁ ဒသမ၉ ရာခိုင်နှုန်းသာ ရှိမည်ဖြစ်ကြောင်း၊ AI အသုံးပြုထုတ်ကုန် ကုန်သွယ်မှုဆက်လက်တိုးမြင့်ပါက သုည ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းမှု ရှိမည်မဟုတ်ကြောင်း၊ ပဋိပက္ခကြာရှည်နေပါက နိုင်ငံတကာသယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာမှုအပေါ် သက်ရောက်မှုကြောင့် ဝန်ဆောင်မှုကုန်သွယ်ရေးသည် သုည ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းနိုင်ကြောင်း၊ အကယ်၍ ပဋိပက္ခသည် တိုတောင်းပြီး AI နှင့်ပတ်သက်သည့်ကုန်သွယ်မှု အားကောင်းနေပါက ၂၀၂၆ ခုနှစ် ကုန်သွယ်ရေးခန့်မှန်းချက်သည် ပြောင်းပြန်ဖြစ်နိုင်ကြောင်း သိရသည်။

**ဟော်မုဇ်ရေလက်ကြားပိတ်ဆို့မှုကထောက်ပံ့ပို့ဆောင်ရေးကိုလျော့ကျစေပြီးဓာတ်မြေသြဇာဈေးများတက်နိုင်**

ဟော်မုဇ်ရေလက်ကြားသည် အီရန်၊ ဘာရိန်း၊ ကာတာ၊ ဆော်ဒီအာရေဗျစသည့် ပင်လယ်ကွေ့ဒေသနိုင်ငံများမှ စွမ်းအင်နှင့် ယူရီးယား၊ အမိုးနီးယားအပါအဝင် ဓာတ်မြေသြဇာအမြောက်အမြားကို သယ်ယူပို့ဆောင်ရာနေရာဖြစ်သည်။ ကမ္ဘာ့ပေါ်ရှိထောက်ပံ့မှု၏ သုံးပုံတစ်ပုံခန့်သည် ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းသွားလာရာ ၎င်းကိုပိတ်ဆို့ခြင်းကြောင့် ရေနံစီးဆင်းမှုကိုလျော့ကျရုံသာမက ဓာတ်မြေသြဇာကုန်ကျစရိတ်ကိုမြင့်တင်ပေးခြင်း၊ ယခင်ရှိပြီးသား ပို့ကုန်ကန့်သတ်ချက်များနှင့် အတူ စားသောက်ကုန်စနစ်အပေါ် ရိုက်ခတ်နိုင်ခြင်းတို့ကြောင့် ကမ္ဘာ့စီးပွားရေးတွင် ရေတိုနှင့်ရေရှည်အတွက် ဖိအားများ တိုးမြင့်လာသည်ဟုအစီရင်ခံစာတွင်ဖော်ပြထားသည်။

WTO ညွှန်ကြားရေးမှူးချုပ် Ngozi Okonjo-Iweala က ယခုအစီရင်ခံစာတွင် နည်းပညာမြင့် ထုတ်ကုန်များ ကုန်သွယ်မှု၊ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဝန်ဆောင်မှုများ၊ ထောက်ပံ့ရေးကွင်းဆက်များ၏ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်း၊ အခွန်စည်းကြပ်မှုအပေါ် လက်တုံ့ပြန်ရန် ရှောင်ရှားခြင်းတို့ကို တွေ့မြင်ရကြောင်း၊ အရှေ့အလယ်ပိုင်း ပဋိပက္ခများကြောင့်

စွမ်းအင်ဈေးနှုန်းများ ဆက်တိုက်မြင့်မားကာ စားနပ်ရိက္ခာဖူလုံမှုအတွက် စိန်ခေါ်မှုများ၊ စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ကုန်ကျစရိတ်များ တိုးလာနိုင်သည့် ဖိအားများရှိပါကြောင်း၊ သို့သော် WTO အဖွဲ့ဝင်များအနေဖြင့် ကုန်သွယ်မှုမူဝါဒများ ကြိုတင်ခန့်မှန်းနိုင်စေခြင်း၊ ထောက်ပံ့မှုကွင်းဆက် ခံနိုင်ရည်အား အားကောင်းစေခြင်းဖြင့် ကမ္ဘာတစ်ဝန်းရှိ လူများအပေါ် စီးပွားရေးဝန်ထုပ်ဝန်ပိုးကို လျော့ပါးသက်သာစေနိုင်ပါကြောင်း အစီရင်ခံစာကို ကိုးကား၍ ထပ်လောင်းပြောကြားခဲ့သည်။ရင်းမြစ်။https://www.aa.com.tr/en/economy/, Source: https://commerce.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_26032026%201215

## ကုန်သွယ်မှုအခြေအနေ,

## ကုန်စည်ဈေးနှုန်းများ

### ၂၀၂၆၊ မတ်လအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)( ၃၁. ၃. ၂၀၂၆ ) ထိ

| မြို့နယ် | ရေ၀တီ ပေါ်ဆန်း(အဟောင်း) | ရေ၀တီ ပေါ်ဆန်း(အသစ်) |
|---|---|---|
| ဖျာပုံ | 125000-135000 | 115000-125000 |
| မြောင်းမြ | 145000-152000 | 115000-125000 |
| ဒေးဒရဲ | 125000-135000 | 115000-125000 |
| ဝါးခယ်မ | 125000-135000 | 115000-125000 |
| ဘိုကလေး | 125000-135000 | 115000-125000 |
| မော်လမြိုင်ကျွန်း | 125000-135000 | 115000-125000 |
| လပွတ္တာ | 125000-135000 | 115000-125000 |
| ကျိုက်လတ် | 125000-135000 | 115000-125000 |
| ဘုရင့်နောင် | | 165000-175000(ရွှေဘိုပေါ်ဆန်း-အသစ်) |

**Source: MRF**

### ၂၀၂၆၊ မတ်လ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 3.3.2026 | 1800-2200 | 1750-2150 | 1700-2100 | 1650-2050 | 1600-2000 |
| 2 | 9.3.2026 | 1800-2200 | 1750-2150 | 1700-2100 | 1650-2050 | 1600-2000 |
| 3 | 16.3.2026 | 1800-2200 | 1750-2150 | 1700-2100 | 1650-2050 | 1600-2000 |
| 4 | 23.3.2026 | 1750-2150 | 1700-2100 | 1650-2050 | 1600-2000 | 1550-1950 |
| 5 | 30.3.2026 | 1800-2200 | 1750-2150 | 1700-2100 | 1650-2050 | 1600-2000 |

Source: MRPPA

## ၂၀၂၆၊ မတ်လအတွင်း နေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(အသစ်) | | | ခွဲနီ(ရှယ်) | | | ညှော့်မထ 15% အကြမ်း | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 3.3.2026 | 110000 | 105000 | 100000 | 80000 | 75000 | 73000 | 52000 | 515000 | 51000 | 52000 | 51000 | 50000 |
| 2 | 4.3.2026 | 110000 | 105000 | 100000 | 80000 | 75000 | 73000 | 52000 | 515000 | 51000 | 52000 | 51000 | 50000 |
| 3 | 5.3.2026 | 110000 | 105000 | 100000 | 80000 | 75000 | 73000 | 52000 | 515000 | 51000 | 52000 | 51000 | 50000 |
| 4 | 6.3.2026 | 110000 | 105000 | 100000 | 80000 | 75000 | 73000 | 52000 | 515000 | 51000 | 52000 | 51000 | 50000 |
| 5 | 9.3.2026 | 115000 | 110000 | 105000 | 80000 | 78000 | 75000 | 52000 | 515000 | 51000 | 52000 | 51500 | 51000 |
| 6 | 10.3.2026 | 115000 | 110000 | 105000 | 80000 | 78000 | 75000 | 52000 | 515000 | 51000 | 52000 | 51500 | 51000 |
| 7 | 11.3.2026 | 115000 | 110000 | 105000 | 80000 | 78000 | 75000 | 52000 | 515000 | 51000 | 52000 | 51500 | 51000 |
| 8 | 12.3.2026 | 115000 | 110000 | 105000 | 80000 | 78000 | 75000 | 52000 | 515000 | 51000 | 52000 | 51500 | 51000 |
| 9 | 13.3.2026 | 115000 | 110000 | 105000 | 80000 | 78000 | 75000 | 52000 | 515000 | 51000 | 52000 | 51500 | 51000 |
| 10 | 16.3.2026 | 120000 | 115000 | 110000 | 85000 | 82000 | 81000 | 52000 | 515000 | 51000 | 52000 | 51500 | 51000 |
| 11 | 17.3.2026 | 120000 | 115000 | 110000 | 85000 | 82000 | 81000 | 52000 | 515000 | 51000 | 52000 | 51500 | 51000 |
| 12 | 18.3.2026 | 120000 | 115000 | 110000 | 85000 | 82000 | 81000 | 52000 | 515000 | 51000 | 52000 | 51500 | 51000 |
| 13 | 19.3.2026 | 120000 | 115000 | 110000 | 85000 | 82000 | 81000 | 52000 | 515000 | 51000 | 52000 | 51500 | 51000 |
| 14 | 20.3.2026 | 120000 | 115000 | 110000 | 85000 | 82000 | 81000 | 52000 | 515000 | 51000 | 52000 | 51500 | 51000 |
| 15 | 23.3.2026 | 120000 | 115000 | 110000 | 85000 | 82000 | 81000 | 52000 | 515000 | 51000 | 52000 | 51500 | 51000 |
| 16 | 24.3.2026 | 125000 | 120000 | 115000 | 95000 | 92000 | 90000 | 52500 | 52000 | 51500 | 52500 | 52000 | 51500 |
| 17 | 25.3.2026 | 125000 | 120000 | 115000 | 95000 | 92000 | 90000 | 52500 | 52000 | 51500 | 52500 | 52000 | 51500 |
| 18 | 26.3.2026 | 125000 | 120000 | 115000 | 95000 | 92000 | 90000 | 52500 | 52000 | 51500 | 52500 | 52000 | 51500 |
| 19 | 30.3.2026 | 130000 | 125000 | 120000 | 98000 | 95000 | 93000 | 54000 | 53000 | 52500 | 54000 | 53000 | 52500 |
| 20 | 31.3.2026 | 130000 | 125000 | 120000 | 98000 | 95000 | 93000 | 54000 | 53000 | 52500 | 54000 | 53000 | 52500 |

Source: Myanmar Rice

## ၂၀၂၆၊ မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 3.3.2026 | 2100.0 | 66.39 | 304.40 | 1644.61 | 22.80 | 1333.33 |
| 2 | 4.3.2026 | 2100.0 | 66.57 | 303.83 | 1644.16 | 22.76 | 1334.82 |
| 3 | 5.3.2026 | 2100.0 | 66.36 | 304.53 | 1644.61 | 22.92 | 1337.11 |
| 4 | 6.3.2026 | 2100.0 | 66.11 | 304.42 | 1643.77 | 22.91 | 1333.21 |
| 5 | 9.3.2026 | 2100.0 | 65.34 | 303.52 | 1637.62 | 22.75 | 1323.88 |
| 6 | 10.3.2026 | 2100.0 | 66.37 | 305.47 | 1650.42 | 22.86 | 1332.11 |
| 7 | 11.3.2026 | 2100.0 | 66.27 | 305.57 | 1649.26 | 22.82 | 1325.55 |
| 8 | 12.3.2026 | 2100.0 | 66.13 | 305.52 | 1647.70 | 22.81 | 1323.17 |
| 9 | 13.3.2026 | 2100.0 | 65.09 | 304.51 | 1640.05 | 22.72 | 1317.94 |
| 10 | 16.3.2026 | 2100.0 | 64.54 | 304.49 | 1639.86 | 22.72 | 1317.98 |
| 11 | 17.3.2026 | 2100.0 | 64.78 | 304.90 | 1642.23 | 22.72 | 1318.60 |
| 12 | 18.3.2026 | 2100.0 | 64.96 | 305.40 | 1644.80 | 22.71 | 1322.63 |
| 13 | 19.3.2026 | 2100.0 | 64.01 | 304.23 | 1636.21 | 22.51 | 1318.55 |
| 14 | 20.3.2026 | 2100.0 | 64.37 | 305.11 | 1642.61 | 22.48 | 1325.97 |
| 15 | 23.3.2026 | 2100.0 | 63.71 | 304.05 | 1636.47 | 22.37 | 1317.36 |
| 16 | 24.3.2026 | 2100.0 | 64.48 | 305.02 | 1643.51 | 22.39 | 1324.17 |
| 17 | 25.3.2026 | 2100.0 | 64.43 | 304.51 | 1642.61 | 22.34 | 1322.79 |
| 18 | 26.3.2026 | 2100.0 | 64.01 | 304.13 | 1636.41 | 22.31 | 1316.99 |
| 19 | 30.3.2026 | 2100.0 | 63.90 | 303.85 | 1628.73 | 22.17 | 1315.83 |
| 20 | 31.3.2026 | 2100.0 | 93.79 | 304.05 | 1627.21 | 22.32 | 1314.92 |

Source: Central Bank of Myanmar

## ၂၀၂၆၊ မတ်လ ဘုရင်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|
| | | 2026 | 2026 | (ထိပ်စ) | | |
| 1 | 3.3.2026 | 3024000 | 3145000 | 3316100 | 2578200-2633300 | 2253600 |
| 2 | 4.3.2026 | 2989000 | 3103000 | 3368100 | 2578200-2633300 | 2253600 |
| 3 | 5.3.2026 | 2970000 | 3085000 | 3368100 | 2578200-2633300 | 2253600 |
| 4 | 6.3.2026 | 2962000 | 3082000 | 3368100 | 2578200-2633300 | 2253600 |
| 5 | 9.3.2026 | 2985000 | 3101000 | 3368100 | 2578200-2633300 | 2253600 |
| 6 | 10.3.2026 | 3015000 | 3130000 | 3570200 | 2523000-2633300 | 2253600 |
| 7 | 11.3.2026 | 3016000 | 3118000 | 3570200 | 2523000-2633300 | 2253600 |
| 8 | 12.3.2026 | 3058000 | 3145000 | 3570200 | 2523000-2633300 | 2253600 |
| 9 | 13.3.2026 | 3060000 | 3132000 | 3570200 | 2523000-2633300 | 2253600 |
| 10 | 16.3.2026 | 3129000 | 3140000 | 3570200 | 2578200-2685300 | 2253600 |
| 11 | 17.3.2026 | 3101000 | 3105000 | 3570200 | 2523000-2633300 | 2253600 |
| 12 | 18.3.2026 | 3093000 | 3070000 | 3674300 | 2523000-2633300 | 2253600 |
| 13 | 19.3.2026 | 3113000 | 3100000 | 3674300 | 2523000-2633300 | 2253600 |
| 14 | 20.3.2026 | 3115000 | 3086000 | 3674300 | 2685300-2795600 | 2253600 |
| 15 | 23.3.2026 | 3086000 | 3012000 | 3674300 | 2685300-2795600 | 2253600 |
| 16 | 24.3.2026 | 3087000 | 3020000 | 3775400 | 2685300-2795600 | 2685300 |
| 17 | 25.3.2026 | 3085000 | 3010000 | 3775400 | 2685300-2795600 | 2685300 |
| 18 | 26.3.2026 | 3082000 | 3005000 | 3775400 | 2685300-2795600 | 2685300 |
| 19 | 30.3.2026 | 3087000 | 3100000 | 3775400 | 2685300-2795600 | 2685300 |
| 20 | 31.3.2026 | 3080000 | 3081000 | 3928500 | 2685300-2795600 | 2685300 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၆၊ မတ်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး (ရွှေကျွန်း) | ပဲလွန်းဖြူ (မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 3.3.2026 | 4605200-4715400 | 2314800-2327100 | 1938200-2278100 | 4234700-4286700 | 930800-943100 |
| 2 | 4.3.2026 | 4605200-4715400 | 2314800-2327100 | 1938200-2278100 | 4234700-4286700 | 924700-937000 |
| 3 | 5.3.2026 | 4605200-4715400 | 2314800-2327100 | 1938200-2247500 | 4234700-4286700 | 924700-937000 |
| 4 | 6.3.2026 | 4605200-4715400 | 2296500-2317900 | 1938200-2216900 | 4234700-4286700 | 924700-937000 |
| 5 | 9.3.2026 | 4605200-4715400 | 2296500-2317900 | 1938200-2195400 | 4234700-4286700 | 924700-937000 |
| 6 | 10.3.2026 | 5092000-5150200 | 2296500-2317900 | 2091300-2195400 | 4234700-4286700 | 924700-937000 |
| 7 | 11.3.2026 | 5092000-5150200 | 2296500-2317900 | 2091300-2195400 | 4234700-4286700 | 924700-937000 |
| 8 | 12.3.2026 | 5092000-5150200 | 2296500-2317900 | 2091300-2195400 | 4234700-4286700 | 924700-937000 |
| 9 | 13.3.2026 | 4874600-5095100 | 2296500-2317900 | 2091300-2143400 | 4234700-4286700 | 924700-937000 |
| 10 | 16.3.2026 | 4984900-5095100 | 2345500-2400600 | 2091300-2247500 | 4286700-4390800 | 924700-937000 |
| 11 | 17.3.2026 | 4984900-5095100 | 2376100-2400600 | 2091300-2296500 | 4286700-4390800 | 924700-937000 |
| 12 | 18.3.2026 | 4984900-5095100 | 2376100-2400600 | 2091300-2296500 | 4286700-4491900 | 924700-937000 |
| 13 | 19.3.2026 | 5416600-5637000 | 2376100-2400600 | 2091300-2348500 | 4387800-4592900 | 924700-937000 |
| 14 | 20.3.2026 | 5634000-5747300 | 2376100-2400600 | 2143400-2296500 | 4593000-4697000 | 924700-937000 |
| 15 | 23.3.2026 | 5634000-5747300 | 2376100-2400600 | 2244400-2348500 | 4595900-4899100 | 924700-937000 |
| 16 | 24.3.2026 | 5526800-563700 | 2376100-2431200 | 2244400-2296500 | 4595900-4899100 | 949200-961500 |
| 17 | 25.3.2026 | 5634000-5747300 | 2376100-2431200 | 2244400-2296500 | 4595900-5104300 | 949200-961500 |
| 18 | 26.3.2026 | 5416600-5529900 | 2376100-2431200 | 2244400-2296500 | 4694000-5104300 | 949200-961500 |
| 19 | 30.3.2026 | 5202300-5419700 | 2376100-2431200 | 2244400-2296500 | 4694000-5104300 | 949200-961500 |
| 20 | 31.3.2026 | 5202300-5419700 | 2376100-2431200 | 2244400-2296500 | 4694000-5104300 | 979800-992100 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၆၊ မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ (မတန်/ဒေါ်လာ)

| ပဲအမျိုးအစား | | 3.3.2026 to 6.3.2026 | 9.3.2026 to 13.3.2026 | 16.3.2026 to 20.3 .2026 | 23.3.2026 to 26.3.2026 | 30.3.2026 to 31.3.2026 |
|---|---|---|---|---|---|---|
| မတ်ပဲ (2025-26 Crop) | FAQ | 800-810 | 790-800 | 815-825 | 800-810 | 790-800 |
| | SQ | 900-910 | 890-900 | 910-920 | 900-910 | 885-895 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 905-925 | 895-915 | 915-935 | 900-920 | 890-910 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1005-1025 | 995-1015 | 1015-1035 | 1000-1020 | 990-1010 |
| | အခွံပါအခြမ်း | 905-925 | 895-915 | 915-935 | 900-620 | 890-910 |
| ပဲတီစိမ်း (2025-26 Crop) | FAQ (အညာ) | 840-850 | 860-870 | 870-880 | 880-890 | 900-910 |
| | FAQ (ရွှေဝါ) | 940-950 | 960-990 | 970-980 | 980-990 | 1000-1010 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 990-1000 | 1010-1020 | 1020-1030 | 1030-1040 | 1050-1060 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 960-970 | 980-990 | 990-1000 | 1000-1010 | 1020-1030 |
| | ရွှေဝါအသေး (Under 3.5 mm) | 880-890 | 880-890 | 890-900 | 900-910 | 920-930 |
| ပဲတီစိမ်း (2025-26 Crop) | FAQ ပဲနောက် | 850-860 | 870-880 | 890-900 | 900-910 | 900-910 |
| | SQ ပဲနောက် | 1200-1210 | 1200-1210 | 1200-1210 | 1220-1230 | 1240-1250 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 1035-1055 | 1055-1075 | 1065-1085 | 1065-1085 | 1065-1085 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 940-960 | 960-980 | 970-990 | 970-990 | 970-990 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 890-910 | 910-930 | 920-940 | 920-940 | 920-940 |
| ပဲစင်းငုံ(2025 -26 Crop) | အနီ | 830-840 | 830-840 | 830-840 | 800-810 | 780-790 |
| ပဲစင်းငုံ(2024 -25 Crop) | အနီ | 810-820 | 810-820 | 810-820 | 780-790 | 760-770 |
| ပဲစင်းငုံ (2024-25 Crop) | အဖြူ(စစ်ကိုင်း) | 770-780 | 770-780 | 770-780 | 740-750 | 720-730 |
| | အခွံချွတ်အခြမ်း | 1100-1120 | 1100-1120 | 1100-1120 | 1070-1090 | 1050-1070 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 690-700 | 690-700 | 680-690 | 680-690 | 680-690 |
| | အခွံချွတ်အခြမ်း | 960-980 | 960-980 | 950-970 | 950-970 | 950-970 |
| ပဲလွန်းဖြူ | FAQ | 650-660 | 650-660 | 640-650 | 640-650 | 640-650 |
| | SQ | 750-760 | 750-760 | 740-750 | 740-750 | 740-750 |
| | အခွံချွတ်အခြမ်း | 790-810 | 790-810 | 780-800 | 780-800 | 780-800 |
| ပဲလွန်းနီ | FAQ | 680-690 | 680-690 | 680-690 | 680-690 | 680-690 |
| ပဲထောပတ် | FAQ | 660-670 | 660-670 | 650-660 | 680-690 | 710-720 |
| | အခွံချွတ်အခြမ်း | 690-710 | 690-710 | 680-700 | 710-730 | 740-760 |
| ပြောင်းဆန် | | 245-255 | 245-255 | 245-255 | 250-260 | 250-260 |
| နှမ်းဖြူ | | 1255-1265 | 1275-1285 | 1275-1285 | 1325-1335 | 1375-1385 |
| နှမ်းနက်(စမုန်) | | 2675-2685 | 2675-2685 | 2655-2665 | 2635-2645 | 2615-2625 |
| နှမ်းညို | | 1180-1190 | 1210-1220 | 1210-1220 | 1260-1270 | 1290-1300 |
| နှမ်းနက်(ရိုးရိုး) | | 2555-2565 | 2555-2565 | 2535-2545 | 2500-2510 | 2500-2510 |
| မြေထောက်ပဲ(အနီ)FAQ | | 785-795 | 805-815 | 805-815 | 825-835 | 845-855 |
| မြေထောက်ပဲ(အနီ)SQ | | 895-905 | 915-925 | 905-615 | 925-935 | 925-935 |
| မြေထောက်ပဲ(အဖြူ) | | 895-905 | 915-925 | 905-915 | 925-935 | 925-935 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 785-795 | 805-815 | 805-815 | 805-815 | 845-855 |
| ပဲယင်း(ဝါ) | | 620-630 | 620-630 | 650-660 | 660-670 | 670-680 |
| ပဲယင်း(နီ) | | 620-630 | 620-630 | 650-660 | 680-690 | 710-720 |
| ပဲကြီး | | 1175-1185 | 1205-1215 | 1205-1215 | 1255-1265 | 1255-1265 |
| ပဲကြီးအခွံချွတ်အခြမ်း | | 1295-1315 | 1325-1345 | 1325-1345 | 1375-1395 | 1375-1395 |
| Adzuki/Mung Beans (Red)/ Small Red Beans | | 1030-1040 | 1030-1040 | 1030-1040 | 1030-1040 | 1030-1040 |
| စွန်တာနီ/ပြာ | | 855-865 | 855-865 | 855-865 | 855-865 | 855-865 |
| မြေပဲ (လုံးဆန်) | | 1555-1565 | 1655-1665 | 1655-1665 | 1755-1765 | 1805-1815 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၆၊ မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN)(ဒေါ်လာ/ မက်တန်)

| စဉ် | အမျိုးအစား | 4.3.2026 to 10.3.2026 | 11.3.2026 to 17.3.2026 | 18.3.2026 to 24.3.2026 | 25.3.2026 to 31.3.2026 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 100 % (Super 100 %) | 335-345 | 335-345 | 335-345 | 335-345 |
| 2 | Myanmar Long Grain White Rice 100 % (Extra Well Milled) | 335-345 | 335-345 | 335-345 | 335-345 |
| 3 | Myanmar Long Grain White Rice 10% Broken (90 days) | 345-350 | | | |
| 4 | Myanmar Long Grain White Rice 10% Broken (Special Emata 90 days) | | 420-430 | 420-430 | 420-430 |
| 5 | Myanmar Long Grain White Rice (Emata) 3% Broken (Well Milled Double Polished Sortexed) | 340-345 | 340-345 | 340-345 | 340-345 |
| 6 | Myanmar Long Grain White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | 325-335 | 325-335 | 325-335 | 315-335 |
| 7 | Myanmar Long Grain White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 310-325 |
| 8 | Myanmar Long Grain White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | 315-320 | 315-320 | 315-320 | 305-320 |
| 9 | Myanmar Long Grain White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | 295-305 | 295-305 | 295-305 | 285-305 |
| 10 | Myanmar White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | 325-335 | 325-335 | 325-335 | 325-335 |
| 11 | Myanmar White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 |
| 12 | Myanmar White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | 315-320 | 315-320 | 315-320 | 315-320 |
| 13 | Myanmar White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | 295-305 | 295-305 | 295-305 | 295-305 |
| 14 | Myanmar White Rice 5% Broken (747) (Well Milled Double Polished Sortexed) | 335-345 | 335-345 | 335-345 | 335-345 |
| 15 | Myanmar White Rice 10% Broken (747) (Well Milled Double Polished Sortexed) | 330-335 | 330-335 | 330-335 | 330-335 |
| 16 | Myanmar White Rice 15% Broken (747) (Well Milled Double Polished Sortexed) | 325-330 | 325-330 | 325-330 | 325-330 |
| 17 | Myanmar Long Grain White Rice(Emata) 5% Broken (Well Milled & Sortexed) | 325-335 | 325-335 | 325-335 | 325-335 |
| 18 | Myanmar Long Grain White Rice(Emata) 10% Broken (Well Milled & Sortexed) | 320-325 | 320-325 | 320-325 | 320-325 |
| 19 | Myanmar Long Grain White Rice(Emata) 15% Broken (Well Milled & Sortexed) | 315-320 | 315-320 | 315-320 | 315-320 |
| 20 | Myanmar Long Grain White Rice(Emata) 25% Broken (Well Milled & Sortexed) | 295-305 | 295-305 | 295-305 | 295-305 |
| 21 | Myanmar Long Grain White Rice(Emata) 5% Broken (Reasonable Well Milled) | 305-315 | 305-315 | 305-315 | 305-315 |
| 22 | Myanmar Long Grain White Rice(Emata) 10% Broken (Reasonable Well Milled) | 295-305 | 295-305 | 295-305 | 295-305 |
| 23 | Myanmar Long Grain White Rice(Emata) 15% Broken (Reasonable Well Milled) | 285-295 | 285-295 | 285-295 | 285-295 |
| 24 | Myanmar Long Grain White Rice(Emata) 25% Broken (Reasonable Well Milled) | 275-285 | 275-285 | 275-285 | 275-285 |
| 25 | Myanmar Long Grain White Rice (GW-11) 5% Broken (Well Milled Double Polished Sortexed) | 325-335 | 325-335 | 325-335 | 325-335 |
| 26 | Myanmar Long Grain White Rice (GW-11) 10% Broken (Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 |
| 27 | Myanmar Long Grain White Rice (GW-11) 25% Broken (Well Milled Double Polished Sortexed) | 305-315 | 305-315 | 305-315 | 305-315 |
| 28 | Myanmar White Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 325-335 | 325-335 | 325-335 | 325-335 |
| 29 | Myanmar White Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 325-330 | 325-330 | 325-330 | 325-330 |
| 30 | Myanmar White Rice (Kayinma)15% Broken (Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 |
| 31 | Myanmar White Rice (Kayinma)25% Broken (Well Milled Double Polished Sortexed) | 315-320 | 315-320 | 315-320 | 315-320 |
| 32 | Myanmar White Rice (Sin Thu Kha)5% Broken (Well Milled Double Polished Sortexed) | 330-335 | 330-335 | 330-335 | 330-335 |
| 33 | Myanmar White Rice (Sin Thu Kha)10% Broken (Well Milled Double Polished Sortexed) | 315-320 | 315-320 | 315-320 | 315-320 |
| 34 | Myanmar White Rice (Sin Thu Kha)15% Broken (Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 |
| 35 | Myanmar White Rice (Sin Thu Kha)25% Broken (Well Milled Double Polished Sortexed) | 305-315 | 305-315 | 305-315 | 305-315 |
| 36 | Myanmar White Rice (Thee Pu)5% Broken (Well Milled Double Polished Sortexed) | 315-325 | 315-325 | 315-325 | 315-325 |
| 37 | Myanmar White Rice (Thee Pu)10% Broken (Well Milled Double Polished Sortexed) | 305-315 | 305-315 | 305-315 | 305-315 |
| 38 | Myanmar White Rice (Thee Pu)15% Broken (Well Milled Double Polished Sortexed) | 300-305 | 300-305 | 300-305 | 300-305 |
| 39 | Myanmar White Rice (Thee Pu)25% Broken (Well Milled Double Polished Sortexed) | 295-300 | 295-300 | 295-300 | 295-300 |
| 40 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 330-335 | 330-335 | 330-335 | 330-335 |
| 41 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 325-330 | 325-330 | 325-330 | 325-330 |
| 42 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 |
| 43 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 315-320 | 315-320 | 315-320 | 315-320 |
| 44 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Reasonable Well - Milled) | 305-310 | 305-310 | 305-310 | 305-310 |
| 45 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Reasonable Well - Milled) | 285-295 | 285-295 | 285-295 | 285-295 |
| 46 | Myanmar Long Grain Fragrant Rice 5% Broken (Well Milled Double Polished Sortexed) | 455-465 | 455-465 | 455-465 | 455-465 |
| 47 | Myanmar White Rice Tun Pu (or)Bike Phyu 5% Broken(Well Milled Double Polished Sortexed) | 335-340 | 335-340 | 335-340 | 335-340 |
| 48 | Myanmar White Rice Tun Pu (or)Bike Phyu 10% Broken(Well Milled Double Polished Sortexed) | 325-335 | 325-335 | 325-335 | 325-335 |
| 49 | Myanmar White Rice Tun Pu (or)Bike Phyu 15% Broken(Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 |
| 50 | Myanmar White Rice Tun Pu (or)Bike Phyu 25% Broken(Well Milled Double Polished Sortexed) | 310-315 | 310-315 | 310-315 | 310-315 |
| 51 | Myanmar Parboiled Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 445-455 | 445-455 | 445-455 | 445-455 |
| 52 | Myanmar Parboiled Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 435-445 | 435-445 | 435-445 | 435-445 |
| 53 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 445-455 | 445-455 | 445-455 | 435-455 |
| 54 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 435-445 | 435-445 | 435-445 | 425-445 |
| 55 | Myanmar Glutinous Rice 5% Broken (Well Milled) | 495-505 | 495-505 | 495-505 | 495-505 |
| 56 | Myanmar Glutinous Rice 10% Broken (Well Milled) | 485-495 | 485-495 | 485-495 | 485-495 |
| 57 | Myanmar Glutinous Rice 15% Broken (Well Milled) | 475-485 | 475-485 | 475-485 | 475-485 |
| 58 | Myanmar Glutinous Rice 25% Broken (Well Milled) | 465-475 | 465-475 | 465-475 | 465-475 |
| 59 | Myanmar Glutinous Rice 10% Broken (Reasonable Well Milled) | 460-470 | 460-470 | 460-470 | 460-470 |
| 60 | Myanmar Glutinous Rice 25% Broken (Reasonable Well Milled) | 445-455 | 445-455 | 445-455 | 445-455 |
| 61 | Myanmar Brown Rice 5% Broken | 315-325 | 315-325 | 315-325 | 315-325 |
| 62 | Myanmar Brown Rice 10% Broken | 310-315 | 310-315 | 310-315 | 310-315 |

Source: MRF

## ၂၀၂၆၊ မတ်လအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 3.3.2026 | 72.51 | 79.44 | 241.23 | 3.00 | 303.21 |
| 2 | 4.3.2026 | 74.87 | 82.07 | 246.02 | 30.04 | 321.54 |
| 3 | 5.3.2026 | 77.21 | 83.84 | 262.32 | 2.98 | 351.60 |
| 4 | 6.3.2026 | 79.91 | 84.46 | 260.68 | 2.98 | 342.88 |
| 5 | 9.3.2026 | 114.73 | 114.75 | 314.11 | 3.40 | 432.82 |
| 6 | 10.3.2026 | 88.86 | 92.73 | 272.46 | 3.12 | 344.88 |
| 7 | 11.3.2026 | 83.63 | 87.61 | 265.67 | 3.03 | 338.03 |
| 8 | 12.3.2026 | 95.27 | 101.29 | 295.05 | 3.28 | 395.62 |
| 9 | 13.3.2026 | 95.91 | 100.79 | 294.76 | 3.25 | 387.53 |
| 10 | 16.3.2026 | 98.86 | 104.24 | 307.06 | 3.11 | 402.92 |
| 11 | 17.3.2026 | 96.12 | 102.96 | 306.84 | 3.02 | 397.66 |
| 12 | 18.3.2026 | 93.11 | 100.97 | 309.11 | 2.94 | 394.87 |
| 13 | 19.3.2026 | 97.38 | 113.10 | 320.98 | 3.16 | 444.72 |
| 14 | 20.3.2026 | 93.79 | 107.05 | 311.47 | 3.13 | 427.91 |
| 15 | 23.3.2026 | 99.09 | 112.92 | 333.18 | 3.07 | 465.42 |
| 16 | 24.3.2026 | 91.41 | 103.78 | 310.10 | 2.93 | 430.60 |
| 17 | 25.3.2026 | 88.74 | 99.47 | 301.33 | 2.88 | 411.07 |
| 18 | 26.3.2026 | 91.76 | 103.95 | 304.08 | 2.96 | 404.51 |
| 19 | 30.3.2026 | 101.28 | 114.95 | 333.08 | 2.95 | 459.25 |
| 20 | 31.3.2026 | 102.68 | 107.03 | 325.97 | 2.85 | 423.90 |

Source: Bullionberg Commodities

## ၂၀၂၆၊ မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 3.3.2026 | 5370 | 5383 |
| 2 | 4.3.2026 | 5170 | 5180 |
| 3 | 5.3.2026 | 5195 | 5204 |
| 4 | 6.3.2026 | 5142 | 5151 |
| 5 | 9.3.2026 | 5150 | 5171 |
| 6 | 10.3.2026 | 5169 | 5178 |
| 7 | 11.3.2026 | 5215 | 5224 |
| 8 | 12.3.2026 | 5158 | 5169 |
| 9 | 13.3.2026 | 5114 | 5126 |
| 10 | 16.3.2026 | 5024 | 5033 |
| 11 | 17.3.2026 | 5035 | 5044 |
| 12 | 18.3.2026 | 4997 | 5006 |
| 13 | 19.3.2026 | 4823 | 4833 |
| 14 | 20.3.2026 | 4720 | 4749 |
| 15 | 23.3.2026 | 4351 | 4358 |
| 16 | 24.3.2026 | 4348 | 4357 |
| 17 | 25.3.2026 | 4749 | 4977 |
| 18 | 26.3.2026 | 4525 | 1533 |
| 19 | 30.3.2026 | 4512 | 4520 |
| 20 | 31.3.2026 | 4562 | 4570 |

Source: Bullionvault,